သီတာဂူလရောင်ဓား



စာမူခွင့်ပြုချက်အမှတ် ၆၈၆/၉၉(၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၄၃/၉၉(၈)

ပထမအကြိမ်
၁၉၉၉-ခုနှစ်၊
ဒီဇင်ဘာလ၊
အုပ်ရေ-၈၀၀
တန်ဖိုး-နှစ်ရာကျပ်တိတိ

ဖြန့်ချိရေး

**နွေမိုးဆောင်းစာပေ**
အမှတ် ၇၂၊ ၆-လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

ထုတ်ဝေသူ

ဦးတင်အုန်း၊ (မြ-၀၉၄၃)
မိုးမင်းစာပေ၊
အမှတ် ၉၃၊ ရိပ်သာလမ်း၊ လေးထောင့်ကန်၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဦးတက်ထွန်း (၀၂၂၇၄)
ရွှေတော်ဝင်ပုံနှိပ်တိုက်၊
အမှတ် ၉၂၊ ၂၈-လမ်း၊ ရန်ကုန်မြို့၊

မျက်နှာဖုံးရိုက်

ဦးမြသိန်း (၀၁၄၂၇)
သိန်းမြင့်ဝင်း ပုံနှိပ်တိုက်၊
အမှတ် ၉၆၊ ၁၁-လမ်း၊ ရန်ကုန်မြို့၊

## ကျားခုနစ်ကောင်သိုင်းသင်တန်းကျောင်း

ယင်း သိုင်းသင်တန်းကျောင်းသည် ဖန်ကူးမြို့တွင် နာမည်ကျော်ကြားလျက်ရှိသော သိုင်းသင်တန်းကျောင်းတစ်ခုဖြစ်၏။ ထိုကျားခုနစ်ကောင်သိုင်းသင်တန်း နာမည်ကျော်ကြားရသည့်အကြောင်းမှာ ယင်းသင်တန်းကျောင်းမှထွက်ပေါ်လာသည့် သိုင်းသမားများ သိုင်းလောကတွင် နာမည်ကောင်းများဖြင့် ထင်ပေါ်ကျော်ကြားလာရသောကြောင့်ဖြစ်သည်။

ထိုသို့ ကျားခုနစ်ကောင်သိုင်းသင်တန်းမှ သိုင်းသမားကောင်းများ ထွက်ပေါ်လာရသည်မှာလည်း ယင်း သိုင်းသင်
17 တန်းကျောင်းကိုအုပ်ချုပ်သော သိုင်းသင်တန်းကျောင်းအုပ်

ကြီးမှာ သင်တန်းသားများ ပေါ် ကျောသား ရင်သား မွဲ
ပြားတဲ့ စည်းကမ်းစံနစ်ကြီးစွာဖြင့် အုပ်ချုပ်ခြင်း ထူးချွန်
ထက်မြက်သည့် သင်တန်းသားများအပေါ် ချီးမြှင့်မြှောက်
စား၍ အပြစ်ကျူးလွန်သော သင်တန်းသားများအပေါ်
ပြင်းပြင်းထန်ထန် အပြစ်ပေးဆုံးမသွန်သင်သည်။

ဆုပေးဒဏ်ပေးစံနစ်ကို သုံးစွဲမှုကြောင့် ကျားခုနစ်ကောင်
သိုင်းသင်တန်းကျောင်းမှ သိုင်းသမားကောင်းများပေါ်ထွန်း
လာရပြီး ပန်ကူးမြို့၌အခြားသိုင်းသင်တန်းကျောင်းများထက်
နာမည်ကျော်ကြား လူများလေးစားကြည်ညိုသော ကျောင်း
ကြီးတစ်ကျောင်း ဖြစ်လာရ၏။

အရှေ့ရပ်ဝန်းဆီမှ ရှုနဝန်းထွက်ပေါ်လာသည်နှင့်ပန်ကူး
မြို့ တောင်ဖက်စွန်း၌ ကွင်းပြင်ကျယ်ကြီးထဲ၌ ခိုင်ခန့်မြင့်မား
လျက်ရှိသည့် တံတိုင်းကြီးများ ပတ်ပတ်လည်ကာရံထားသော
ကျားခုနစ်ကောင် သိုင်းသင်တန်းကျောင်းဝန်းထဲမှ သင်တန်း
သားများ၏သိုင်းလေ့ကျင့်မှု အားယူမာန်တင်းသံများ ကျယ်
ကျယ်လောင်လောင် ကြီးစိုးမင်းမူလျက် ရှိနေသည်၊

'ယား....ယား.... ယား'

'ဝိုး....ဝိုး....ဝိုး'

ထိုအချိန်တွင် ကျားခုနစ်ကောင် သိုင်းသင်တန်းကျောင်း
ဝန်း၏ ဝင်ပေါက်ဝိတ်ဝဆီသို့ မြင်းစီးသမားတစ်ယောက်
စိုင်းနှင်ရောက်ရှိလာ၏။

ယင်း မြင်းစီးသမားမှာ အသက်နှစ်ဆယ်ကျော်ခန့်ရှိ လူ
ငယ်တစ်ဦးဖြစ်၏။



ယင်း လူငယ်မှာ မြင်းဖြူကြီးကို စီးနင်းလာခြင်းဖြစ်၏။

သူ့နာမည်နာမမှာ တုံယင်းဖြစ်၏။

အပြည့်အစုံပြောရလျှင် သူဌေးသားလေးတုံယင်းဖြစ်၏၊

ဟုတ်ပါသည်။

သူ၏ ဖခင်ကြီးမှာ ပန်ကူးမြို့တွင် ငွေကြေးဓနကြွယ်ဝ
ချမ်းသာသော သူကြွယ်ကြီး တုံထိုက်ချီဖြစ်သည်။

ပြောရမည်ဆိုလျှင်....

သူကြွယ်ကြီး တုံထိုက်ချီသည် တစ်ဦးတည်းသောသားဖြစ်
သူ တုံယင်းကို ငုံထားမလောက်ချစ်၏။

သို့မို့ကြောင့်လည်း သူကြွယ်ကြီး တုံထိုက်ချီမှာ သူ့သား
အား သိုင်းလောက အရှုပ်အထွေးနှင့် မပတ်သက်စေလို၍
သိုင်းပညာရပ်ကို မသင်ကြားရန်အတွက် အတင်းအကြပ်တား
မြစ်ထား၏၊ သူ့သား တုံယင်းကို စာပေပညာရပ်အပိုင်း၌
ထူးထူးချွန်ချွန်ဖြစ်အောင်သင်ကြားစေ၏။

သို့ရာတွင် တုံထိုက်ချီနှင့် သူ့သား တုံယင်းတို့မှာ ဖြစ်စေ
ချင်သည့် ဆန္ဒများ တလွဲတချော်ဖြစ်နေ၏။

အဘယ်ကြောင့်ဆိုသော် သူကြွယ်ကြီး တုံထိုက်ချီမှာ သူ့
သားအား စာပေပညာတတ်ကြီးတစ်ဦး ဖြစ်စေချင်သော်လည်း
သူ့သားမှာမူ သိုင်းအကျော်မော်တစ်ယောက် ဖြစ်ချင်သည့်
စိတ်ဓာတ်က တအားထက်သန်လျက်ရှိ၏။

ဒါကြောင့် ဖခင်စိတ်ဓာတ်နှင့် သားစိတ်ဓာတ်တို့မှာ မြဒါး တစ်လမ်း သုံးတစ်လမ်းဖြစ်နေသည်။

အခုလည်း တိုးယင်မှာ သူ့ဖခင် ၊ မသိအောင် သိုင်းပညာသင်ကြားရန်အတွက် ကျား(၇) ကောင် သိုင်းသင်တန်းသို့ ရောယ်ရှိလာခြင်းဖြစ်သည်။

တိုးယင်သည် မြင့်မားထူထပ်သော ကျွန်းတံခါးမကြီးရှေ့ရောက်သောအခါ မြင်းဖြူကြီးပေါ်မှ ခုန်ဆင်းလိုက်လေ၏။ ပြီးနောက် သူသည်ဂိတ်ဝင်ပေါက်အပေါ်ရှိ ခန့်ခန့်ညားညား ထည်ထည်ဝါဝါ တပ်ဆင်ထားသောဆိုင်းဘုတ်ကြီးကို မော့ကြည့်လိုက်သည်။

အနက်ရောင်အောက်ခံ ဆေးသုတ်ထားသော ဆိုင်းဘုတ်ကြီးအပေါ်ဝယ် ရွှေရောင် ဖောင်းကြွစာလုံးကြီးများဖြင့် ဝင့်ဝင့်ထည်ထည်ဖော်ကျူးထားသည်။

'ကျား (၇) ကောင် သိုင်းသင်တန်းကျောင်း'

ထိုရွှေရောင် ဖောင်းကြွစာလုံးကြီးကို တိုးယင်မှာ ငေးရီဖတ်ရှုရင်း သူ့ရင်မှာ လှုပ်လှုပ်ရှားရှား ခံစားလိုက်မိရလေသည်။

'အင်း....သည်ကျား (၇) ကောင် သိုင်းသင်တန်းကျောင်းကြီးမှာ သိုင်းပညာသင်ကြားရရင် သိပ်ကောင်းမှာပဲ၊ ဘာပဲဖြစ်ဖြစ် ဖေဖေမသိအောင် လျှို့ဝှက်သင်ကြားရမှာပဲ၊ ဒါမှငါ့အပေါ် သိုင်းပညာအားကိုးနဲ့ အနိုင်ကျင့်နေကြတဲ့ ကျောက်



ကြီးတို့ ညီအစ်ကိုနှစ်ယောက်ကို ပြန်နှိပ်ကွပ်နိုင်မှာ'

ယင်းသို့တိုးယင် ရင်ထဲကမကြေမချမ်းဖြစ်စွာဖြင့် တွေးတောရေရွတ်မိ၏။

ပြီးနောက် တိုးယင် သက်ပြင်းလေးကြီးတစ်ချက်ချလိုက်ပြီး မဟူရာရောင်ဖြိုး ကျွန်းတံခါးမကြီးနားသို့ ချဉ်းကပ်ရောက်ရှိသွား၏။

အနားရောက်သော ကျွန်းတံခါးကြီးပေါ်တွင် တပ်ဆင်ထားသော ကြေးခေါင်းချပ်ကို ပါးစပ်ထဲမှ သံကွင်းကြီးကို လှမ်းကိုင်ရင်း တံခါးချပ်ပေါ်သို့ အချိန်ပြင်းပြင်း သုံး လေးချက် ရိုက်ခတ်လိုက်၏။

'ဒုတ် ဒုတ် ဒုတ်'

တံခါးရိုက်ခတ်သံ ဆုံးသွားသည်နှင့် ကျွန်းတံခါးချပ်အပေါ်ရှိ ချောင်းကြည့်ပေါက် တံခါးလေး ကျွီကနဲပွင့်လာသည်။

'ကျွီ'

ချောင်းကြည့်ပေါက်ဝမှ ပြူးပြူးဖောင်းဖောင်း မျက်နှာကြီးတစ်ခု ဘွားကနဲပေါ်လာ၏၊

ကြည့်ပုံအရ ဂိတ်စောင့်ကင်းသမားကြီး ဖြစ်ဟန်တူပါ၏၊ ထိုလူကြီးက ခန့်ညားရည်မွန်သော ရုပ်သွင်ရှိ လူငယ်တစ်ဦး၏ မျက်နှာစိမ်းကို လှမ်းမြင်ရပြီး....

'ဘာကိစ္စရှိလို့လဲ ညီလေး'

လှမ်းမေးလာတော့ တိုယင်က စိတ်အားထက်သန်လျက်ရှိသော လေသံဖြင့်....

'ကျွန်...ကျွန်တော် ဒီကျောင်းမှာ သိုင်းသင်ချင်လို့ပါ'

'အော်....အေး....ဒါဆို ငါတို့ကျောင်းအုပ်ကြီးနဲ့ ဝင်တွေ့ကြည့်လိုက်လေကွာ'

'ဟုတ်...ဟုတ်ကဲ့ခင်ဗျ၊ ကျေးဇူးပါပဲ'

သည် ကျား (၇) ကောင် သိုင်းသင်တန်း ကျောင်းခန်းအတွင်းသို့ ဝင်ရောက်ရန် ခဲရာခဲဆစ်ရှိလိမ့်မည်ဟု ထင်မှတ်ခဲ့မှုအနေလို လျောလျောလျူလျူ ခွင့်ကြုံလာရသဖြင့် တိုယင်တစ်ယောက် ဖော်မပြနိုင်အောင်ပင် ဝမ်းသာအယ်လဲဖြစ်သွားသည်။

ထိုအခိုက်မှာပင်....

'ကျွိ ဒုန်း ဒုန်း'

မဟူရာရောင်ပြေး ကျွန်းတံခါးကြီး တဖြည်းဖြည်းပွင့်ဟလာလေသည်၊ ထိုအခါ တိုယင်မှာ သူ၏မြင်းဖြူကြီးကိုပါ ဆွဲငင်လျက် ကျား (၇) ကောင် သိုင်းသင်တန်းကျောင်းဝင်းထဲသို့ လှမ်းဝင်ခဲ့လေသည်။

သူ အထဲဝင်ရောက်လိုက်သည်နှင့် မျက်နှာ ပြည့်ပြည့်ဖောင်းဖောင်း ပုပုဝဝ ဂိတ်စောင့်ကင်းသမားကြီးက....

'ညီလေး မြင်းကို အစ်ကို ဆီအပ်သွားခဲ့ပါ'

ဟု ပြောဆိုလာသဖြင့် တိုယင်မှာ ကမန်းကတန်း ခေါင်းညိတ်လိုက်ပြီး...



'ခြော်....ဟုတ်.... ဟုတ်ကဲ့ခင်ဗျာ'

ဟု ဆိုကာ သူ့လက်ထဲမှ မြင်းဖြူကြီး၏ ဇက်ကြိုးကိုဂိတ်စောင့် ကင်းသမားကြီးထံ လှမ်းပေးလိုက်လေသည်။

သည်နောက် ဂိတ်စောင့်ကင်းသမားကြီးက တိုယင်းထံမှ မြင်းဇက်ကြိုးကိုလှမ်းယူ၍ သူ၏မြင်းဖြူကြီးအား ဆွဲငင်ယူသွားလေသည်။

ထိုအခါ တိုယင်းသည် ကျောက်လမ်းအတိုင်း ဦးတည်လျှောက်လှမ်းလာခဲ့လေသည်။

ထိစဉ် ခန့်ညား ကြည်ဝါသော အုတ်ကျွပ်မိုး နှစ်ထပ်အဆောက်အဦးရှေ့ရှိ ကျယ်ကျယ်ပြန့်ပြန့်ရှိသည့် သိုင်းလေ့ကျင့်ကွင်းထဲ၌ အဖြူရောင်ဝတ်စုံတူညီစွာ ဝတ်ဆင်ထားကြသော သိုင်းသင်တန်းသားများ ညီညီညာညာသိုင်းလေ့ကျင့်နေသည်ကို တိုယင်းလှမ်းမြင်တွေ့လိုက်ရ၏။

ပူနွေးတောက်ရှိုင်းလျက်ရှိသော နံနက်ခင်း၏ နေရောင်ခြည်အောက်ဝယ် သိုင်းသင်တန်းသားများ မာန်တင်းသံများနှင့်အတူ ညီညာသွက်လက်စွာဖြင့် သိုင်းလေ့ကျင့်နေကြသည်ကို တိုယင်း လမ်းပေါ်ရပ်လျက် စိတ်ဝင်တစား ငေးရီကြည့်နေခိုက်....

'လှာညီလေး ကျောင်းအုပ်ကြီးဆီသွားကြရအောင်'

ဟု စောစောက သူ့မြင်းဖြူကြီးကို ဆွဲငင်ယူသွားသော ဝပုပု ဂိတ်ကင်းစောင့်သမားကြီး အနား ရောက်ရှိလာပြီး ပြောသည်၊ ဒါကြောင့်မို့ တုံယင်း၏အကြည့် ဂိတ်စောင့်ကင်းသမားကြီးထံ ရွှေ့ပြောင်းရောက်ရှိသွားရပြီး....

'ဟုတ်ကဲ့'

ဂိတ်စောင့်ကင်းသမားကြီးဦးဆောင်ရာနောက်သို့ တုံယင်း ငြိမ်သက်စွာဖြင့် လိုက်ပါလာခဲ့လေသည်။

ကျောက်ခင်းလမ်းမှာ နှစ်ထပ်အဆောက်အဦးဆီသို့ တက်ရောက်ရန် ပြုလုပ်ထားသည့် ကျောက်လှေကားထစ် အခြေတွင် အဆုံးသပ်သွားရလေသည်။

ဂိတ်စောင့် ကင်းသမားကြီးမှာ ကျောက်လှေကားထစ် အတိုင်း နင်းဖြတ်ကျော်သွားရင်း အဆောက်အဦး အောက်ထပ်ဆီသို့ ဦးတည်သွားလေသည်။

ဒါကြောင့် တုံယင်းလည်း လှေကားထစ်များကို နင်းကျော်ဖြတ်ရင်း ငြိမ်ကုတ်စွာလိုက်ပါခဲ့လေ၏။

သို့နှင့် နှစ်ထပ်အဆောက်အဦး၏အောက်ထပ်ခန်းမကျယ်ကြီးထဲသို့ တုံယင်းရောက်ရှိလာခဲ့လေ၏။



ယင်းခန်းမအလယ်ရှိ ခြသေ့်ခြေထောက်တိုင်ခုံမြင့်ကြီးတွင် ထိုင်နေသော ဥပဓိရုပ်ခန့်ညားလေးစားကြည်ညိုဖွယ်ရှိသည့် ရွှေရောင်ပိုးထည်ဝတ်စုံ ဝတ်ဆင်မြန်းထားသည့် လူကြီးတစ်ယောက်ကို တုံယင်းလှမ်းမြင်တွေ့လိုက်ရလေသည်၊ ဂိတ်စောင့်ကင်းသမားသမားကြီးမှာ သူ့အား ထိုခြသေ့်ထိုင်ခုံမြင့်ကြီး ပေါ်တွင် ခန့်ခန့်ကြီးထိုင်နေသည့် လူကြီးထံဦးတည် ခေါ်ဆောင်သွားလေ၏။

ယင်းခြသေ့်ခြေထောက်သိုင်ခုံမြင့်ကြီးပေါ်တွင်ခန့်ခန့်ထည်ထည် ထိုင်နေသူမှာ ကျားခုနစ်ကောင် သိုင်းသင်တန်းကျောင်း၏ ကျောင်းအုပ်ကြီးဖြစ်ရမည်ဟုတုံယင်း၏စိတ်ထဲတွေးတော ရှောက်မိလိုက်လေ၏။

ဟုတ်ပါသည်။

သူတွေးထင်သလို ခြသေ့်ခြေထောက်သိုင်ခုံ မြင့်ကြီးပေါ် တွင်ထိုင်နေသောလူကြီးမှာ ကျားခုနစ်ကောင်သိုင်းသင်တန်း၏ကျောင်းအုပ်ကြီး ဖုန်ရှင်ပင်ဖြစ်လေသည်။

ဂိတ်စောင့်ကင်းသမားကြီးမှာ ကျောင်းအုပ်ကြီးဖုန်ရှင်ထံ ဦးညွှတ်ဂါရဝပြုလိုက်လေသည်။

ထိုစဉ် ကျောင်းအုပ်ကြီး ဖုန်ရှင်က မျက်မှောင်ကြုတ်၍

ဂိတ်စောင့်ကင်းသမားကြီးထံ အကြည့်ရောက်ပြီးမှ နောက်ဘက်ရှိ အညိုရောင်ပိုးထည်ဝတ်စုံကိုဝတ်ဆင်မြန်းထားသော မျက်နှာစိမ်းလူငယ်ထံ ထပ်ဆင့်လှမ်းအကဲခတ်လိုက်လေ၏။

ပြီးမှ ကျောင်းအုပ်ကြီးဖုန်ရင်မှာ ဂိတ်စောင့်ကင်းသမားကြီးထံအကြည့်ရောက်ရင်း....

'ကျူးကော့ ဘာကိစ္စလဲ'

လှမ်းမေးလာတော့ ဂိတ်စောင့်ကင်းသမားကြီး ကျူးကော့က သူ့နောက်ဘက်မှ ခပ်ကုတ်ကုတ်လေး ရှိနေသော တုံယင်းဘက်သို့သာ ထိုးညွှန်ပြရင်း....

'ကျောင်းအုပ်ကြီး ဒီလူငယ်က ကျွန်တော်တို့ ကျားခုနစ်ကောင်သိုင်းသင်တန်းကျောင်းမှာ သိုင်းပညာသင်ကြားဖို့ ရောက်ရှိလာတာပါ'

ထိုစကားကြားလိုက်ရတော့ ကျောင်းအုပ်ကြီး ဖုန်ရင်က တုံယင်းထံ လှမ်းအကဲခတ်ရင်း....

'ကောင်းပြီ ဒါဆိုမင်းကင်းရုံဆီ မင်းပြန်သွားနိုင်ပါပြီ ကျူးကော့'

လှမ်းအမိန့်ပေးလာတော့ ဂိတ်စောင့် ကင်းသမားကြီး ကျူးကော့မှာ ကျောင်းအုပ်ကြီး ဖုန်ရင်ထံ ဦးညွှတ်ဂါရဝပြုပြီးနောက် နေရာမှကျောခိုင်းထွက်ခွာသွားလေ၏။



သည်တော့မှ ကျောင်းအုပ်ကြီးဖုန်ရင် တုံယင်းထံအကြည့်ရောက်ရင်း....

'မင်းနာမည် ဘယ်လိုခေါ်သလဲ'

သူ့နာမည်နာမ လှမ်းမေးလာသဖြင့် တုံယင်းကမဆိုင်းမတွပင်ပြန်ဖြေလာသည်မှာ....

'ကျွန်တော့်နာမည် တုံယင်းပါ'

'မင်းအဖေကရော'

'ဦးတုံထိုက်ချီ'

ထိုနာမည်ကြားလိုက်ရသည်နှင့် ကျောင်းအုပ်ကြီး ဖုန်ရင်၏မျက်နှာပေါ်ဝယ် အမျိုးအမည်မဖော်နိုင်သော အရိပ်တစ်ရိပ်ရှတ်ခြည်းယှက်သန်းသွားရလေသည်။

ဆက်၍ ကျောင်းအုပ်ကြီး ဖုန်ရင်က တုံယင်းထံ စိတ်ဝင်တစားစိုက်ကြည့်ကာ....

'ဒီမြို့ကပဲလား'

'ဟုတ်ကဲ့ပါခင်ဗျာ'

'ဒါဆို မင်းအဖေက သူကြွယ်ကြီး တုံထိုက်ချီပေါ့'

သူ့ဖခင်ကို သိရှိနေကြောင်း ကြုံတွေ့လိုက်ရသဖြင့် တုံယင်း ရင်ထဲစိုးရိမ်ကြောင်းကျသွားရလေသည်။

အမှန်တော့ သူ့ဖခင်ကို မည်သူမည်ဝါမသိစေလို၍ ရှေ့က သူကြွယ်ဟူသော ဂုဏ်ပုဒ်ကိုဖြတ်ပစ်ပြီး နာမည်ကြီး သက်သက်

သော ကျောင်းအုပ်ကြီးဖုန်ရင်အား ဖြင့် ဟာ ပြောဆိုလိုက်ခြင်း ဖြစ်လေသည်၊ အခု အခုတော့ ကျောင်းအုပ်ကြီး ဖုန်ရင်က သူ၏ဖခင်ကို တရင်းတနှီးရှိမှန်း တုယင်းသိရှိလိုက်ရသဖြင့် သူ့ရင်ထဲအလိုလိုစိုးရိမ်မကောင်းဖြစ်လာရလေသည်။

ထိုစဉ် ကျောင်းအုပ်ကြီးဖုန်ရင်က နှုတ်ဆိတ်ရည် တစ်ချက် ခွန့်လိုက်ပြီးနောက်....

'တုယင်း မင်းငါတို့ ကျားခုနစ်ကောင် သိုင်းသင်တန်းကျောင်းမှာ သိုင်းသင်ချင်တယ်ဆိုတော့ မင်းလဲ ဒီမြို့ကလူဆိုတော့ ငါတို့ သိုင်းသင်တန်းဟာ အခြားသိုင်းသင်တန်းကျောင်းတွေနဲ့ စည်းကမ်းတင်းကျပ်လွန်းတယ် ဆိုတာတော့ ကြားသိမှာပေါ့'

လှမ်းမေးလာတော့ တုယင်းက ကြိုတင်လေ့လာသိရှိမိကြောင်းခေါင်းဆတ်ခနဲညိတ်လိုက်ကာ....

'သိ....သိပါတယ်ခင်ဗျာ'

'ဟုတ်ပြီ အဲဒီ တင်းကျပ် ပြင်းထန်တဲ့ စည်းကမ်းတွေကို မင်းလိုက်နာနိုင်ပါ့မလား'

'လိုက်နာနိုင်ပါတယ်'

'အေး လစဉ်သိုင်းသင်တန်းကြေး ထည့်ဝင်နိုင်တယ် ဆိုတာတော့ ငါမေးနေစရာမလိုတော့ပါဘူး၊ ပြီးတော့ မင်းရဲ့ ကိုယ်အင်္ဂါအချိုးအဆစ်ကသည်မဆောက်ပုံက သိုင်းသမား တစ်ယောက်ဖြစ်လောက်တဲ့ အရည်အသွေးရှိတယ်ဆိုတာ ငါအကဲခတ်မိပါတယ်၊ အဲငါတို့သိုင်းသင်တန်းကျောင်းကိုလာရောက်သင်ကြားနေတဲ့လူတွေအားလုံးဟာ မိဘနှစ်ပါးခွင့်ပြုချက်ရှိ



ထားတဲ့သူတွေပဲ၊ အဲဒီမိဘနှစ်ပါးမရှိဘူးဆိုရင် အုပ်ထိန်းတဲ့လူတွေ ခွင့်ပြုထားကြတာပဲ အဲဒီတော့မင်းလဲ မင်းရဲ့မိဘနှစ်ပါးကိုယ်တိုင်လာရောက်ပြီး ငါ့ဆီအပ်နှံမှ ငါတို့သိုင်းသင်တန်းသားအဖြစ် လက်ခံနိုင်မယ်'

'ဟုတ်... ဟုတ်ကဲ့'

'ဒီတော့ နောက်တစ်ခေါက်လာရင် မင်းတို့ရဲ့ မိဘနှစ်ပါးကိုခေါ်လာခဲ့ပေါ့ကွာ၊ သူကြွယ်ကြီးနဲ့ငါဟာသဲ အင်မတန်ခင်မင်ရင်းနှီးကြတဲ့ မိတ်ဆွေဒေသွပဲ၊ ကဲ...ကဲမင်းအဖေအမေကိုခေါ်လာခဲ့ချီ'

'ဟုတ်ကဲ့-ဒါဆိုဆရာကြီးပြန်ခွင့်ပြုပါဦး'

'အေး အေး'

သည်နောက် တုယင်းမှာ ကျားခုနစ်ကောင် သိုင်းသင်တန်းကျောင်းအုပ်ကြီး ဖုန်ရင်နှုတ်ဆက်ပြီး စိတ်ပျက်လက်ပျက်ဖြင့် အဆောက်အဦး ခန်းမထဲမှ လှမ်းထွက်လာခဲ့လေသည်၊

သူ့အား သိုင်းသင်တန်းတက်ရန် သူ၏မိဘနှစ်ပါးတို့ကို သည်ကျားခုနစ်ကောင် သိုင်းသင်တန်းကျောင်းဆီသို့ ခေါ်ဆောင်လာပါသည်ဆိုလျှင် သူ့သိုင်းပညာသင်ကြားဖို့ ရည်ရွယ်ချက်လုံးဝပျက်စီးသွားရပေါ့ချေပြီ။

အကြောင်းမှာ သူတို့သိုင်းပညာသင်ကြားမည်ကို လုံးဝမလိုလားကြသောသူ၏ မိဘများကား သူ့အား ကျားခုနစ်ကောင်သိုင်းသင်တန်းကျောင်းဆီသို့ လုံးဝလာရောက်အပ်နှံပေးကြမည်မဟုတ်သောကြောင့်တည်း။

သည်နောက် သူ့မြင်းဖြူကြီး စီးနင်းလျက် စိတ်ညစ်ကွာ

ဖြင့် ကျ ား ခုနစ်ကောင်သုိင်းသင်တန်းကျောင်းကို ကျောခိုင်း၍ထွက်ခွာလာခဲ့လေသည်။

သူသည် နံနက်စာစားသောက်ရန်အတွက် မြို့လည်သို့ ဦးတည်၍သူ၏မြင်းဖြူကြီးကို စိုင်းနှင်လာခဲ့လေတော့သည်။

* * *

## အခန်း (၁၁)

## မိန်းမချောလေးနှင့် မြေနီမှိုင်းသူ

ပန်းကိုးပွင့် စားတော်ဆက်။

ပန်ကူးမြို့လည်တွင် နာမည်ရစားတော်ဆက်တစ်ခု ဖြစ်၏၊ နံနက်စာစားသောက်ချိန်ရောက်သည်နှင့် ပန်းကိုးပွင့်စားတော်ဆက်သို့ လာရောက်စားသောက်သူများ တစ်ဖွဲ့ဖွဲ့ရောက်ရှိလာသည်။

ထိုအချိန်တွင် ယင်းပန်းကိုးပွင့်စားတော်ဆက်ဆိုင်ရှေ့သို့ မြင်းဖြူကြီးစီးနှင်းလာသော အညိုရောင်ပိုးဖဲသည်ဝတ်စုံ ဝတ်ဆင်မြန်းထားသည့် လူငယ် ရောက်ရှိလာသည်။

ယင်းလူငယ်မှာတု ယင်းပင်ဖြစ်၏။

တိုယင်းမှာ နံနက်စာစားသောက်ရန်အတွက် နာမည်ရ ပန်းကိုးပွင့် စားတော်ဆက်ဆိုင်သို့ရောက်ရှိလာခြင်း ဖြစ်လေသည်။

သူသည် မြို့ပြကြီးကို ငေးကြည့်လူငယ်လေးသဲ့ အပ်နှံပြီး နောက် ဆိုင်အတွင်းသို့လှမ်းဝင်လာ၏။ ဆိုင်ထဲရောက်တော့ သူ အေးအေးဆေးဆေး လွတ်လွတ်လပ်လပ်ရှိသော ထောင့် ကျကျ စားပွဲခုံတစ်ခုံက အကြည့်အလျင်စလိုရောက်ရှိသွားရ သည်။

'အာ....ထောင့်ခုံမှာ လူလွတ်နေတာပဲ'

ထောင့်ကျကျစားပွဲဝိုင်းမှာ လူလွတ်နေကြောင်း သူလှမ်း တွေ့မြင်လိုက်ရသဖြင့် ဝမ်းသာသွားရပြီး ခြေလှမ်းသွက်သွက် လျှောက်လာမိ၏။

ယင်းစားပွဲဝိုင်း၌ သူ ဝင်ရောက်ထိုင်လိုက်၏။

ထိုစဉ် စားပွဲထိုးလူငယ်လေးတစ်ယောက် သူ့စားပွဲထံ အလျင်အမြန်ရောက်ရှိလာပြီး....

'အစ်ကိုလေး.... ဘာသုံးဆောင်မလဲခင်ဗျာ'

အရင်ဆုံး ရည်ရွယ်ချက်မအောင်မြင်သဖြင့် စိတ်ညစ်နေ နေမှုကြောင့် တုံယင်းမှာ အရက်မသောက်ဖို့ ဆုံးဖြတ်လိုက်မိ သည်။

ဒါကြောင့် တုံယင်းမှာ ရည်မှန်သော စားပွဲထိုးလူငယ်အ အကြည့်ရောက်မိရင်း....

'ပန်းတစ်ရာအရက်တစ်အိုးနဲ့ အသားကင်တစ်ပွဲ အရင်ယူ လာခဲ့ကွာ၊ လိုတာနောက်မှမှာမယ်'

'ဟုတ်ကဲ့'

ဟုဆိုကာ စားပွဲထိုးလူငယ်က ခေါင်းညိတ်ပြီးထွက်ခွာသွား သည်။



သိပ်မကြာပါချေ၊ စားပွဲထိုးမှာ အရက်အိုး၊ အရက်ခွက် အမြည်းပန်းကန်များကို လင်ဗန်းတစ်ချပ်ဖြင့် သယ်ဆောင်၍ သူ့စားပွဲဆီသို့ ရောက်ရှိလာ၏။

ပြီး စားပွဲထိုးမှာ လင်ဗန်းပေါ်မှပစ္စည်းပစ္စယများကို စား ပွဲပေါ်သို့ အစီအရီခင်းဆောင်ပြီးနောက် သူ့အား ဦးတစ် ချက်ညွှတ်ကာ ထွက်ခွာသွား၏။

ထိုအခါ တုံယင်းသည် အရက်အိုးကို ကိုင်မြှောက်လျက် အရက်ခွက်ထဲသို့ တစ်ဖြည်းဖြည်းချင်း စောင်းငှဲ့ထည့်လိုက်လေ သည်။

ပြီးလျှင် အရက်ခွက်ကို ကိုင်မြှောက်လျက် သူ့ပန်းတစ်ရာ အရက်အား မော့သောက်သည်။

သည်နောက် သူ တူတစ်စုံကိုလှမ်းယူပြီး အမြည်းပန်းကန် ထဲမှ အသားဖတ်တစ်တုံးကို လှမ်းညှပ်ယူ၍စားသောက်လိုက် သည်။

ထိုအချိန်တွင် ဆိုင်အတွင်းသို့ကား ကာယဗလတောင့် တင်းကြံ့ခိုင်လျက်ရှိသော ဂင်ဘိုတိုသူနှစ်ယောက် ဣန္ဒြေရရ ဝင်ရောက်လာကြ၏။

ကြည့်ရသည်မှာ ဂင်တိုတိုလူနှစ်ယောက်တို့၏မျက်နှာအသီးသီး၀ယ် ကျောက်ပေါက်မှန်များ တူညီစွာပေါက်ရောက်နေကြသည်၊

ဟုတ်ပါသည်၊

ယင်းလူနှစ်ယောက်တို့ကား ပန်ကူးမြို့တွင် လူဆိုးလူမိုက်စာရင်း၀င် ကျောက် းတို့ညီအစ်ကိုပင် ဖြစ်၏၊

ထို ကျောက်ကြီးညီအစ်ကိုတို့မှာ သူတို့မျက်နှာပေါ်၀ယ် ကျောက်ပေါက်မှန်ပေါက်ရောက်ခြင်း တူညီကြသော်လည်း အစ်ကိုကြီးဖြစ်သူ ချူကို၏မျက်နှာတွင် ပေါက်ရောက်လျက်ရှိသော ကျောက်ပေါက်မှန်များမှာ အရွယ်အစား ကြီးမား ချိုင့်ခွက်သည့် ကျောက်ကြီးများ ပေါက်ရောက်ထားခြင်းဖြစ်သည်။

ဒါကြောင့် သူ့ကို လူဆိုးလူမိုက်အဖွဲ့၀င်များက ကျောက်ကြီးချူကိုဟု သမုတ်ခေါ်ဝေါ်ကြ၏၊

ညီငယ်ဖြစ်သူ ချူလိုမှာမူ သူ့မျက်နှာခွက်ပေါ်တွင်ပေါက်ရောက်လျက်ရှိသော ကျောက်ပေါက်မှန်များမှာ သေးသေးငယ်ငယ် အရွယ်အစားမျိုးဖြစ်သည်။

ဒါကြောင့်မို့....

လူဆိုးလူမိုက်များက သူ့အား ကျောက်ငယ်ချူလိုဟု ခေါ်ဆိုကြ၏၊



အခုလ နံနက်စာစားသောက်ရန်အတွက် ကျောက်ကြီး ကျောက်ငယ်တို့ ညီအစ်ကိုနှစ်ယောက်တို့မှာ ပန်းကုံးပွင့်စားတော်ဆက် အတွင်းသို့ ဝင်ရောက်လာကြခြင်း ဖြစ်လေသည်။

ဆိုင်အတွင်းသို့ရောက်လာကြသောအခါ ကျောက်ငယ်ချူလိုမှာ အခန်းထောင့်စားပွဲတွင် တစ်ယောက်တည်းထိုင်ကာ အရက်သောက်နေသော သူဌေးသားလေးတုယင်းကို လှမ်းမြင်တွေ့လိုက်ရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားရလေသည်။

'ဟာ....အစ်ကိုကြီး၊ ဒီနေ့လဲ ကျုပ်တော်တို့ညီအစ်ကို စားရကံကြုံလို့ မှတ်ဆိတ်ပျားစွဲပြန်ပြီဗျို့'

ထိုစကားကြားလိုက်ရသော ချူကိုမှာ ချူလိုထံ ခေါင်းလှည့်လာရပြီး....

'ဘယ်သူ့တွေ့လို့ ငါ့ညီက မုတ်ဆိတ်ပျားစွဲပြောဆိုနေရတာလဲ၊ လင်းစမ်းပါဦးလေ'

လှမ်းမေးလာတော့ ချူလိုက အခန်းထောင့်စားပွဲတွင်တစ်ယောက်တည်း ခေါင်းငုံ့လျှိုလျက်အရက်နေသော တုယင်းထံ မေးငေါ့ထိုးပြရင်း....

'ဟောဟိုမှာ သူကြွယ်ရဲ့သား တုယင်းလေ၊ အစ်ကိုကြီး မတွေ့ဘူးလား'

ထိုအခါကျမှ ချူကို၏အကြည့် တုံယင်းစားပွဲဆီသို့ အလျင်စလိုရောက်ရှိသွားရ၏။

'အာ....ငါ့ညီပြောတာ ဟုတ်ပါလား၊ လာ....ဒီကောင်ဆီ အနိုင်ကျင့်ညှင်းပမ်းရမယ် ဟား ဟား'

'ဟုတ်ကဲ့....အစ်ကြီး'

ထို့နောက် ချူကိုနှင့်ချူလိုတို့ တုံယင်းရှိနေသော ထောင့်ကျကျ စားပွဲဆီသို့ ခပ်သွက်သွက်လျှောက်လှမ်းလာကြ၏။ ၎င်းနှင့် စားပွဲအနားသို့ရောက်လာကြသောအခါ သူတို့နှစ်ယောက် အာမပြောညာမပြောနှင့် စားပွဲခုံအောက်တွင်ထိုးထားကြသည့် ထိုင်ခုံနှစ်လုံးတို့ကို တစ်ယောက်တစ်လုံးဆွဲထုတ်၍ အသီးသီးဝင်ရောက်ထိုင်လိုက်ကြ၏။

သည်တွင် တုံယင်းမှာ မမျှော်လင့်ဘဲ သူတို့နှစ်ယောက်ကို ဆုံတွေ့လိုက်ရသဖြင့် သရဲသဖက်ကြီးများ ကြုံတွေ့လိုက်ရသကဲ့သို့ ထိတ်ထိတ်ပျာပျာဖြစ်သွားရသည်။

'ဟင်'

'ဟားဟားဟား....တုံယင်း၊ ငါတို့ညီအစ်ကိုကိုတွေ့ဆုံလိုက်ရလို့ ထိတ်လန့်တုန်လှုပ်သွားရပြီလား'

ဟားတိုက်ရယ်မောပြောဆိုလာသဖြင့် တုံယင်းမှာ သူ့အား တွေ့သည့်နေရာတိုင်း အနိုင်ကျင့်နေကြသော သူတို့ညီအစ်ကိုကို ကြောက်ကြောက်ရွံ့ရွံ့လှမ်းကြည့်ရင်း....



'ခင်....ခင်ဗျားတို့ ကျုပ်ထိုင်နေတဲ့စားပွဲမှာ လာထိုင်ကြရတာလဲ၊ ဒီနေ့ ကျွန်တော်စိတ်ညစ်လာလို့ပါ၊ ဒီပြင်ဝိုင်းမှာ သွားထိုင်ကြပါဗျာ၊ ခင်ဗျားကုန်ကျစရိတ်ကို ကျွန်တော် ထုံးစံအတိုင်းခံပါ့မယ်'

ယင်းသို့ ကျောက်ကြီးညီအစ်ကိုတို့ကို တုံယင်းက တောင်းပန်တိုးလျှိုးသံဖြင့်ပြောလေ၏။

ထိုအခါ ကျောက်ငယ်ချူလိုက ရယ်သွမ်းသွေးလိုက်ပြီး ရင့်သီးသောလေသံဖြင့်....

'ဟေ့ကောင်တုံယင်း ငါ့ကိုအရက်တစ်ခွက်ငှဲ့ပေးစမ်း'

ဟု တုံယင်းကို လှမ်းခိုင်းစေလာ၏။

သည်တွင် တုံယင်းမှာ ချူလိုကိုမလွန်ဆန်ဝံ့သဖြင့် အမိန့်အတိုင်းပင် အရက်အိုးထဲမှ ပန်းတစ်ရာအရက်များကို အရက်ခွက်ထဲသို့ စောင်းထည့်ပေးလိုက်၏။

ပြီးလျှင် အရက်ခွက်ကို ချူလိုထံ တရိုတသေလှမ်းပေးလိုက်၏၊ ထိုစဉ် ချူလိုက နှစ်ခြိုက်စွာဖြင့် တစ်ချက်ပြုံးပြီး တုံယင်းလက်ထဲမှ အရက်ခွက်ကို လှမ်းယူလိုက်၏။

ထိုအခိုက် စားပွဲထိုးလူငယ်တစ်ယောက် သူတို့ထံသို့ရောက်ရှိလာပြီး ကျောက်ကြီးကျောက်ငယ်တို့ထံ အကြည့်ရောက်ကာ

'အစ်ကိုကြီးတို့ ဘာသုံးဆောင်ကြမလဲခင်ဗျာ'

သည်တော့ ချူကိုက စားပွဲထိုးလူငယ်ကိုကြည့်ကာ....

'နောက်ထပ်အရက်တစ်အိုးနဲ့ အမြည်းတစ်ပွဲယူခဲ့ကွာ'

'ဟုတ်ကဲ့'

ဟုဆိုကာ စားပွဲထိုးလူငယ်မှာ ခေါင်းတစ်ချက်ညိတ်ပြီး နောက် ကျောခိုင်းထွက်ခွာသွား၏။

ပြီးမှ ချူကိုက တုံ့ယင်းထံအကြည့်ရောက်ကာ မဲ့ပြုံးတစ်ချက် ပြုံးလိုက်ပြီး....

'နေစမ်းပါဦး၊ စောစောက မင်း ငါတို့နဲ့တစ်စိုင်းတည်း အတူမသောက်ချင်လို့ နောက်တစ်ဝိုင်းသွားသောက်ဖို့နှင်ထုတ် ခံနေတာလား'

ယင်းသို့မေးလာတော့ စိတ်ညစ်ထွေးနေရသော တုံ့ယင်း ထပ်ဆင့်၍ လူဆိုးလူမိုက်စာရင်းဝင် ကျောက်ကြီးတို့ညီအစ် ကိုနှင့်တွေ့လိုက်ရသောကြောင့် ပိုမို စိတ်ဆင်းရဲလာရသဖြင့် ကြောက်စိတ်ပျောက်ကာ ညစ်တွန်းတွန်းစကားပြောဆိုလိုက် မိ၏။

'ကျုပ်အတူမသောက်ချင်လို့ ဟုတ်ပါဘူး၊ ဒီကနေ့ ကျုပ် စိတ်ညစ်လာလို့.... တစ်ယောက်တည်း အေးအေးဆေးဆေး သောက်ချင်လို့ ပြောနေရတာပါ'



သည်တွင် ချူလိုမှာ သူ့ညာလက်ထဲမှအရက်ခွက်ကို စား ပွဲပေါ်သို့ ခပ်ကြမ်းကြမ်းချလိုက်ရာ....

'ဒုန်း'

'ဟေ့ကောင်.... ဘယ်တုန်းကများ ငါတို့ညီအစ်ကိုနှစ် ယောက်ကို မောက်မောက်မာမာဆက်ဆံခဲ့ဖူးသလဲပြောစမ်း'

ထိုစကားကြောင့် တုံ့ယင်းမှာ ရင်ထဲခံပြင်းသွားပြီး ငေါ့ တူးတူးသံဖြင့်....

'ကျုပ်ခင်ဗျားတို့ကို မောက်မောက်မာမာဆက်ဆံနေတာ မဟုတ်ပါဘူးဗျာ၊ ကျုပ်အခြေအနေကို ကျုပ်အမှန်အတိုင်း ခင်ဗျားတို့ကိုဖွင့်ပြောပြနေတာ'

ထိုအခိုက် ချူလိုက သူ့ညာလက်သီးတစ်ချက် ဝေ့ယမ်း လှုပ်ရှားလိုက်၏။

'ဝုန်း'

'ဒုတ်'

'အား'

ထိုအခါ ချူလို၏ ရုတ်တရက် ဝေ့ယမ်းတိုက်ခိုက်လာ သောညာလက်သီးကျို့စားပွဲပေါ်တွင်ဖြန့်ချထားသည့်တုံ့ယင်း ၏ ညာလက်ဝါးပြင်ပေါ်သို့ ပြင်းပြင်းထန်ထန် ကျရောက်လာ လေ၏။

သိုင်းပညာ နကန်းတစ်လုံးမှ မတတ်သောတုံ့ယင်းမှာ ချူလို၏တိုက်ခိုက်ချက်ကို ရှောင်တိမ်းမှုမတတ်သာသဖြင့်ထိမှန်ပြီး နာကျင်စွာအော်ဟစ်ညည်းညူမိလိုက်၏။

တုံ့ယင်း နာသွားသော သူ့ညာလက်ဝါးကို တခါခါလှုပ်ခါနေ၏။

ထိုအခိုက်ပင် စားပွဲထိုးလူငယ်လေးက အရက်အိုး အရက်ခွက် အမြည်းပန်းကန်များကို စားပွဲပေါ်သို့ အစီအရီတင်ပေးပြီး ကပျာကယာထွက်ခွာသွား၏။

သည်တော့မှ ချူလိုက ပျက်နှာရှုံ့မဲ့ကာ နာကျင်လျက်ရှိသော တုံ့ယင်းကိုလှမ်းကြည့်ရင်း မဲ့ပြုံးတစ်ချက် ပြုံးလိုက်ပြီး....

'ဟေ့ကောင် နောက်နောင် ငါတို့ကို အဲဒီလို မောက်မောက်မာမာခံပြောဦးမလား'

ပြောလာတော့ နာကျင်စိတ်ကြောင့် ဒေါသတစ်ခြောင်းခြောင်းထွက်နေမိသော တုံ့ယင်းမှာ အနိုင်ကျင့် မင်းမူလွန်းလျက်ရှိသည့် ချူလိုကို ခပ်စိမ်းစိမ်းစူးစိုက်ကြည့်လိုက်ပြီး....

'ခင်....ခင်ဗျားတို့ လူတစ်ဖက်သားကို သိုင်းပညာအားကိုးနဲ့ သိပ်အနိုင်ကျင့်ချင်တဲ့လူတွေပဲ'



မထင်မှတ်ဘဲ သူဌေးသားတုံ့ယင်းက ခုန်းတုန့်ပြောဆိုလာသဖြင့် ချူလိုမှာ ပထမအံ့အားသင့်သွားရ၏။

ပြီးမှ ချူလိုသည် အေးစက်မာကျောသော အပြုံးရိုင်းတစ်ရိုင် ပြုံးလိုက်ကာ....

'အောင်မယ်....မင်းက ငါတောင် ပြန်ပက်နေပါလား.... အေး နောက် မင်းပြန်မပက်နိုင်အောင် ဟောဒီမှာငါ့လက်သီး မြည်းလိုက်စမ်းကွာ'

ဟု ပြောပြောဆိုဆိုနှင့်ပင် သူ့ညာလက်သီး တစ်လုံးက လေထုကို အရှိန်အဟုန်ပြင်းထန်စွာ ဖြတ်သန်းလာပြီးနောက် ကျောက်ငယ်ချူလို၏ မျက်နှာခွက်ဆီသို့တန်းတန်းမတ်မတ်ပင် ရောက်လာ၏။

'ဗွိ'

'ဒုတ်'

'အု ဟူး ဟူး'

'ဟူင်'

ရုတ်တရက် ကျောက်ငယ်ချူလို လှမ်းထိုးလာသော လက်သီးချက်မှာ တုံ့ယင်း၏ မျက်နှာဆီသို့ တန်းတန်းမတ်မတ်

ရွှေလျားလာသော်လည်း မမျှော်လင့်ဘဲ လက်အိတ်အဖြူရောင် စွပ်ထားသည့် ညာလက်ဝါးတစ်ဖက်က ကြားဝင်၍ ဖမ်းဆုပ်လာသည်။

ပြီး ယင်းလက်အိတ်အဖြူရောင် စွပ်ထားသည့် ညာလက်ဝါးရှင်က ကျောက်ငယ်ချူလို၏ညာလက်သီးဆုပ်ကို ဖမ်းဆုပ်ကိုင်ထားရင်းက အတွင်းအားထုတ်သုံး ညှစ်ချေလာမှုကြောင့် ချူလိုမှာ အသည်းခိုက်မျှ နာကျင်လာရသဖြင့် အသံထွက်မျှ ညည်းညူမိ၏။

ထိုစဉ် ညီငယ်-ဝေဒနာခံစားလိုက်ရသည်ကို မထင်မှတ်ဘဲ ကြုံတွေ့လာရမှုကြောင့် သူ့အနားကပ်လျက် ရောက်ရှိနေသည့် အဖြူရောင်လက်အိတ်စွပ်သူမားထံ ခေါင်းလှည့်ကြည့်မိလိုက်သည်။

'ဟင် မိန်းမချောလေးပါလား'

ဟုတ်ပါသည်၊ သူ့ညာဘက် ခြမ်းနံဘေးတွင်ကပ်လျက် သူ့ညီ၏ ညာလက်ကြီးကို ဖမ်းချုပ်ထားသော အဖြူရောင်လက်အိတ်ရှင်မှာ နုပျိုချောမောသည့် အသက်နှစ်ဆယ်ကျော် ဝန်းကျင်ခန့်ရှိ မိန်းမပျိုလေးဖြစ်နေကြောင်း တအံ့တသြလှမ်းမြင်တွေ့ရသည်၊

သည်တွင် ချူလိုက အငမ်းမရသော မျက်လုံးအစုံကိုဖြင့် မိန်းမချောထံ စူးစိုက်ကြည့်ရင်း....



'ခင်ဗျား ကျုပ်ညီလက်ကို လွှတ်ပေးလိုက်ပါ'

လှမ်းအမိန့်ပေးတော့ မိန်းမချောလေးက ရယ်မောသွားလိုက်ပြီး....

'ကျွန်မ အစ်ကိုကြီးညီရဲ့လက်ကို ပြန်လွှတ်ပေးချင်ပါတယ်... ဒါပေမယ့် ရှင့်ညီက သိုင်းပညာမတတ်တဲ့လူအပေါ် အနိုင်အထက်မကျင့်ကြံပါဘူးလို့ ကတိပေးနိုင်မလား ဟင်း ဟင်း....ဟင်း'

မမျှော်လင့်ဘဲ အကြပ်ကိုင်၍ ပြောဆိုလာသော စကားကြောင့် ချူကိုမှာ ခံပြင်းအမျက်ထွက်လာရပြီး....

'ဟေ့ မင်းကကတိပေးခိုင်းတိုင်း ပေးရမလား၊ မင်းပြန်မလွှတ်ရင် လွှတ်တဲ့နည်းနဲ့လုပ်ရမှာပဲ'

ဟု ဆိုကာ နောက်လှည့်၍ သူ၏ စွန်ကုတ်လက်ချောင်းဖြင့် မိန်းမချောလေး၏ ဘယ်လက်မောင်းကို လျှပ်တပြက် လှမ်းကုတ်လိုက်ရာ...

'ယား'

'ဝိုး'

'ဂွစ်'

'ဖပ် ဂျွတ်'

'အား လာ ကျီး....ကျီးပါပြီ'

မိန်းမချောလေးသည် သူမဘယ်လက်မောင်းအား ဆီသို့ စွန့်ကျက်လက်ချောင်းဖြင့် လှမ်းတိုက်ခိုက်လာသော ကျောက်ကြီး ချူကို၏ ညာလက်ကို သွက်လက်လျင်မြန်စွာ ဖမ်းချုပ်လိုက်ပြီးနောက် အတွင်းအားသုံး၍ လှန်ချိုးပစ်လိုက်၏၊ သည်တော့မှ ကျောက်ကြီး ချူကိုမှာ သူရင်ဆိုင်တိုက်ခိုက်နေရသော မိန်းမချောလေးမှာ သာမန်သိုင်းသမားအဆင့် မဟုတ်ဘဲ အတွင်းအား လွန်စွာမြင့်မားနေသည့် အဆင့်မြင့် သိုင်းသမားတစ်ယောက် ဖြစ်ကြောင်း နောင်တကြီးစွာ သိရှိလိုက်ရလေသည်။

သို့ရာတွင် သူ၏ညာလက်မှာ မိန်းမချောလေး၏ ရက်ရက်စက်စက် လှန်ချိုးလိုက်မှုကြောင့် သွင်သွင်ကျိုးသွားလေတော့သည်။

ထို့အတူပင် မိန်းမချောလေး၏ ညာလက်ဝါးမြဲမြံစွာ ဖမ်းဆုပ်ညှစ်ချေထားမှုကြောင့် ကျောက်ငယ် ချူလို၏ ညာလက်ဝါးမှာလည်း ကျိုးကြေကုန်၏။

ထိုစဉ် ကျောက်ကြီး ချူကိုနှင့် ကျောက်ငယ် ချူလိုတို့က မိန်းမချောလေးကို လုံးဝမယှဉ်နိုင်မှန်းသိ၍ ထိုနေရာမှ ကပျာကယာထ၍ ပန်းကိုးပွင့် စားတော်ဆက်ဆိုင်အတွင်းမှထွက်ခွာသွားကြလေသည်။

သူဌေးသား တုံယင်းသည် မမျှော်လင့်ဘဲ ကျောက်ကြီးညီအစ်ကိုတို့ အန္တရာယ်ကြားမှ ဝင်ရောက်ကယ်တင်ပေးလာသော မိန်းမချောလေးကို ကျေးဇူးတင်သည့်အကြည့်ဖြင့်စိုက်ကြည့်ရင်း....



'အစ်....အစ်မလေး အခုလို လူဆိုးလူမိုက် စာရင်းဝင်တဲ့ ကျောက်ကြီးညီအစ်ကိုရဲ့ အန္တရာယ်ကြားထဲက ဝင်ရောက်ကယ်တင်ပေးတာ မေ့မရနိုင်အောင် ကျေးဇူးတင်ပါတယ်'

အခုလို တုံယင်း၏ ကျေးဇူးတင်စကားကို ကြားလိုက်ရသော မိန်းမချောကလေးမှာ ချစ်စဖွယ် အပြုံးတစ်ချက်ပြုံးလိုက်ပြီး....

'ဟင်းဟင်း....ရှင့်ကျေးဇူးတင်ခံချင်လို့ ကျွန်မဝင်ရောက်စွက်ဖက်တာ မဟုတ်ပါဘူး၊ ကျွန်မရှေ့မှာ မတရားမှုမှန်သမျှ လက်ပိုက်ကြည့်မနေနိုင်တာ ကျွန်မ မွေးရာပါဗီဇပါပဲရှင်....'

'ဟုတ်ကဲ့....အစ်မလေးနဲ့မွန်မြတ်တဲ့စိတ်ဓာတ်ကို ကျွန်တော်ချီးကျူးပါတယ်၊ ဖြစ်နိုင်မယ်ဆိုရင် ကျွန်တော့်ရဲ့စားပွဲမှာထိုင်ပါလားခင်ဗျာ'

ထိုစကားကြောင့် မိန်းမချောလေးမှာ သူဌေးသား တုံယင်းထံ စူးလက်တောက်ပြောင်သော မျက်လုံးအစုံတို့ဖြင့် စူးစိုက်ကြည့်ရင်း....

'ကျွန်မကို ရှင့်စားပွဲမှာဘာ့ အကြောင်းကြောင့်ထိုင်စေချင်ရတာလဲ ဆိုပါဦး'

လှမ်းမေးလာတော့ တုံယင်းက သက်ပြင်းမသိမသာချလိုက်ပြီးနောက်....

'ကျွန်တော် အစ်မလေးရဲ့မွန်မြတ်တဲ့စိတ်ဓာတ်ကို ဂုဏ်ပြုတဲ့အနေနဲ့ ငြင်းချင်တာပဲပါပါတယ်၊ နောက်'

သူ့စကားကို အဆုံးမသတ်ဘဲ တစ်ဝက်တစ်ပျက်ပြတ်တောက်ထားသဖြင့် မိန်းမချောလေးက သူ့ကို စူးစမ်းဟန်ဖြင့် လှမ်းကြည့်ရင်း....

'နောက်ဘာဖြစ်လဲ ဆိုစမ်းပါဦး'

စိတ်ဝင်စားဟန်ဖြင့် မိန်းမချောလေးက သူ့အား လှမ်းမေးလာမှုကြောင့် ဟု ယင်းမှာ မဆိုင်းမတွပင် ပြန်ဖြေလိုက်သည်မှာ....

'ဗြဲ....ကျွန်တော် လက်ရှိ စိတ်ညစ်ထွေးစွာ ခံစားနေရတဲ့ အဖြစ်အပျက်ကို အစ်မလေးထံ ထုတ်ဖော်ပြောပြချင်လို့ပါ....'

ညည်းညူသံလေးဖြင့် ပြောဆိုလာသော သူ၏စကားကို ကြားလိုက်ရသည့် မိန်းမချောလေးမှာ အပြုံးတစ်ချက်ပြုံးလိုက်ကာ ...

'ရှင် မပြေမလည် ဖြစ်ပျက်ခံစားနေတဲ့ကိစ္စ ကို ကျွန်မဆီ ရင်ဖွင့်ပြောလာတော့ ကျွန်မက ဘယ်လိုလုပ်ကူညီနိုင်ပါ့မလဲ'

သည်တော့ သူက မိန်းမချောလေးထံ အစိပ္ပါယ်ပါပါ စူးစိုက်ကြည့်ရင်း....

'ခင်ဗျား ကျွန်တော့် အခက်အခဲကို ကူညီနိုင်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ်'



ထိုစကားကြောင့် သူမ၏မျက်လုံးအစုံတို့ အကန့်ငယ်ပြူးကျယ်သွားရပြီး....

'ရှင်...ရှင့်အခက်အခဲကို ကျွန် ကျွန်မကူညီပေးနိုင်မယ်ဟုတ်လား ရှင်ရဲ့'

အံ့အားသင့်ဟန်ဖြင့်လှမ်းမေးလာသဖြင့် သူက ခေါင်းဆတ်ခနဲညိတ်လိုက်ပြီး....

'ဟုတ်ပါတယ်ခင်ဗျာ၊ ထိုင်ပါဦးဗျာ'

ယင်းသို့ပြောဆိုလိုက်သော် သူမမှာမငြင်းဝံ့တော့ဘဲ သူနှင့်မျက်နှာချင်းဆိုင် ထိုင်ခုံတစ်လုံးတွင် ဝင်ရောက်ထိုင်လိုက်လေသည်။

သည်တွင် သူက ဝမ်းသာအယ်လဲ့လေသံဖြင့်....

'အစ်မလေး ဘာသုံးဆောင်မလဲ'

လှမ်းမေးလာသော် သူမက အပြုံးတစ်ချက်ပြုံးလိုက်ပြီးနောက်....

'ကျွန်မ စားသောက်ပြီးပါပြီရှင့်'

'ကျွန်တော့်ကို အားနာလို့လားဗျာ'

'အားနာလို့မဟုတ်ပါဘူး....၊ ကျွန်မ စားပွဲဝိုင်းမှာ စား သောက်ပြီးပါပြီ၊ ကဲ....ကျွန်မ ရှင့်ကိုဘာအကူအညီပေးရမလဲ ပြောပါဦး'

ထိုအခါ သူကပြုံး၍ ခေါင်းတစ်ချက် ညိတ်လိုက်ပြီးနောက်....

'ဟုတ်ကဲ့....ကျွန်တော်ပြောပြပါ့မယ် ကျွန်တော်ဒီနေ့ စိတ် အကြီးအကျယ်ညစ်တဲ့ နေ့တစ်နေ့ပါ အစ်မလေး'

ထိုစကားကြားလိုက်ရသော သူမက သူ့ထံ မျက်လုံးဝိုင်း ကြည့်လာရပြီး....

'ဘာလို့ ရှင် ဒီနေ့စိတ်အကြီးအကျယ်ညစ်ရတာလဲ'

မေးလာကော့ သူက သက်ပြင်းလေးကြီးတစ်ချက်ချလိုက်ပြီးနောက်...

'ကျွန်တော်ဟာ သိုင်းဝါသနာထုံတဲ့လူငယ်တစ်ယောက် ပါ၊ ဒါပေမယ့် အိမ်ကမိဘတွေက သိုင်းလောကအရှုပ်အထွေး ရောယှက်ပါဝင်ပြီး ဒုက္ခရောက်မှာစိုးလို့ ကျွန်တော့်ကို သိုင်း ပညာသင်ခွင့်မပြုပဲ အတင်းအကြပ် တားမြစ်ပိတ်ပင်ခဲ့ပါ တယ်'

'ဩော်....ရှင်က သိုင်းပညာ သိပ်သင်ချင်နေတာကိုး'

'ဟုတ်ပါတယ်.... အဲဒါနဲ့ ကျွန်တော့် မိဘတွေမသိအောင် သိုင်းပညာဘတ်မြောက်အောင်သင်ကြားမယ်လို့ ဆုံးဖြတ်ပြီး ဒီကနေ့မနက်မှာ မြို့အောင်ဘက် ကျွားခုနစ်ကောင် သိုင်းသင် တန်းကျောင်းကိုသွားလိုက်ပြီး ကျောင်းအုပ်ကြီးထံ သိုင်းသင် တန်းတက်ရောက်ဖို့ သွားခွင့်ပန်ပါတယ်'



ပြောလက်စ စကားကို တုံ့ယင်းဖြတ်တောက်ပြီး ပြောဆို သည့်စကားအား မိန်းမချောလေး စိတ်ဝင်စားမှုရှိမရှိသိဖို့ ၍ စမ်းသပ်သည့်အနေဖြင့် အရက်ခွက်ထဲမှ အရက်ကိုမော့ သောက်လိုက်၏။

ထိုစဉ် မိန်းမချောလေးက စိတ်ဝင်စားမှုရှိဟန်ဖြင့် အရက် မော့သောက်နေသော တုံ့ယင်းထံ စူးစိုက်ကြည့်ရင်း....

'အဲဒီတော့ ရှင့်ကိုကျွားခုနစ်ကောင် သိုင်းသင်တန်းကျောင်း အုပ်ကြီးက ဘာပြောသလဲ'

ထိုအမေးကြားလိုက်ရတော့မှ သူဆိုစကားကို မိန်းမချော လေး စိတ်ဝင်စားမှုရှိနေကြောင်း ဝမ်းသာစွာသိရှိလိုက်ရသ သည်။

ဒါကြောင့် သူခွေးသားလေး တုံ့ယင်းက ဆက်၍ပြောဆို လာသည်မှာ....

'ဘာပြောသလဲဆိုတော့ သူ့ သိုင်းသင်တန်းတက်ရောက်ဖို့ အတွက် မိဘနှစ်ပါးကိုခေါ်ပြီး လာရောက်အပ်နှံရမယ်တဲ့ အဲ့ဒီ တော့ ကျွန်တော့်ကို ဘာပြောသလဲဆိုပြီး သိုင်းသင်တန်းအပ်ပေး ပါ့မလဲ၊ အဲဒါနဲ့ ကျွန်တော်စိတ်ညစ်သွားပြီး ဒီစားတော်ဆက် ကို ရောက်လာရပါတယ်၊ အဲ့ဒီရောက်လာတော့ စောစောက ကျောက်ကြီးညီနောင်ရဲ့ အနိုင်ကျင့်မှုကိုခံရတာပါ'

ယင်းသို့ သူခွေးသား တုံ့ယင်းက သူတွေကြုံခံစားနေရသည့် အဖြစ်အပျက် အလုံးစုံကို မိန်းမချောလေးအား ရင်ဖွင့်ပြော ဆိုလိုက်၏။

19 သည်တော့မှ မိန်းမချောလေးက တုံ့ယင်းဒုက္ခကိုသိရှိလိုက်

ရ၏၊ ထိုအခါ သူမ၏မျက်နှာပေါ်ဝယ် ဖော်မပြနိုင်သော အရိပ်တရိပ် လွှမ်းခြုံသွားရသည်။

သည်နောက် မိန်းမချောကသူဌေးသားတုံယင်းထံအကြည့်စူးစိုက်ရောက်ရှင်း....

'ကဲ....ကျွန်မက ဘာအကူအညီပေးရမလဲ'

ယင်းသို့ လှမ်းမေးလာတော့ သူဌေးသားတုံယင်းမှာ သူ့ရင်ထဲကဆန္ဒကို ထိုအမျိုးသမီးချောအား ထုတ်ဖော်ပြောပြလိုက်သည်မှာ....

'ကျွန်တော်အကူအညီတောင်းခံချင်တာ တစ်ခြားမဟုတ်ပါဘူး၊ အစ်မလေးဆီက သိုင်းပညာသင်ယူချင်တာပါပဲ'

ထိုစကားကြားရသောကြောင့် မိန်းမချောလေးမှာ မျက်မှောင်တစ်ချက်ရှုံ့ကာ တွေးတောစဉ်းစားဟန်ပြုလိုက်၏၊ ပြီးမှ မိန်းမချောလေးက တုံယင်းထံ စူးစိုက်ကြည့်ရင်း....

'ကျွန်မဆီက ရှင် သိုင်းသင်ကြားတယ်ဆိုတော့ ကျွန်မ ဒီမြို့ကိုရောက်လာရောက်တဲ့ ဧည့်သည်တစ်ယောက်ပါ၊ အဲဒီတော့ ရှင် ဘယ်လိုလုပ် သိုင်းသင်ကြားနိုင်မလဲ'

ယင်းသို့ ပြောဆိုလာတော့ သူဌေးသားတုံယင်းမှာ စိတ်ပျက်လက်ပျက်ဖြစ်ကာ ခေါင်းတစ်ချက်ကုတ်ဖွလိုက်တော့၏၊ ပြီးမှ တုံယင်းက ညည်းညည်းညူညူလေသံဖြင့်....

'အေးဗျာ ကျွန်တော်ဝါသနာသိပ်ထုံတဲ့ သိုင်းပညာတော့ မသင်ရတော့ဘူး ထင်ပါတယ်၊ ဒါနဲ့ အစ်မလေးက ဘယ်မှာနေပါသလဲ'

ဖို့မိန်းမချောလေးက မဆိုင်းမတွပင်ပြန်ပြောလာသည်မှာ၊



'ကျိုလင်မြို့မှာနေပါတယ်'

'ဪ....ကျိုလင်မြို့ကကိုး၊ အစ်မလေးလို အဆင့်မြင့်မြင့် သိုင်းပညာဘတ်မြောက်ချင်ပါတယ်၊ ဘယ်လိုလုပ်ရမလဲ မသိပါဘူး'

ထိုသို့ တုံယင်း ညည်းညည်းညူညူ ရေရွတ်ပြောဆိုလိုက်၏၊ ထိုစဉ် မိန်းမချောက စိတ်ဓာတ်ကျဆင်းကာ ခေါင်းငိုက်စိုက်ကျလျက်ရှိသော သူဌေးသားတုံယင်းထံ စိတ်မသက်မသာစွာဖြင့် လှမ်းကြည့်ရင်း....

'ရှင်....ဒီလောက် သိုင်းပညာဝါသနာထုံနေရင် ကျွန်မ သင်ပေးချင်ပါတယ်'

သူ့အား မိန်းမချောလေးက သိုင်းပညာသင်ကြားပေးချင်သည့်စိတ်ဆန္ဒရှိကြောင်း တုံယင်းကြားသိလိုက်ရပြီး စိတ်ဓာတ်တက်ကြွသွားရ၏။

ဒါကြောင့် တုံယင်းမှာမိန်းမချောထံအကြည့်ရောက်ရင်း။

'အစ်မလေး ကျွန်တော်ကို သိုင်းပညာသင်ကြားပေးနိုင်အောင် တစ်မျိုးစဉ်းစားပေးပါဦးဗျာ'

ယင်းသို့ တုံယင်းက ခယယ အောင်းပန်ပြောဆိုသဖြင့် မိန်းမချောလေးမှာ နဖူးကြောရှုံ့၍ လေးလေးနက်နက် တွေးတောစဉ်းစားမိလိုက်၏။

တခဏကြာမျှမိန်းမချောလေး အဖြေထုတ်စဉ်းစားမိလိုက်ပြီးနောက်....

'ကျွန်မ စဉ်းစားမိတာကတော့ ရှင် ကျွန်မနှင့်အတူ ကျိုလင်ကို အတူလိုက်နေရင်တော့ ကျွန်မ တတ်မြောက်ထားတဲ့

သိုင်းပညာရပ်တွေကို သင်ကြားပေးနိုင်ပါတယ်'

သူနှင့် သက်တူရွယ်တူ မိန်းကလေးက သူနှင့်အတူလိုက်နေရန် ပွင့်ပွင့်လင်းလင်း ပြောဆိုလာသဖြင့် ယောကျ်ားသားဖြစ်ရသော တုယင်းမှာ လွန်စွာအားတုန့်အားနာ ဖြစ်သွားရ၏၊ ထို့ကြောင့်ပင် တုယင်းမှာ မိန်းမချောလေးကို မဝံ့မရဲ ပြန်အကဲခတ်မိလိုက်၏။

ထိုအခါ မိန်းမချောလေး၏ ပျို့မျစ်နုနယ် အလှလွှမ်းကြွယ်လျက်ရှိသော မျက်နှာပြင်ပေါ်ဝယ် ပကတိဘည်ငြိမ်လျက်ရှိနေသည်ကို တအံ့တသြတွေ့လိုက်ရ၏။

သည်တော့မှ သူ့ရင်ထဲဝယ် စကားအချို့ ရေရွတ်ပြောဆိုမိလိုက်သည်မှာ....

'အင်း... ဒီအမျိုးသမီးတော့ ငါ့ကို တကယ် မောင်နှမရင်းလို သူ့နေထိုင်ရာ ကျီလင်မြို့ကို ဖိတ်ခေါ်နေတာပဲ၊ ငါက သာ မရိုးမသားစိတ်နဲ့ တစ်မျိုးတွေးနေမိဘာကိုး'

ယင်းသို့ သူ တွေးတွေးငေးငေးလေး ဖြစ်သွားသည်ကို အမျိုးသမီးချောလေး က လှမ်းအကဲခတ်မိပြီး....

'ဘာလဲ တကယ်တန်းကျတော့ ရှင့်မိဘတွေနဲ့ခွဲပြီးမလိုက်နိုင်ဘူးမဟုတ်လား'

ထိုအမေးကြောင့် တုယင်း ၏ တွေးမျှင်လေးများ ရုတ်ခြည်းပြတ်တောက်သွားရပြီး လှုပ်လှုပ်ရှားရှားဖြစ်သွားရကာ သူ့မိဘများနှင့် ခွဲခွာ၍ ရပ်ဝေးသို့ ထွက်ခွာလိုက်သည့် စွန့်စားမှုသတ္တိ ရှိမရှိ အရင်ဆုံးဆန်းစစ်မိ လိုက်၏၊

'ငါသိုင်းပညာတတ်မြောက်ဖို့ မိဘတွေကို ခွဲထွက်နိုင်ဖို့



အရေးကြီးတယ်၊ ဒါမှလဲ ငါလိုလားတဲ့ သိုင်းပညာရှင်ကြီး တစ်ယောက်ဖြစ်လာရမှာ'

နောက်ဆုံး သူ သိုင်းပညာတတ်မြောက်ရန်အတွက် သူ၏ မိဘနှစ်ပါးကို ဘျာခိုင်းခွဲခွာဖို့ ယတိပြတ်တွေးတောစဉ်းစား မိလိုက်၏၊

ဒါကြောင့် တုယင်းမှာ မိန်းမချောထံ အကြည့်စူးရောက် ရင်း....

'ကျွန်တော် သိုင်းပညာတတ်မြောက်ဖို့ဆိုရင် ကျွန်တော် မိဘတွေနဲ့ ခွဲခွာနိုင်ပါတယ်၊ ကျွန်တော် တစ်ချက်တွေးတော စဉ်းစားမိဘာက'

စကားကြော ခေတ္တပြတ်တောက်သွားပြီးနောက် တုယင်းမှာ မိန်းမချောလေးထံ အကြည့်ရောက်သွားမိ၏။

ထိုစဉ် မိန်းမချောလေးက နဖူးကြောတွန့်ကာ တုယင်းသို့ အကြည့်ရောက်ရင်း....

'ရှင်....တစ်ချက်စဉ်းစားမိဘာကလဲ ဆိုစမ်းပါဦး'

လှမ်းမေးလာတော့ တုယင်းကသက်ပြင်းမသိမသာ ချလိုက်ပြီးနောက်....

'သြော် ကျွန်တော်ခင်ဗျားနောက်လိုက်ခဲ့ရတာ အကြောင်း မဟုတ်ပေမယ့် ခင်ဗျား၏ အိမ်သားစုတွေအတွက် အနှောင့် အယှက်များ ဖြစ်သွားမလားဘဲ စိုးရိမ်မိတာပါ၊ ပြီးတော့ ကျွန်တော့်ကြောင့် ခင်ဗျားပါ ပတ်ဝန်းကျင်က တစ်မျိုးထင် မှတ်ကြပြီး ဝိုင်းဝန်းကဲ့ရဲ့ကြမှာကိုလဲ ကျွန်တော်တွေးမိတာ ပါခင်ဗျာ'

ပြောလိုက်တော့ မိန်းမချောလေးမှာ အပြုံးယဲ့ယဲ့ ပြုံးလိုက်ပြီးမှ....

'ရှင့်ကို ကျွန်မ အတူလိုက်ဖို့ ခေါ်ဆောင်လိုက်ပြီ ဆိုကတည်းက ရှင် စီးရိမ်ပူပန်ကြောင့်ကျတဲ့ကိစ္စတွေကို ကျွန်မ မိန်းမသားက ကြိုပြီး တွေးတောစဉ်းစားပြီးပါပြီ၊ ဒီအတွက် ရှင် စိတ်အေးလက်အေးတာထားပါ၊ ကဲ....ကျွန်မနဲ့သာလိုက်နိုင်မလိုက်နိုင်ကိုသာ စဉ်းစားဆုံးဖြတ်ပါ'

ဟု ယတိပြတ်လှမ်းမေးလာတော့သည်။

✻ ✻ ✻

## အခန်း (၁၂)

## မိုးရှုံ့ရဲ့အရိပ်တူ

သူ့အား သိုင်းပညာသင်ကြားစေရန်အတွက် မိန်းမချောလေးမှာ စိတ်ရင်းဖြူစွာဖြင့် သူမ၏ ဂုဏ်သိက္ခာထိခိုက်လာမှုကိုဂရုမမူဘဲ အတူလိုက်နေရန် ပွင့်လင်းစွာ ဖိတ်ခေါ်လာချေပြီ....။

သူသင်ကြားမည့်သူက မိန်းမချောလေးနှင့်အတူ ကျိုးသင်မြို့သို့လိုက်ပါဖို့ ယတိပြတ်ဆုံးဖြတ်ကာ အဖြေပေးဖို့ပဲလိုပေတော့၏။

ပြောရမည်ဆိုလျှင် ထိုသို့သူ့အား မိမိနေရပ်သို့ခေါ်ဆောင်၍ သိုင်းပညာသင်ကြားပေးမည့်မိန်းမချောလို စိတ်ထားဖြူစင်သည့်လူမျိုး ကမ္ဘာတစ်ခွင်လုံး နောက်ထပ် ကုယင်းရှာတွေ့တော့မည်မဟုတ်ကြောင်း တွေးတောသုံးသပ်မိ၏။

ပြီးတော့ အခုမိန်းမချောလေးမှာ သူနှင့် သက်တူရွယ်တူ မတိမ်းမယိမ်းဖြစ်သော်လည်း သိုင်းပညာအဆင့်အတန်းမှာမူ မြင့်မားလျက်ရှိသည်ကို ကျောက်ကြီးလူဆိုးညီအစ်ကိုတို့ကို တိုက်ခိုက်လိုက်သည့်အခြေအနေအား ကြုံတွေ့လိုက်ရကတည်းက သိရှိပြီးဖြစ်၏။

ဒါကြောင့်....

တုယင်းမှာ မိန်းမချောလေးနှင့်အတူ ကျိုလင်မြို့သို့ လိုက်ပါရန် ယတိပြတ်တွေးတော၍ ဆုံးဖြတ်ချက်ချလိုက်မိ၏။

သို့ဖြစ်၍ တုယင်းမှာ အရက်ထဲမှ အရက်အချို့ကို တစ်ကျိုက်တည်းမော့သောက်လိုက်ပြီး....

'ကျွန်တော် အစ်မလေးနဲ့အတူလိုက်ပြီး သိုင်းပညာသင်ကြားဖို့ တွေးတောဆုံးဖြတ်လိုက်ပါပြီ၊ အခုလို ကျွန်တော့်ကို သိုင်းပညာသင်ကြားပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်'

သည့်တွင် မိန်းမချောလေးက ကြည်ရွှင်စွာပြုံးရယ်လိုက်ကာ...

'ကျေးဇူးတင်ဖို့ထက် ကြိုးစားဖို့ကပိုအရေးကြီးပါတယ်'

တုယင်းကပြုံး၍ ခေါင်းကဆတ်ဆတ်ညိတ်လိုက်ပြီး....

'ဟုတ်....ဟုတ်ကဲ့ ကျွန်တော်ကြိုးစားပါမယ်၊ ဒါနဲ့ ခင်ဗျားနောက်ကို ကျွန်တော်ဘယ်တော့လိုက်ခဲ့ရမှာလဲ'



မေးလိုက်တော့ မိန်းမချောလေးက သူ့ကိုရှုရှောင်းလက်သော မျက်ခန်းအစုံတို့နှင့် စိုက်ကြည့်ပြီး....

'ကျွန်မ ဒီကနေ့ ကျိုလင်မြို့ကိုတိုက်ရိုက်ပြန်တော့မှာ၊ ရှင်ကတော့ ကျွန်မဆီကသိုင်းပညာသင်ကြားချင်ရင် အခုပဲလိုက်ခဲ့ပေတော့'

ဟု ပြောဆိုကာ သူ့ကို ပွမ်းအကဲခတ်လာ၏။

လောလောဆယ်သတ်သတ်လိုက်ရမည်ဟု သူ ကြားသိလိုက်ရသောအခါ သူ့ကုင် အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် သူချားမြို့သို့ နှစ်ရက်ရှည်စွာနေထိုင်ရမည်မို့ သည်ကိုင်းလိုက်သွားရန်မဖြစ်သေးချေ၊ ထိုကြောင့် သူက သူမကိုကြည့်ကာ....

'အစ်မလေး အခုအဝတ်တစ်ထည်ကိုယ်တစ်ခုဆိုတော့ ဒီအတိုင်းလိုက်လို့မဖြစ်သေးပါဘူး၊ ကျွန်တော်ခဏလေးအိမ်ပြန်ပြီး ပစ္စည်းပစ္စယလေးသွားယူပါရစေ'

'ရှင်သွားယူတာတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် ရှင့်အိမ်ကသိသွားရင် ဘယ်နှယ်လုပ်မလဲ'

'မသိစေရပါဘူး၊ အစ်မလေး ဒီကပဲခဏစောင့်ဆိုင်းနေပါ၊ ကျွန်တော် အိမ်အခုပြန်လိုက်ပါမယ်'

ပြောတော့ သူမလ ခေါင်းလေးတစ်ချက်ညိတ်လိုက်ပြီးနောက်....

'ကောင်းပြီ၊ ဒါပေမယ့် ကျွန်မ ရှင့်ကိုအချိန်ကြာကြာမစောင့်ဆိုင်းနိုင်ဘူးနော်'

‘စိတ်....စိတ်ချပါ၊ သိပ်အချိန်မကြာစေရပါဘူး’

ထိုသို့ သူကပြောဆိုပြီး ပန်းကိုးပွင့်စားတော်ဆက်အတွင်းမှ ခပ်သုတ်သုတ်လေးထွက်သွားလေ၏။

ထိုအခါ မိန်းမချောလေးမှာ သူမအားကျောခိုင်းထွက်သွားသော တုံယင်း၏ကျောပြင်ကို ငေးစိုက်ကြည့်ရင်းက အဓိပ္ပာယ်ဆောင်သောအပြုံးတစ်ချက် ပြုံးနှိယ်လိုက်လေ၏၊

ယင်းသို့ သူမ ပြုံးရယ်လိုက်သောအပြုံးတွင် လျှို့ဝှက်မှုအချို့ ယှက်သန်းလျက်ရှိနေသည်

ရေနွေးအိုးနှင့် အိုးကျက်ခန့်ကြာသောအခါ တုံယင်းမှာ ခရီးဆောင်ကျောပိုးအိတ်တစ်လုံးကို လွယ်ပိုးလျက် ပန်းကိုးပွင့်စားတော်ဆက်သို့ ပြန်လည်ရောက်ရှိလာ၏။

သူ မိန်းမချောလေးနှင့် မျက်နှာချင်းဆိုင်ထိုင်ခုံတစ်လုံးတွင် ဝင်ရောက်ထိုင်မိသောအခါ သူမက အပြုံးယဲ့ယဲ့ဖြင့်....

‘ရှင်သွားတာ မြန်သားပဲ’

ချိုးကျူးသံလေးဖြင့် ပြောဆိုလာမှုကြောင့် တုံယင်းမှာ သူ့နဖူးပြင်ပေါ်မှ ပိုးပိုးပေါက်ပေါက် ထွက်လျက်ရှိသော ချွေးသီးချွေးပေါက်များက အဝတ်တစ်ထည်နှင့် သုတ်သင်လိုက်ပြီးမှ....

‘မြန်သို့ ကျွန်တော့်မြင်းဖြူကြီးကို ဒုန်းစိုင်းနှင်သွားရတာကိုး’



‘ဪ....ဒါနဲ့ ဒီလောက်အကြာကြီး စကားပြောဆိုနေကြတယ်၊ တစ်ယောက်နာမည်တစ်ယောက် မသိကြရသေးပါလား’

နာမည်နာမကိုဖော်ပြောဖို့ အရေးဆိုလာသဖြင့် တုံယင်းက မဆိုင်းမတွပင်....

‘ကျွန်တော့်နာမည်က တုံယင်းပါ’

‘ကျွန်မနာမည်က ပိုးရုံပါရှင်’

‘ဪ....အစ်မနာမည်က ပိုးရုံတဲ့လား’

‘ဟုတ်ပါတယ်ရှင် ကျွန်မတို့အချိန်ရှိတုန်း ခရီးထွက်ကြရအောင်’

‘ဟုတ်....ဟုတ်ကဲ့’

ဟု ဆိုကာ တုံယင်းက ကုန်ကျစရိတ်ရှင်းလင်းရန်အတွက် စားပွဲထိုးလေးကို လက်ယပ်လှမ်းခေါ်လိုက်၏။

ထိုအခါ စားပွဲထိုးလေးမှာ တုံယင်းစားပွဲသို့ရောက်ရှိလာလေသည်၊ ထိုအချိန်တွင် မိန်းမချောလေးမှာ ယူမနုကိုဆိုင်၍ စားသောက်ခဲ့သော စားပွဲသို့ သွားရောက်၍ သူ့ခရီးဆောင်ကျောပိုးအိတ်ကို ယူဆောင်နေလေ၏။

သူ့စားပွဲအနားသို့ ရောက်ရှိလာသောစားပွဲထိုး လူငယ်က တုံယင်းထံအကြည့်ရောက်ရင်း....

‘ဘာကိစ္စရှိလို့လဲအစ်ကိုလေး’

‘ခြော်....ငါတို့စားသောက်ထားတဲ့ ကုန်ကျစရိတ်ကိုရှင်းပေးဖို့ မင်းကိုခေါ်တာပါ’

သည်တွင် စားပွဲထိုးလူ ငယ်က ခေါင်းတစ်ချက် ခါယမ်းလိုက်ကာ...

‘အစ်ကိုလေး ရှင်းစရာမလိုတော့ပါဘူး’

မမျှော်လင့်သောစကားကို ကြားလိုက်ရသောကြောင့်စားပွဲထိုးလူငယ်ထံ တအံ့တသြကြည့်ရင်း....

‘ဘာလို့ ငါရှင်းစရာမလိုတော့တာတုန်း’

‘ဟိုအစ်မလေးအားလုံး စာရင်းရှင်းသွားလို့ပါ’

‘ခြော်....မမပိုးရှံက စာရင်းရှင်းလိုက်တာကိုး ဒါဆိုလဲပြီးရောပေါ့ကွာ’

‘ဟုတ်ကဲ့’

သည်နောက် စားပွဲထိုးလူငယ်လေးက ဦးတစ်ချက်ညွှတ်ပြီးကျောခိုင်းထွက်ခွာသွားလေ၏၊ ထိုစဉ်ပိုးရှံ သူ့စားပွဲဆီသို့ ခရီးဆောင်ကျောပိုးအိတ်ကို ပိုးလွယ်ရင်း ရောက်ရှိလာလေသည်။

‘အစ်မပိုးရှံ ကုန်ကျစရိတ်တွေရှင်းလိုက်တယ်ဆို’

မကျေမနပ်ရေယွှက်ပါဝင်လာသော လေသံဖြင့်တုံ့ယင်းက ပိုးရှံကိုလှမ်းမေးလိုက်လေသည်။



သည်တော့ ပိုးရှံက ခေါင်းတစ်ချက် ညိတ်လိုက်ပြီးနောက်....

‘ဟုတ်တယ်လေ ဘာဖြစ်လို့လဲ’

‘ဟာ....မဟုတ်တာ ကျွန်တော်စားသောက်တဲ့စာရင်းကျွန်တော်ရှင်းမှာပေါ့’

ထိုအခါ ပိုးရှံက အသံသွင်လွှင်လေးဖြင့် ရယ်မောလိုက်ကာ....

‘ကိုတုံ့ယင်းရယ် ကျွန်မရှင်းလိုက်တော့ ဘာဖြစ်သလဲ၊ ကဲကဲ သွားကြရအောင်’

သည်နောက်တော့ ပိုးရှံနှင့်တုံ့ယင်းတို့သည် ပန်းကိုးပွင့်စားသောက်ဆိုင်အတွင်းမှ လှမ်းထွက်ခဲ့ကြလေ၏။

သို့နှင့်သူတို့နှစ်ဦးတို့သည် မြင်းကိုယ်စီစိုင်းနှင်လျက် ပန်ဘူးမြို့လယ်မှနေ၍ မြို့ထွက်ပေါက်ဆီသို့ ဦးတည်ရွေ့လျားလာကြလေသည်။

သို့ဖြင့် သူတို့ ခရီးနှင်လာခဲ့ကြရာ မိုးစုန်းစုန်း ချုပ်သောအခါ တောအုပ်တစ်အုပ်ဆီသို့ ရောက်ရှိလာကြ၏။

သည်တွင် ပိုးရှံထံအကြည့်ရောက်ကာ....

'ကိုတုံယင်း ရှေ့ခရီးထွက်ဖို့ အချိန်မစောတော့ဘူး၊ ဒီညတော့ ဒီတောအုပ်လေးထဲမှာပဲ ခရီးတစ်ထောက်နားပြီး အိပ်စက်ကြတာပေါ့ရှင်'

ပြောဆိုလာတော့ တုံယင်းက ခေါင်းဆတ်ခနဲ ညိတ်လိုက်ပြီး....

'ဟုတ်ကဲ့ အစ်မပိုးရှံ'

'ဒါဆို အောက်ခြေရှင်းတဲ့ သစ်ပင်ကြီး တစ်ပင်အောက် နေရာရှာဖွေလိုက်ကြတာပေါ့'

'ဟုတ်ကဲ့'

သည်နောက်သူတို့နှစ်ယောက်သည် တောအုပ်လေး အတွင်းသို့ဝင်ရောက်လာခဲ့ကြလေသည်၊

ပြီးလျှင် အောက်ခြေရှင်းလင်းသော သစ်ပင်ကြီးအောက်တွင် သူတို့၏ ခရီးဆောင် ကျောပိုးအိတ်များကို ချလိုက်ကြလေသည်။

ထိုစဉ်မှာပင် အလိုက်သိလွန်းသော တုံယင်းက ပိုးရှံထံ အကြည့်ရောက်ကာ....

'အစ်မ ကျွန်တော်ညမီးလှုံဖို့ ထင်းချောင်းတွေ သွားရှာလိုက်ဦးမယ်'



ပြောလာတော့ ပိုးရှံမှာ ပတ်ဝန်းကျင် အခြေအနေကို အကြည့်တစ်ချက် ဝေ့ဝဲကြည့်ရှုကာ လှမ်းအကဲခတ်ကြည့်လိုက်ပြီးနောက်....

'အင်း....အလင်းရောင်တော့ရှိပါသေးတယ်၊ ကိုတုံယင်း သိပ်ဝေးဝေးတော့မသွားပါနဲ့ ခေါ်ကြားရုံလောက် နေရာဆို ဒီညမီးလှုံဖို့ထင်းချောက်တွေ့ရနိုင်ပါတယ်'

ခပ်ဝေးဝေးနေရာသို့ သွားရောက်ကာ ထင်းခြောက်ရှာမည်ကို စိုးရိမ်ကြောင့်ကျမိပြီး ပိုးရှံက တုံယင်းထံ သတိပေးလိုက်လေသည်၊ ထိုအခါ တုံယင်းမှာ ခေါင်းတစ်ချက်ညိတ်လိုက်ကာ....

'ဟုတ် ဟုတ်ကဲ့ အစ်မပိုးရှံ'

ဟုဆိုပြီး တောအုပ်အတွင်းသို့ ဝင်ရောက်သွား၏။

ထိုစဉ် သူမမှာ ခရီးဆောင်ကျောပိုးအိတ်ထဲမှ အခင်းသားရေချပ်ကို ဆွဲထုတ်ယူပြီးနောက် သစ်ပင်ကြီး၏ခြေရင်းတွင်ကပ်လျက် ဖြန့်ခင်းလိုက်၏။

ထိုအချိန်တွင် တောအုပ်လေးဆီသို့ဦးတည်လျက် ရောင်စုံမီးပုံးလေးများ တောအုပ်လေးအနားသို့ ရောက်ရှိလာကြလေသည်။

'ဟူး ဟူး ဟူး'

'ဝီး ဝီး ဝီး'

'ဟင်....လူတစ်စုတော့ ငါနေတဲ့တောအုပ်ထဲဝင်ရောက်လာကြပြီနဲ့တူတယ်'

တောအိပ်အစပ်မှာ လေအလျဉ်းတိုက်ခြင်းမရှိဘဲ သစ်ဖိုးသစ်ခက် သစ်ရွက်များ ပြတ်တရက် ရွေ့လျားလှုပ်ခတ်သံများကို ပိုးရုံ၏ အကြားအာရုံမှ ပုံပုံပြင်ပြင်ကြားလိုက်ရသဖြင့် အထက်ပါအတိုင်း နှုတ်မှ ရေရွတ် ပြောဆိုလိုက်မိလေသည်၊

ဟုတ်ပါသည်၊ ရောင်စုံမီးပုံးလေးများ တောလမ်းအတိုင်း တောအုပ်အတွင်းဆီသို့ လေပွေတိုက်ခတ်လာသယို တစ်ဟူးဟူးလွင့်မျောရောက်ရှိလာကြ၏။

သည်တွင် ပိုးရုံမှာ မကြာခင်အန္တရာယ်ကျရောက်လာတော့မည့်အရိပ်အငွေ့တို့ကို ခံစားသိရှိလိုက်ရပြီး....

'အင်း....အခုရောက်လာမယ့်လူတွေက ငါ့ကိုရန်ရှာမယ့်လူတွေပဲဖြစ်နိုင်တယ်၊ ငါသစ်ပင်ပေါ်တက်ပြီး ဒီလူတွေအခြေအနေ လှမ်းအကဲခတ်ကြည့်ရှုရမယ်'

ထိုသို့ သူမ တွေးတောဆုံးဖြတ်လိုက်ပြီးနောက် သစ်ပင်ကြီးပေါ်သို့ ကိုယ်ဖော့ပညာအသုံးပြု၍ ငှက်တစ်ကောင်ပမာ အလား ပျံဝဲတက်ရောက်သွား၏။

'ဟူး ဟူး ဟူး'

သူမ သစ်ပင်ထိပ်ဖျားဆီသို့ ပျံဝဲရောက်ရှိသွားပြီး မကြာခင်ပင် သစ်ပင်ကြီးအောက်သို့ ရောင်စုံမီးပုံးကိုယ်စီကိုင်ဆောင်ထားကြသော ပိန်ပိန်လှီလှီလူဆယ်ယောက်တို့ ရောက်ရှိလာသည်။



စင်စစ်တော့ ယင်းအရိုးပဒေသာပမာ ဖြူရော်ပိန်လှီသျှက်ရှိကြသော မီးပုံးရှင် ဆယ်ယောက်တို့မှာ မေတ္တာမဲ့တောင်ကြားမှ ဝိညာဉ်ဖြူဂိုဏ်းသားများဖြစ်ကြ၏၊

ဟုတ်ပါသည်၊ မေတ္တာမဲ့တောင်ကြားမှ သေမင်းတမန်တော် ဝိညာဉ်ဖြူဂိုဏ်းသား ဆယ်ယောက်တို့ပင် ဖြစ်ကြလေသည်။

ယင်းမီးပုံးကိုယ်စီ ကိုင်ဆောင်ထားကြသော သေမင်းတမန်တော် ဆယ်ဦးတို့မှာ အဖြူရောင်ဝတ်ရုံကြီးများကိုလွှမ်းခြုံထားသည်၊ သူတို့၏မျက်နှာအသီးသီးတို့မှာလည်း အရိုးခေါင်းများသဖွယ် အရိုးပေါ်အရေတင် မျက်ကွင်းဟောက်ပက် ပါးပြင်းခွက်လျက် နှာတံပိပြားလျက် ရှိနေကြလေသည်။

ကြည့်ရသည်မှာ ဝိညာဉ်နက်ဘဝရှိ ဖြူကြီးများအသွင်ရှိနေကြ၏။

ထိုအခိုက် သေမင်းတမန်တော် ဝိညာဉ်ဖြူဂိုဏ်း ဆယ်ဦးထဲမှ ခေါင်းဆောင်ဟုဆင်ရသော အရပ်မြင့်မြင့် ဂိုဏ်းတစ်ဦးက....

'ဟေ့ ဒီမိန်းမကြီး ငါတို့အဖွဲ့တွေ နောက်ယောင်ခံလိုက်လာမှန်းသိလို့ တစ်နေရာရာမှာ သွားပုန်းအောင်းနေပြီနဲ့တူတယ်'

ထိုစကားကြောင့် အရပ်ပုပုဂိုဏ်းသားက အဓိပ္ပာယ်ပါပါပြုံးလိုက်ပြီး....

'သူ မြေအောက်မှာ ပုန်းအောင်းနေတာ မဟုတ်ပါဘူး၊

ကောင်းကင်ယံပေါ်မှာပါ'

ပြောလုလုတော့ မေတ္တာမဲ့တောင်ကြားမှ သေမင်းတမန်တော်အဖွဲ့သားများ သစ်ပင်ကြီးပေါ်သို့ပြိုင်တူမော့ကြည့်လိုက်သည်။

ထိုအခါ အဖွဲ့ခေါင်းဆောင် အရပ်မြင့်မြင့် ဝိညာဉ်ဖြူက ကြောက်မက်ဖွယ်ရာ တစ္ဆေသံကြီး ဟစ်လိုက်ပြီး....

'ဟ ီး ဟ ီး ဟား ဝိုင်း ဝိုင်း'

ယင်းသို့ အဖွဲ့ခေါင်းဆောင်က သစ်ပင်မြင့်ကြီးကို ပတ်ဝိုင်းရန်အတွက် အမိန့်ပေးလာသဖြင့် သေမင်းတမန်တော်ဝိညာဉ်ဖြူ ဂိုဏ်းသားများမှာ မီးပုံများ ကိုင်ဆောင်ကြလျက် သေထုထဲသင်လွင့်မျောကာ သစ်ပင်ကြီးကို ပတ်ပတ်လည် ဝိုင်းရံလိုက်ကြ၏။

'ဟ ီး ဟ ီး ဟား ဟား ဟူး ဟူး'

ကြောက်ရွံ့တုန်လှုပ်ဖွယ် ကောင်းလောက်အောင်ပင် သေမင်းတမန်တော် ဝိညာဉ်ဖြူဂိုဏ်းသားများ ရေရွတ်ပြောဆိုကြရင်း သစ်ပင်မြင့်ကြီးကို ပတ်ပတ်လည် ဝိုင်းရံမိကြလေသည်။

ထိုစဉ် အဖွဲ့ခေါင်းဆောင်က ကျယ်လောင်သောအသံကြီးဖြင့် အော်ဟစ်အမိန့်ပေးလာသည်မှာ....

'သေမင်းတမန်တော်ကို ဝိညာဉ်ခေါ် ဝိညာဉ်ခေါ်'

'ဟ ီး ဟ ီး ဟား ဟား ဟူး ဟူး'

အမိန့်သံဆုံး သည်နှင့် မေတ္တာမဲ့တောင်ကြားမှ ဝိညာဉ်ဖြူဂိုဏ်းသားများက တစ္ဆေဟ ီးသံများ ပြိုင်တူအော်ဟစ်ရင်း



ခေါင်းတဆက်ဆက်ညိတ်လိုက်ကြ၏။

ဖြီးလျှင် ယင်းသေမင်းတမန်တော် ဝိညာဉ်ဖြူဂိုဏ်း သားများ၏ ရှည်လျားချွန်မြလျက်ရှိသော လက်သည်းရှည်ကြီးများဖြစ်သည့် ဘယ်လက်အသီးသီးတို့ ညာလက်ထဲတွင် ကိုင်ဆောင်ထားကြသော ရောင်စုံမီးပုံးများပေါ်သို့ အုပ်မိုးရောက်ရှိလာ၏။

သည်နောက် ယင်း ဘယ်ဘက်လက်ဝါး အသီးသီးထဲမှ အဖြူရောင်အမှုန့်များ ရောင်စုံမီးပုံးများအပေါ်သို့ တဖြည်းဖြည်း ဖြူးချလာသည်၊ ထိုအခါ တဖြည်းဖြည်း ဖြူးချလာသော အဖြူရောင်အမှုန့်များမှာ မီးပုံးထဲမှ ထွန်းတောက်နေသည့် မီးရောင်နှင့်တွေ့ဆုံပြီး အဖြူရောင် အငွေ့လုံးကြီးများ အဖြစ် ပြောင်းလဲထွက်ပေါ်လာ၏။ ပြီး အဖြူရောင်အငွေ့လုံးကြီးများက တရွေ့ရွေ့ဖြင့် ဝန်းကျင်တစ်ခုလုံးကို မြူနှင်းများသဖွယ် ခြုံလွှမ်းသွားလေသည်။

* *

ပြောရမည်ဆိုလျှင်

ယင်းမြူနှင်းလုံးသဖွယ် ပတ်ဝန်းကျင်လက်အောက်လွှမ်းခြုံလာသော အမြူရောင်အငွေ့လုံးများမှာ သာမန်အငွေ့များ မဟုတ်ကြပါချေ။

ဝိညာဉ်ခေါ် အဆိပ်ငွေ့များပင်ဖြစ်၏။

ထိုဝိညာဉ်ခေါ် အဆိပ်ငွေ့များကြောင့် သစ်ပင်ပေါ်ဖက်တွင် တက်ရောက်နေသော ပိုးရှုံမှာ အသက်ရှူကြပ်ကာ ဆက်လက်မနေနိုင်တော့သဖြင့် ငှက်တစ်ကောင်ပမာအလား ပျံခဲ၍ အဆိပ်ငွေ့များ လွှမ်းခြုံနေသည့် နေရာနှင့် ဝေးကွာသော နေရာဆီသို့ ရွှေ့လျားရောက်ရှိသွား၏။

ပိုးရှုံသည် သစ်ပင်များရှင်းလျက်ရှိသော တောင်ကုန်းခေါင်သို့ ပျံစဲရောက်ရှိသွား၏။

သူစိတ်ထဲတွင် စိုးရိမ်ပူပန်နေသည်က တုံ ယင်းတစ်ယောက်ထင်းခွေပြီး ဝိညာဉ်ခေါ် အဆိပ်ငွေ့များပျံ့နှံ့နေသောနေရာသို့ ရောက်ရှိလာသည်ကိုပင်။

ထိုအခိုက်မှာပင် ရောင်စုံမီးပုံးများမှာ လေထဲဝယ် လျှင်မြန်စွာ လွင့်မျောလာကြပြီး ပိုးရှုံရပ်လျက်ရှိသည့်တောင်ကုန်း ဝတ်ပတ်လည်ကို ဝိုင်းရံလာကြလေသည်၊

'ဟူး ဟူး ဟူး'



'ဟင် ငါ့ကိုသေမင်းတမန်တော် ဝိညာဉ်ဖြူဂိုဏ်းသားတွေ ဝိုင်းရံလာကြပါလား'

ထိုသို့ပိုးရှုံတအံ့တသြရေရွတ်နေစဉ်ပင် ရောင်စုံမီးပုံးအသီးသီးတို့ကိုင်ဆောင်လာကြသော သေမင်းတမန်တော်ဝိညာဉ်ဖြူဂိုဏ်းသားများ ဝိုင်းရံလျက် တောင်ကုန်းထိပ်ပေါ်သို့ တရွေ့ရွေ့ချဉ်းကပ်ရောက်ရှိလာကြလေ၏။

ထိုအခိုက် ပိုးရှုံမှာ သူ့ခါးကြားထဲမှ ထိုးထားသော ကျောက်စိမ်းပုလွေရှည်ကြီးကို ဖြတ်ခနဲ ဆွဲထုတ်လိုက်လေ၏။

ပြီးနောက် ပိုးရှုံကသူ့အား စက်ဝိုင်းသဏ္ဍာန်ဝိုင်းရံလာကြသော သေမင်းတမန်တော်ဝိညာဉ်ဖြူ ဂိုဏ်းသားများသို့ မကျေမချမ်းစူးစိုက်ကြည့်ရင်း....

'ရှင်တို့ ကျွန်မကို ဘယ်လိုအကြောင်းကြောင့် ရန်မြူလာကြတာလဲ'

ယင်းစကားကြောင့် သေမင်းတမန်တော်ဝိညာဉ်ဖြူဂိုဏ်းသားခေါင်းဆောင်အရပ်မြင့်မြင့်လူက....

'ဒီမယ် သူများကိုဟန်ဆောင်လို့ရပေမယ့် ကျုပ်တို့မျက်စိ မဲ့တောင်ကြားက သေမင်းတမန်တော် ဝိညာဉ်ဂိုဏ်းအဖွဲ့ကို ဟန်ဆောင်ဖုံးကွယ်လို့မရပါဘူး၊ ခင်ဗျားကြီးမျက်နှာပေါ်က မျက်နှာအရည်ခွံအတုကိုခွာထုတ်လိုက်စမ်းပါ'

ယင်းသို့တစ်ဘက်ရန်သူက တိုတိုပပပြောဆိုလာမှုကြောင့် ပိုးရှု၏ မျက်နှာအရည်ခွံစွက်ကာ ရုပ်ပြောင်းရုပ်လွှဲလုပ်လာသောနတ်ဆိုးဆံဖြူမယ်တော်ကြီး ကွေ့ရှုလျှံမှာ သူ့မ၏ဇာတိရုပ်သွားခန့်ပေါ်ပေါက်လာရလေသည်။

ဟုတ်ပါသည်၊ အနန်တော့ ကွေ့ရှုလျှံမှာ သိုင်းလောကထဲတွင်လွှတ်လွှတ်လပ်လပ်လှုပ်ရှားနိုင်ရန်အတွက် ပိုးရှု၏မျက်နှာဖုံးအရည်ခွံကို လုပ်ဆောင်၍စွပ်ပြီး ရုပ်ဖျက်လိုက်ခြင်းဖြစ်လေသည်။

ပြီးပိုးရှု၏အလောင်းကို သူ့မျက်နှာမျက်နှာဖုံးကိုစွက်၍မြှုပ်နှံခဲ့လေ၏။

ဒါသည်မှာလည်း ကွေ့ရှုလျှံရှေ့ကိုကြိုတွေးမြင်၍အကွက်ကျကျလှုပ်ရှားထားခဲ့ခြင်းဖြစ်လေ၏၊ အကယ်၍များ ပိုးရှုံကိုမြားဖြင့်ပစ်ခွင်းလုပ်ကြံခဲ့သော ဟုမ်ကျင်းမှာ ပိုးရှုသူ့မြားချက်ဖြင့်သေဆုံးသွားသည်လော၊ ဒါမှမဟုတ် လွတ်မြောက်ရှင်သန်သွားသည်လော တပ်အပ်သိလို၍ ကျောက်မျက်ရည်တောင်ပေါ်သို့ လာရောက်စစ်ဆေးလိမ့်မည်ဟု ကွေ့ရှုလျှံက တတစ်ချက်ဆထားလေ၏။

ထိုအခါကျတွင် သူ့ဘဝသေဆုံးသွားပြီဟု ထင်မှတ်သွားရအောင် သူ၏မျက်နှာပုံတူမျက်နှာဖုံးကို သေဆုံးသွားခဲ့သော ပိုးရှုမျက်နှာပေါ်သို့ ပိပိယိယိသေသေသပ်သပ်ဝှက်ခဲ့ခြင်းဖြစ်လေ၏၊ တကယ်လည်းဟုမ်ကျင်းမှာ သူမြားချက်ကြောင့်ကွေ့ရှုလျှံသေဆုံးသွားပြီဟု ထင်မှတ်ယုံကြည်သွားမလေ၏။



ပေါ အခုတော့သူ့ခြေလှမ်းကိုကြိုတွက်ဆမြင်မိကြသော မေတ္တာမဲ့တောင်ကြားမှ သေမင်းတမန်တော်ဝိညာဉ်ဖြူသားများက ခြေရာခံမိကာ ကွေ့ရှုလျှံကို ဝိုင်းရံထားမိကြလေပြီ၊

ပြောရမည်ဆိုပါက မေတ္တာမဲ့တောင်ကြားမှ သေမင်းတမန်တော်ဝိညာဉ်ဖြူဂိုဏ်းချုပ်ကြီးဖြစ်သော မေတ္တာမဲ့သခင်ကြီး မှုန်းကိုရင်မှာ အဖြူရောင်ဂိုဏ်းအဖွဲ့ဝင်တစ်ဦး ဖြစ်၏။

ဒါကြောင့်မေတ္တာမဲ့သခင်ကြီး မှုန်းကိုရင်သည် သိုင်းလောကကိုပျက်စီးရာ ပျက်စီးကြောင်း ဆိုးသွမ်းသောင်းကျန်းနေကြသော အမည်းရောင်ဒုစရိုက်ဂိုဏ်းများအား သုတ်သင်ရှင်းလင်းရန်တည်ထောင်ထားသည့် သေမင်းတမန်တော်ဝိညာဉ်ဖြူဂိုဏ်း၊ အဖွဲ့ဖြင့်လိုက်လံထောက်လှမ်းခြေမှုန်း သုတ်သင်နေခြင်း ဖြစ်လေသည်။

အခုလည်း သေမင်းတမန်တော်ဝိညာဉ်ဂိုဏ်းက ကွေ့ရှုလျှံရုပ်ပြောင်းရုပ်လွှဲလုပ်၍ သိုင်းလောကထဲ ခြေချလာသည်ကိုခြေရာခံမိပြီး သည့်တော်အုပ်လေးထဲတွင် ဝိုင်းရံဖမ်းမိခြင်းဖြစ်လေသည်။

ကွေ့ရှုလျှံသည် ကျောက်စိမ်းပုလွေရှည်ကို သူ့နှုတ်ခမ်းမှာတေ့၍ မရှေးမနှောင်းတိုင်းဘောသွား တစ်ပုဒ်အား တီးမှုတ်လိုက်လေသည်။

ယင်းတေးသွားကို ကြားရသူအဖို့ နားစည်ပေါက်ကွဲထွက်မတတ် ဝေဒနာဆိုးအားခံစားရပြီး စိတ်အစဉ်တို့မှာလည်း ဆောက်တည်ရာမရရူးသွပ်စွာခံစားရလေ၏။

ထိုအချိန်တွင် ကွေ့ရှုလျှံကို ပတ်ပတ်လည်ဝိုင်းရံထားကြသောမေတ္တာမဲ့တောင်ကြားမှ သေမင်းတမန် ဝိညာဉ်ဖြူဂိုဏ်းသားများမှာ ရပ်တည်နိုင်ခြင်းမရှိဘဲ လေဝယ် လွင့်မျောပျံသန်းကာ ချားရဟတ်နှယ် ပတ်ပတ်လည် ဝိုင်းရံလာလေ၏။ အဝေးကြည့်မြင်ရလျှင် တောင်ကုန်းပေါ်တွင် မတ်တပ်ရပ်လျက် ကျောက်စိမ်းပုလွေရှည် သီမှုတ်နေသော မိန်းမချောလေးကို ဘေးပတ်ပတ်လည်တွင် မီးပုံများပျံ့ဝဲ ရစ်ပတ်နေသည့်ဟန်နှယ်ရှိနေပေတော့သည်။ အမှန်သေမင်းတမန်တော် ဝိညာဉ်ဖြူဂိုဏ်းသားများမှာ ကွေ့ရှုလျှံကို ချားရဟတ်နှယ် ပျံ့ဝဲရစ်ပတ်ရင်း ကျောက်စိမ်းပုလွေသံအား ခုခံကာကွယ်နေခြင်းဖြစ်လေ၏။ သည်တွင် ကွေ့ရှုလျှံမှာ....

မရဏမုန်တိုင်းတေးသွားကို စဉ်ဆက်မပြတ်သီမှုတ်နေလေသည်။

ထိုအခိုက်မှာပင် ချားရဟတ်နှယ်မရပ်မနား ပျံ့သန်းရစ်ပတ်နေရင်းက အရပ်ရှည်ရှည် သေမင်းတမန်ဝိညာဉ်ဖြူအဖွဲ့ခေါင်းဆောင်မှာ ကျောက်စိမ်းပုလွေရှည်ကို သီမှုတ်နေသော ကွေ့ရှုလျှံ၏ နောက်ကျောဘက်မှနေ၍ လျှပ်တစ်ပြက်ခုန်ပျံ တိုက်ခိုက်လိုလေသည်။



'ဟူး....'

'ဝိုး....ဝိုး'

'ဝှစ်....ဝှစ်'

ထိုအခါ ကွေ့ရှုလျှံမှာတေးသွားသီမှုတ်ခြင်းကို ရုတ်တရက် ရပ်ဆိုင်းလိုက်ပြီးနောက် ကျောက်စိမ်းပုလွေရှည်ဖြင့် သူ့နောက်ကျောဘက်မှ ခုန်ပျံတိုက်ခိုက်လာသော အရပ်ရှည်ရှည် သေမင်းတမန်တော် ဝိညာဉ်ဖြူအဖွဲ့ခေါင်းဆောင်အား ဝှေ့ယမ်းတိုက်ခိုက်လိုက်၏။ ဒါကြောင့် သေမင်းတမန်တော် ဝိညာဉ်ဖြူအဖွဲ့ခေါင်းဆောင်မှာ ကျောက်စိမ်းပုလွေရှည် ရိုက်ချက်ကို နောက်ဘက်သို့ ခုန်ခံရှောင်လိုက်ရ၏။ ထိုအချိန်တွင် ကွေ့ရှုလျှံမှာ ကျောက်စိမ်းပုလွေရှည်မှုတ်ရပ်သွားသဖြင့် သူ့အား ပတ်ပတ်လည် ဝိုင်းရံထားကြသည့် သေမင်းတမန်ဝိညာဉ်ဖြူအဖွဲ့သားများမှာ တရစပ်စုပြုံတိုက်ခိုက်လာကြ၏။

သည်တွင် ကွေ့ရှုလျှံမှာ သူ့အား စုပြုံတိုက်ခိုက်လာကြသော သေမင်းတမန်တော်ဝိညာဉ်ဖြူသားများအား ကျောက်စိမ်းပုလွေရှည်တစ်လက်ဖြင့် ဆောင်ဓားပမာ သွက်လက်လျင်မြန်စွာဖြင့် ခုခံတိုက်ခိုက်နေ ။

ထိုအချိန်တွင် တုံယင်းသည် ထင်းခြောက်များကိုထမ်းလျက် သစ်ပင်ကြီးအောက်သို့ ရောက်ရှိလာ၏။

သူ ယင်းသစ်ပင်ကြီးအောက်သို့ရောက်သောအခါ ဝိညာဉ်ခေါ် အဆိပ်များ လွင့်စဉ်သွားပြီဖြစ်၏။

မြေပြင်ပေါ်သို့ ထင်းခြောက်များ ပုံချလိုက်၏။

ထိုအခိုက်မှာပင် ခပ်လှမ်းလှမ်းမှာ တိုက်ခိုက်နေကြသည့်

အသံများကို တုံ့ယင်းကြားလိုက်ရ၏။

'ဟင်....ဟိုဘက်နားမှာတိုက်ပွဲဖြစ်နေတာဆင်တယ်။ အင်း ပိုးရှုံလဲ မမြင်တွေ့ရပါလား၊ကောန္တအဲ့ဒီဘိုက်ပွဲဟာ အစ်မလေး ပိုးရှုံနဲ့များ ဖြစ်နေသလားမသိဘူး သွားချောင်းကြည့်ဦးမှ....'

ယင်းသို့ သူ တွေးတောရေရွတ်လိုက်ပြီးနောက် တိုက်ပွဲသံများ ပြန့်လွင့်ထွက်ပေါ်လာရာဘက်ဆီသို့ သစ်ပင်ချုံနွယ်ကြားမှ တိုးဝှေ့ကာ ရွှေ့ရှားလာ၏။

သိပ်ကြာကြာ မသွားလိုက်ရပါချေ။

သူ တောင်ကုန်းပေါ်တွင်ပိုးရှုံတစ်ယောက်တည်းကို တစ္ဆေဝိညာဉ်ကောင်လိုလို လူဆယ်ယောက်ဘို ဝိုင်းရံစုပြုံတိုက်ခိုက်နေကြသည်ကို စိတ်မသက်သာစွာဖြင့် လှမ်းမြင်တွေ့လိုက်ရလေ၏။

ထိုနေရာတစ်ပိုက်တွင် ရောင်စုံမီးပုံးများ ရှိနေသဖြင့် အဝေးတစ်နေရာမှ တင်ထင်လင်းလင်း လှမ်းမြင်တွေ့လိုက်ရသည်။

'ယား....'

'ဟူး....'

'ဝှီး....ဝှီး'

'ဝှစ်....ဝှစ်'

'ဂျန်း....'

'အွတ်'

ထိုအခိုက်မှာပင် ကွေ့ရှုသျှံသည် မီးပုံးဖြင့် ဝေ့ယမ်းတိုက်ခိုက်လာသည်ကို သတိကြီးစွာဖြင့် ရှောင်တိမ်းလိုက်ပြီးနောက် သူ့ လက်ထဲမှ ကျောက်စိမ်းပုလွေရှည်ဖြင့် လျှပ်တစ်ပြက် တုန့်ပြန်တိုက်ခိုက်လိုက်၏။



ထိုအခါ ယင်းသေမင်းတမန်ဘော် ဝိညာဉ်ဖြူဂိုဏ်းသားတစ်ဦးမှာ ခုခံတိမ်းနိုင်ခြင်းမရှိသဖြင့် ကွေ့ရှုသျှံ၏ကျောက်စိမ်းပုလွေရှည် ထိမှန်မှုကြောင့် တောင်ကုန်းအောက်ခြေသို့ လွင့်စဉ်ကျရောက်သွား၏။

ထိုစဉ်....

'ယား....'

'ဝှီး....'

'ဒုတ်....'

'အား....'

'ဟာ....ပိုး-ပိုးရှုံထိမှန်သွားပြီ'

ဟုတ်ပါသည်၊ ကွေ့ရှုသျှံမှာ အဘက်ဘက်မှ ဝိုင်းရံစုပြုံတိုက်ခိုက်လာမှုကြောင့်တစ်ယောက်တည်း ဂျင်ဂျင်လည်အောင် နှံတိုက်ခိုက်ရင်းက မမျှော်လင့်ဘဲ သေမင်းတမန်ဝိညာဉ်ဖြူခေါင်းဆောင်၏ ညာခြေကန်ချက်ကိုမခုခံမကာကွယ်နိုင်သဖြင့် မျက်နှာခွက်ထိမှန်ကာ တောင်ကုန်းပေါ်မှ နာကျင်စွာ ညည်းညူသံနှင့်အတူ လွင့်စဉ်ကျသွား၏၊ ခက်ခနေသည်က သူကလည်း သိုင်းပညာရပ်ကို နကန်းတစ်လုံးမှ မတတ်မြောက်သဖြင့် ပိုးရှုံ ဒုက္ခရောက်သွားသည်ကို လှမ်းမြင်တွေ့ရသော်လည်း ဝင်ရောက်မကယ်ဝံ့ရဲချေ။

ဒါကြောင့် ပိုးရှုံ အကြီးအကျယ် ဒုက္ခမရောက်စေအောင် သာ တုံ့ယင်း ရင်ထဲမှာ အခါခါ ဆုတောင်းမိရင်း ချုံပုတ်

နောက်ကွယ်မှ အသာငြိမ်သက်စွာချောင်းကြည့်ရှုလို့၍ ဘာမျှ တတ်နိုင်ဦးမည်လည်း၊ ထိုသို့ သူ လှမ်းကြည့်နေစဉ်မှာပင် သေမင်းတမန်ဝိညာဉ်ဖြူဂိုဏ်းအဖွဲ့ သားများ ကို ပိုးရှိလွင့်စင်ကြ သွားသည့်နေရာဆီသို့ ခုန်ဆင်းသွားကြသည်ကို စိုးထိတ်စွာဖြင့် လှမ်းမြင်တွေ့လိုက်ရ၏။

ထိုအခိုက်မှာပင် အားယူမာန်တင်းသံများ၊ လက်နက်ချင်း ထိခိုက်သံများ၊ နာကျင်အော်ဟစ်သံများစသည့် အသံဗလံ ကို တုယင်းမှာ နားနှင့်ရင်တထိတ်ထိတ်ကြားနေရသော်လည်း တောင်ကုန်းကွယ်နေသဖြင့် တိုက်ပွဲအခြေအနေကို လုံးဝမမြင် ရတော့ချေ။

* * *

## အခန်း (၁၃)

## သွေးကြွေးကလဲ့စား

တောင်ကုန်းအောက်ခြေ၌ ရေနွေးအိုးတစ်အိုးကျက်ခန့် တိုက်ပွဲဖြစ်သွားပြီးနောက် ရုတ်ခြည်းတိုက်ခိုက်သံများ ရပ်ဆိုင်းသွားလေ၏။

ထိုအချိန်မှာပင် တောင်ကုန်းခြေမှရောင်စုံမီးပုံးလေးများ လေဝယ်လွင့်ပျံ့မျောကာ တောအုပ်အမြင်ဘက်ဆီသို့ဦးတည် ရွှေ့ရှားသွားသည်ကို တုယင်း တအံ့တဩ လှမ်းမြင်တွေ့လိုက် ရ၏။

တအောင့်ကြာမှ တုံယင်းမှာ သူပုန်းကွယ်နေသော ချုံပုတ်ထဲမှထွက်ပြီး တောင်ကုန်းပေါ်သို့ ကပျာကယာပြေးတက်ခဲ့လေ၏။

တောင်ကုန်းပေါ်ရောက်တော့ လရောင်ဖြန့်ကျက်ထားမှုကြောင့် တောင်ကုန်းအောက်မြေကို ပြင်းလင်းချင်းချင်း တုံယင်း လှမ်းမြင်တွေ့နေရ၏။

ထိုအချိန်၌ ပိုးရုံမှာ ကျောခိုင်းလျက် ကျောက်တုံးတစ်တုံးပေါ်တွင် ထိုင်ချင်ပျဉ်ခွေထိုင်လျက် ငြိမ်သက်စွာရှိနေသည်ကို တုံယင်း စိတ်သက်သာစွာ လှမ်းမြင်တွေ့လိုက်ရ၏၊

သူ့စိတ်အထင်က ပိုးရုံသည် မြေပြင်ပေါ်တွင် မရှုမလှအနေအထားဖြင့် လှမ်းမြင်တွေ့လိုက်ရမည်ဟူ၍မှင်။

အခုတော့ သူ့စိတ်အထင်ဖြင့် တစ်ခြားသီကျောက်တုံးတစ်တုံးပေါ်တွင် ပိုးရုံတစ်ယောက် တင်ပျဉ်ဖွဲ့ခွေထိုင်နေသည်ကို အံ့သြဖမ်းသာစွာဖြင့် လှမ်းမြင်တွေ့လိုက်ရသဖြင့် စိတ်အေးသက်သာ သွားရလေ၏၊ ဒါကြောင့် သူ တောင်ကုန်းပေါ်မှ ခပ်သွက်သွက်လေး ဆင်းလာခဲ့၏။

ကျောက်တုံးအနားရောက်တော့ သူ့အား ကျောခိုင်းထိုင်နေသည့် ပိုးရုံထံ မတုံးမကျယ်လေသံဖြင့်....



'အစ်မလေး ပိုးရုံထိခိုက်ဒဏ်ရာရသွားသေးလား'

လှမ်းမေးလိုက်တော့ ပိုးရုံက အသံမဲ့စွာဖြင့် ခေါင်းခါယမ်းပြလာလေသည်၊ ဆက်၍ တုံယင်းက လှမ်းစပ်စုလိုက်သည်မှာ ...

'အစ်မလေး ပိုးရုံ၊ ခုနကမီးပုံးတွေနဲ့လူတွေက ဘယ်သူတွေတုန်း ဟင်'

'သူတို့က မေတ္တာမဲ့သောင်ကြီးကဲ့ သေမင်းတမန်တော်စိတ်ဆိုးပြီး ဂိုဏ်းအဖွဲ့သားတွေပဲ'

'အခု သူတို့ အစ်မလေးပိုးရုံကို အရှုံးပေးပြီး ထွက်သွားကြတာလား'

ထိုအခါ သူမက ခေါင်းလေးတွဲ့စွာခါယမ်းလိုက်ကာ....

'မဟုတ်ဘူး'

'ဟင်....ဒါဆို အစ်မလေးကိုဆက်ချင်မဆိုင်ဝံ့ပဲ သူဘို့ထွက်ခွာသွားကြရတာလဲ'

'သူတို့ ဆက်မရင်ဆိုင်ဝံ့တာမဟုတ်ပါဘူး၊ ကျွန်မကသူတို့ကို ကိုက် တိုက်ကျကျပေးလိုက်လို့ စိတ်အေးလက်အေး ပြန်သွားကြတာပါ'

'ဗျာ'

မမျှော်လင့်သော သူမ၏ဆိုစကားကို သူကြားသိလိုက်ရသောကြောင့် ဗျာဟုပင် အာမေဋိတ်ထွက်မျှ တအံ့တသြဖြစ်သွားရ၏။

ပြီးမှ တုံ့ယင်းမှာ သိလိုဇောဖြင့် ထပ်ဆင့်လှမ်းမေးလိုက်သည်မှာ....

'အစ်မလေးက သူတို့ကို ဘယ်လိုကတိမျိုးပေးလိုက်ရလို့ သူတို့တစ်တွေ အေးအေးဆေးဆေးပြန်သွားကြတာလဲ'

'ဩော်....ကျွန်မဘယ်တော့မှ သိုင်းလောကထဲကို ခြေဦးမလှည့်တော့ပါဘူးဆိုတဲ့ ကတိတစ်လုံးပါပဲ'

'ဟင်း....ဒါဒါဆို အစ်မလေးက သိုင်းလောကထဲကအပြီးအပိုင် စွန့်လွှတ်တော့မလို့လား'

ယင်းအမေးကြောင့် သူမမှာ အသံလွင်လွင်လေးဖြင့်ရယ်မောလိုက်ကာ....

'ဟွင်း ဟင်း ဟင်း.... ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်မအနေနဲ့ သိုင်းလောကထဲခြေမချတော့ပေမယ့် ကျွန်မရဲ့သိုင်းပညာတွေက သိုင်းလောကထဲ ဆက်သက်ရှင်သန်လှုပ်ရှားနေဦးမှာပဲ'

ထိုစကားကြားမိရပြီး တုံ့ယင်းမှာ သဘောမပေါက်သဖြင့် သူမ၏နဖူးကြောရှုံ့သွားရကာ သူ့အားကျောခိုင်းလျက်ရှိနေသေးသည့် ပိုးရှထံ စူးစိုက်ကြည့်ရင်း....

'ကျွန်တော် နားမရှင်းဖြစ်သွားရတယ်၊ အစ်မလေးက သိုင်းလောကထဲကို ခြေမချတော့ဘူးလဲပြောသေးတယ်၊ ဘယ်လိုလုပ် အစ်မလေးရဲ့သိုင်းပညာရပ်တွေက သိုင်းလောကထဲမှာဆက်လက်ရှင်သန်လှုပ်ရှားနေဦးမှာလဲ'



သည်တွင် သူမက ဟက်ခနဲရယ်မောလိုက်ရင်း....

'ဟင်း ဟင်း.... ဘာကြောင့် ကျွန်မရဲ့သိုင်းပညာရပ်တွေ သိုင်းလောကထဲမှာ ဆက်လက်ရှင်သန်လှုပ်ရှားနေရဦးမလဲဆိုတော့ ကျွန်မကိုယ်စား ကျွန်မနဲ့သိုင်းပညာရပ်တွေကို ရှင်က တစ်ဆင့် သိုင်းလောကထဲမှာ ဆက်လက်လှုပ်ရှားဦးမယ်မဟုတ်လား'

ထိုသို့ သူမက ပွင့်ပွင့်လင်းလင်းဖွင့်ဟပြောလာတော့မှ တုံ့ယင်း အခုလို သဘောပေါက်နားလည်လာမိရလေတော့သည်။

သည်တွင် တုံ့ယင်းက သူတို့စခန်းချအိပ်စက်မည့် သစ်ပင်ကြီးအောက်သို့ သွားရောက်ရန်အတွက် သူမထံ လှမ်းစကားဆိုလိုက်သည်မှာ....

'ကဲ.... အစ်မလေး၊ ကျွန်တော်တို့စခန်းချမယ့် သစ်ပင်ကြီးအောက်ကိုသွားကြရအောင်'

ပြောလိုက်တော့ သူမက ကျောခိုင်းလျက်ပင်....

'ရှင်အရင်သွားနှင့်ပါ၊ ကျွန်မ နောက်ကလိုက်ခဲ့ပါ့မယ်'

'ဟုတ်ကဲ့....ဒါဆို ကျွန်တော်ရောက်ရောက်ချင်း မီးဖိုထားလိုက်မယ်'

'ဖိုထားလိုက်ပါ'

ထို့နောက် ဟုံယင်းမှာ ထိုနေရာမှကျောခိုင်းထွက်ခွာလာခဲ့ပြီး ထင်းခြောက်များစုပုံထားသောသစ်ပင်ကြီးအောက်ဆီသို့ ဦးတည်လျှောက်လာ၏။

သို့ဖြင့် သူသစ်ပင်ကြီးအောက်သို့ ရောက်သောအခါသူ ရှာဖွေစုပြုံထားသည့် ထင်းခြောက်များကို မီးမွှေးကာ မီးပုံပြု လိုက်၏။

မီးဖိုပြီးသည့်နောက် ပိုးရှုံခင်းထားသည့် သားရေချပ်ပေါ်သို့ ခြေပစ်လက်ပစ်ထိုင်ချလိုက်၏။

ထို ချိန်တွင် မဟူရာရောင်းကင်ပြင်၌ လတစ်ခြမ်းမှာ ကြယ်တာရာအခြွေအရံများဖြင့် အေးငြိမ်းသာယာစွာ ထွန်းလက်လျက်ရှိနေ၏။

ကြယ်ရောင်ငွေအလင်းတန်းတစ်ချို့ သစ်ရွက် သစ်ခက် သစ်လက်များကြားမှ ထိုးဖောက်ကျလျက်ရှိနေပေ၏။

ထိုအခိုက် ညဥ့်လေပြေတစ်ချက် ဝေ ယမ်းတိုက်ခတ်လာမှကြောင့် သစ်ရွက်ဂီတသံလေးများ ညင်ညင်နွဲ့နွဲ့လွှမ်းခြုံလာ၏။ သည်တွင် ဟုယင်းမှာ အရက်သောက်ချင်သည့် အာသီသ ရှိလာသဖြင့် သားရေးဆောင်ကျောပိုးအိတ်ထဲမှ အရက်တစ်အိုးကို ထုတ်၍ တစ်ကျိုက်မော့သောက်လိုက်၏။

ပြီးလျှင် သူ့လက်ထဲမှအရက်အိုးကို သားရေချပ်ပေါ်သို့ အသာအယာချထားလိုက်၏။



ထိုအချိန်တွင် သူ့အနားဆီသို့ လူရိပ်တစ်ရိပ် ဦးထည်ကာ တစ်ခ်ချို့ ရွေ့လျှောက်လှမ်းလာ၏။

သစ်ရွက်ခြောက်များ နင်းဖြတ်လာမှုကြောင့် ဆိတ်ငြိမ်လျက်ရှိသော ညဉ့်ယံ၌ သစ်ရွက်ခြောက်ကြွေမှုသံများ တစ်ရွတ်ရွတ် ကျယ်ကျယ်လောင်လောင် ပေါ်ထွက်လာရတော့သည်။

သစ်ရွက်ခြောက်များ နင်းဖြတ်လျှောက်သွားလာသည့် ခြေသံကို သူကြားလိုက်ရသဖြင့်....

'အစ် အစ်မလေးပိုးရှုံ တော့ ပြန်လာပြီထင်တယ်'

ဟုရေရွတ်ပြောဆိုရင်း ခြေသံပြန့်လွင့်လာရာဆီသို့ ခေါင်းတောင်ကြည့်မိလိုက်၏။

'ဟင်း....ပိုး ပိုးရှုံမဟုတ်ပါလား၊ ဘယ် ဘယ်ကဆံပင်ဖြူ အဘွားကြီးတစ်ယောက် ငါ့ဆီ ရောက် ရောက်လာလဲ.... ဒုက္ခပဲ'

မမျှော်လင့်ပဲ ပိုးရှုံကဖြစ်လာ နှတ်ဆိုးဆံဖြူမယ်တော်ကြီး ကွေ့ရှလျှိုကို သူလှမ်းမြင်တွေ့လိုက်ရသဖြင့် အံ့သြတုန်လှုပ်သွားရ၏၊ ထိုသို့ သူ ကြောင်အမ်းအမ်းလှမ်းကြည့်နေစဉ်မှာပင် ကွေ့ရှလျှိုက သစ်ပင်အောက်ဆီသို့ ချဉ်းကပ်ရောက်ရှိလာသည်။

သည်တွင် ကွေ့ရှုလျှံမှာ သူ့အား တအံ့တသြစူးစိုက်ကြည့်နေသော တုံ့ယင်းထံ အကြည့်ရောက်ရင်း အပြုံးကစ်ချက် ပြုံးလိုက်တော့....

'တုံ့ယင်း....မင်းငါ့ပင်ကိုယ်ရုပ်အတိုင်းတွေ့ရလို့တအံ့တသြဖြစ်နေသလား'

'ခင် ခင်ဗျား အ အဘွားက'

'ပိုးရှဲလေ'

သိုင်းလောကအတွေ့အကြုံ၊ သိုင်းသမားတို့၏ လှို့ဝှက်လုပ်ရပ်များကို ဘာမျှမသိရှာသော တုံ့ယင်းမှာ ပိုးရှဲဟုပြောနေသည့် ကွေ့ရှုလျှံထံ မယုံမကြည်ဖြင့် စူးစိုက်ကြည့်ရင်း....

'ဟာ....ဟို ဟိုကပိုးရှဲက ငယ်ငယ်လေးပဲ၊ အဘွားကြီးမဟုတ်ပါဘူး'

သည်တွင် ကွေ့ရှုလျှံက သဘောကျစွာဖြင့် ရယ်မောလိုက်ကာ....

'ဟင်း ဟင်း.... ကဲကဲ.... ပိုးရှဲအဖြစ်နဲ့ မင်းက မြင်ချင်လို့လား၊ ဒါဆို မင်းခဏနောက်ကျောခိုင်းလှည့်လိုက်'

ယင်းသို့ ကွေ့ရှုလျှံက လှမ်းအမိန့်ပေးလာသဖြင့် တုံ့ယင်းမှာ ခေါင်းတစ်ချက်လေးတွဲ့စွာညိတ်လိုက်ပြီးနောက် ကျောခိုင်းထိုင်လိုက်၏။

တစ်အောင့်မျှပင် ကြာလိုက်ပါသေးသည်၊

နတ်ဆိုးဆံဖြူယဲဟော်ကြီး ကွေ့ရှုလျှံ၏ စကားသံထွက်ပေါ်လာသည်မှာ....



'ကဲ....အစ်ကို ညီမကိုလှည့်ကြည့်နိုင်ပါပြီရှင်'

'ဒါ....ဒါပိုးရှဲအသံအစစ်ပဲ၊ ငါ့နောက်ဘက်မှာ မိုးရှဲပုန်ရောက်နေပြီထင်တယ်'

သုဝမ်းသာအယ်လဲဖြင့် နောက်သို့ကပျာကယာလှည့်ကြည့်လိုက်မိသည်။

'အစ်မလေးပိုးရှဲ စောစောကအဘွားကြီး ဘယ်ရောက်သွားလဲဟင်'

ရိုးစင်းလှသော တုံ့ယင်း၏အခြေအနေကို တွေ့မြင်လိုက်ရသော ပိုးရှဲမျက်နှာဖုံးစွပ်ထားသည့် နတ်ဆိုးဆံဖြူမယ်တော်ကြီး ကွေ့ရှုလျှံက သဘောကျစွာပြုံးလိုက်ပြီး သူ့ပုံမန်အသံပြောဆို၏။

'အဘွားကြီးက ဘယ်မှမရောက်ပါဘူး၊ ပိုးရှဲဆိုတာမှမရှိတာ၊ ငါ သိုင်းလောကမှာ လွတ်လွတ်လပ်လပ်သွားလာနိုင်အောင် ပိုးရှဲဆိုတဲ့မျက်နှာဖုံးကိုစွပ်ထားတာ၊ ဒါတောင်.... စောစောက မင်းမြင်တဲ့အတိုင်း ငါ့ကိုခြေရာခံမိပြီး လိုက်သုတ်ခွပေးခဲ့ကြတာ မင်းမျက်မြင်ကိုယ်တွေ့ပဲမဟုတ်လား'

'ဟုတ်....ဟုတ်ကဲ့'

တိုယင်းသည် ပိုးရုံ၏မျက် နှာဖုံးကိုစွပ်ထားသော ဆံဖြူအဘွားကြီးကိုအံ့သြတနှန်းစိုက်ကြည့်ရင်း ခေါင်းတဆတ်ဆတ်ညိတ်မိလေသည်၊ ထိုအခိုက်မှာပင် ကေ့ရှုလျှံသည် သူ့မျက်နှာပေါ်မှ ပိုးရုံမျက်နှာဖုံးကို တဖြည်းဖြည်းဆွဲချွတ်လိုက်၏။

ထိုအခါ ရှေးအရေးအစင်းကြောင်းများနှင့် ပြည့်လျှံနေသော ကေ့ရှုလျှံကို သူမြင်တွေ့ရ၏၊ သည်တော့မှ ကေ့ရှုလျှံမှာ ပိုးရုံ၏မျက်နှာဖုံးကိုစွပ်ပြီး ရုပ်ဖျက်ထားကြောင်း သူ လက်ခံယုံကြည်မိလေသည်။

သည်တွင် တိုယင်းက သက်ပြင်းတစ်ချက် မသိမသာချပြီးနောက်....

'ဒါဆို အဘွားနာမည်က'

ကေ့ရှုလျှံက အပြုံးယဲ့ယဲ့ပြုံးပြီး....

'ငါ့နာမည်က သိုင်းလောက ကခေါ်ခေါ်ကြတာတော့ နတ်ဆိုးဆံဖြူမယ်တော်ကြီးကေ့ရှုလျှံတဲ့၊ အဲဒီတော့ မင်း အဘွားကြီးမှန်းသိသွားလို့ ငါ့ဆီက သိုင်းပညာသင်ကြားဖို့ကော စိတ်ပါရဲ့လား'

ယင်းသို့ ခနဲ့တဲ့တဲ့လေသံဖြင့်မေးလာမှုကြောင့် သူက လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး....



'အာ....အဘွား ကျွန်....ကျွန်တော်က သိုင်းပညာတတ်မြောက်ကျွမ်းကျင်ဖို့အဓိကပါ၊ အခုလို အဘွားလိုအဆင့်မြင့်မားတဲ့ သိုင်းပညာရှင်ဆီက ကျွန်တော်တပည့်ခံသိုင်းပညာသင်ခွင့်ရတာပဲ ဖော်မပြနိုင်အောင်ဝမ်းသာမိပါတယ်'

ထိုစကားကြားရသော ကေ့ရှုလျှံက....

'အေး....မင်းကြိုးစားလေ ကျင့်နိုင်ရင် မယ်တော်ကြီးဆီက သိုင်းပညာတင်မကဘူး၊ ထူးဆန်းအံ့သြဖွယ်ကောင်းတဲ့ လောကအတတ်ပညာတွေပါ ငါ့ဆီကတပည့်တွေတတ်မြောက်ရမယ်၊ အေး ပြောရမယ်ဆိုရင် မင်းဟာ ငါ့ရဲ့ ဒုတိယမြောက်တပည့်တစ်ယောက်ပါပဲ'

သူသည် ကေ့ရှုလျှံ၏ ဒုတိယတပည့်တစ်ဦးဖြစ်ကြောင်း သိလိုက်ရသဖြင့် သူ့ရှေ့တွင် ပထမမြောက်တပည့်တစ်ယောက်ရှိခဲ့ဖူးကြောင်း သိရှိရလေသည်၊ ဒါကြောင့် သူသည် ကေ့ရှုလျှံကိုကြည့်ရင်း....

'မယ်....မယ်တော်ကြီး ဒါဆို မယ်တော်ကြီးဆီမှာ တပည့်တစ်ယောက်ရှိခဲ့ဦးမှာပေါ့'

ယိုသို့မေးလိုက်မှုကြောင့် ကေ့ရှုလျှံ၏မျက်နှာပေါ်ဝယ်

ကြေးကွဲဆို့နင့်ရင်၊ ခံပြင်းနာကြည်းရိပ် စသည့်အရိပ်အယောင်များ ရောယှက်လွှမ်းခြုံသွားရသည်ကို မီးပုံမှပျံ့လွင့်လာသည့် မီးရောင်အောက်ဝယ် လှမ်းအကဲခတ်မိ၏၊ ထိုစဉ် ကွေ့ရှုလျှံက ကြေကွဲခံပြင်းသံဖြင့်....

'ရှိခဲ့တာပေါ့၊ အဲဒီပထမဦးဆုံးတပည့်က မင်းနဲ့ မကြာသေးခင်က တရင်းတနှီးခင်မင်တဲ့သူပဲ'

မထင်မှတ်သောစကားကို သူကြားရကာ နဖူးကြောရှုံ့သွားရင်း....

'မယ်တော်ကြီး ပထမဦးဆုံးတပည့်ဟာ မကြာသေးခင်က ကျွန်တော်နဲ့တရင်းတနှီးခင်မင်ခဲ့တယ်ဆိုဘာ ကျွန်တော်ဖြင့် အခုတော့ စဉ်းစားလို့မရအောင်ဖြစ်နေရပါပြီ'

သည်တွင် ကွေ့ရှုလျှံက အစီပွာယ်ပုါပါပြုံးရယ်ရင်း....

'ငါ့တပည့်က အတွေးခေါင်သွားတာကိုး၊ မယ်တော်ကြီးရဲ့ပထမဆုံးတပည့်ဟာ သူပဲငါ့တပည့်'

ဟု ဆိုကာ သူ့လက်ထဲမှ ပိုးရုံ၏ မျက်နှာဖုံးအရေခွံကို လှမ်းပေးလေသည်၊

ထိုစဉ် တုံယင်းမှာ သူ့လက်တွင်ရောက်ရှိလာသော ပိုးရုံ၏မျက်နှာဖုံးကို ပြန်ကြည့်ရင်း....



'မယ်တော်ကြီး၊ဒီပိုးရုံဟာ မယ်တော်ကြီးရဲ့ပထမဆုံးတပည့်တစ်ယောက်ပေါ့နော်'

လှမ်းမေးလိုက်တော့ နတ်ဆိုးဆံဖြူမယ်တော်ကြီး ကွေ့ရှုလျှံက မျက်နှာမသာမယာဖြင့် ခေါင်းတစ်ချက် လေးတွဲ့စွာညိတ်ပြီး....

'ဟုတ်ပါတယ် ငါ့တပည့်'

'ဒါဆို အဲဒီပိုးရုံ အခုဘယ်မှာရှိနေလဲ'

ထိုအခါ နတ်ဆိုးဆံဖြူမယ်တော်ကြီး ကွေ့ရှုလျှံမှာကြေကွဲချက်ပြုံးတစ်ပြုံးပြုံး

'ပိုးရုံလေးဟာ အခု တမလွန်ရောက်နေရရှာပါပြီကွယ်.... သူ့အတွက် သူကျေနပ်ရအောင် သေွးကြွေးကလဲ့စားချေပေးရမယ် တုံယင်း'

'ပိုးရုံက တမလွန်ကို ဘယ်သူ့ လက်ချက်ကြောင့် ရောက်သွားရတာလဲ ခင်ဗျာ'

ယင်းအမေးကြောင့် နတ်ဆိုးဆံဖြူမယ်တော်ကြီး ကွေ့ရှုလျှံ၏မျက်နှာပေါ်၌ ခံပြင်းနာကြည်းသည့် အရိပ်အယောင်များ ရုတ်ခြည်းလွှမ်းခြုံသွားပြီး....

'ငါ့တပည့်ပိုးရုံ သေဆုံးသွားရတာ မုဆိုးကြီး ဟုမ်ကျင်း လက်ချက်ကြောင့်ပဲ တုံယင်း၊ အဲဒီနာမည်ကို ငါ့တပည့်ရဲ့ အသည်းနှလုံးထဲမှာ စွဲစွဲနှစ်နှစ်မှတ်ထားရမယ်'

ယင်းသို့ နတ်ဆိုးဆံဖြူမယ်တော်ကြီး ကွေ့ရှုလျှံ ပြောဆိုလိုက်သောလေသံမှာ ခက်ထန်မာကျောလျက် ရှိနေလေသည်၊ မိုးလျှင် မျက်လုံးအစုံတို့မှာလည်း စူးရှဝင်းလက်လျက် ရှိနေ

သည်။

ဒါကြောင့် တုယင်းက ခေါင်းကိုဆက်ကာနဲ့ညိတ်လိုက်ပြီးနောက်....

'မှတ် မှတ်ထားပါတယ် မယ်တော်ကြီး'

သည်တွင် ကေ့ရှလျှံက မေးကြောထောင်ထလာအောင် အံတစ်ချက်ကြိတ်ပြီး

'အင်း....ငါ့တပည့် တုယင်းကိုလဲ ငါတတ်မြောက်ထားတဲ့ ပညာရပ်အားလုံးကို သင်ကြားပေးရဲ့ဘာလဲ မယ်တော်ကြီးမှာ အကြီးမားဆုံး ရည်ရွယ်ချက်တစ်ချက်ရှိပါတယ်'

'ဘာရည်ရွယ်ချက်လဲ မယ်တော်ကြီး'

ထိုသို့ တုယင်းက စိတ်ဝင်တစားမေးသံနှင့် ကေ့ရှလျှံထံ လှမ်းမေးလိုက်ခြင်းဖြစ်၏။

သည်တော့ နတ်ဆိုး ဆံဖြူမယ်တော်ကြီး ကေ့ရှလျှံက တုယင်းထံ ငူးစိုက်ကြည့်ရင်း....

'မယ်တော်ရဲ့ အကြီးမားဆုံး ငါ့တပည့်ပိုးရှင်ကို ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်သွားတဲ့ မုဆိုးကြီး ဟုမ်ကျင်းကို သွေးကြွေးကာလဲ့စား ပေးဆပ်ဖို့ပဲ၊ အဲဒီတာဝန်ကို မင်းက တာဝန်ယူဖို့ မယ်တော်ကြီးကို ကတိအခိုင်အကျည်ပေးရမယ် ဘယ့်နဲ့လဲ'

လှမ်းမေးလာတော့ တုယင်းက သွက်လက်စွာပင်ခေါင်း ညိတ်ပြီး ခိုင်ခိုင်ကျည်ကျည်လေသံဖြင့်....

'ကျွန်တော်မျိုး အဲဒီမုဆိုးကြီး ဟုမ်ကျင်းကို သွေးကြွေးကာလဲ့စားပေးဆပ်ဖို့ ကတိပေးပါတယ်'



ထိုစကား ကြားလိုက်ရသည်နှင့် ကေ့ရှလျှံမှာ ကျေနပ်ဝမ်းသာသွားပြီး သူ့ညာလက်ဝါးဖြင့် တုယင်းခေါင်းကို တစ်ချက်ပွတ်သပ်ပြီး....

'အင်း....ငါ့တပည့်ရွေးတာ မှန်သွားပြီဟေ့၊ ကဲ ငါတို့ ညစာစားဖို့ ပြင်ဆင်လိုက်ကြရအောင်'

'ဟုတ်ကဲ့ မယ်တော်ကြီး'

ဟု ဆိုကာ တုယင်းက ခေါင်းတစ်ချက် ညိတ်လိုက်ပြီးနောက် ညစာစားရန်အတွက် သွက်လက်စွာပြင်ဆင်လိုက်လေသည်။

## အခန်း (၁၄)

## အရက်ဂျီး ပိန်ရှိုး

ဤသို့ဖြင့် တုယင်းတစ်ယောက်မှာ နတ်ဆိုးဆံဖြူမယ်တော်ကြီး ကွေ့ရှုလျှံ နေထိုင်ရာ ရှမ်းမျက်နှာရှုနှင့် ခပ်လုမ်းလှမ်းရှိ ကျောက်မျက်ရည်တောင်ပေါ်သို့ ရောက်ရှိလာခဲ့ရ၏။ သည်နောက် နတ်ဆိုးဆံဖြူမယ်တော်ကြီး ကွေ့ရှုလျှံမှာ ဒုတိယမြောက် တပည့်ဖြစ်သူ တုယင်းအကူအညီဖြင့် ကျောက်မျက်ရည်တောင်အောက်ရှိ တွင်းကြီးတစ်တွင်းတွင် သူဝှက်ထားခဲ့သော ပစ္စည်းပစ္စယအားလုံးကို တောင်ပေါ်သို့ပြန်လည်သယ်ယူလိုက်ကြ၏။



ယင်းသို့ နတ်ဆိုးဆံဖြူမယ်တော်ကြီး ကွေ့ရှုလျှံမှာ သူနေထိုင်သော ရှေးဟောင်းကျောက်ဂူကြီးအတွင်း ပြင်ဆင်မှုလုပ်ရသည့် ရက်သတ္တပတ် ကုန်သွားရ၏၊ ပြီးသွားမှ ဒုတိယပတ်ပထမနေ့မှစ၍ နတ်ဆိုး ဆံဖြူမယ်တော်ကြီး ကွေ့ရှုလျှံမှာ တုယင်း သိပ်သင်ကြားတတ်မြောက်ချင်သော သိုင်းပညာရပ်များကို သင်ကြားပေး၏၊ ယင်းသို့ တုယင်း သိုင်းပညာရပ်သင်ကြားပေးရင်းက အကြံရှိသော နတ်ဆိုးဆံဖြူမယ်တော်ကြီး ကွေ့ရှုလျှံက ဓမ္မဝိဇ္ဇာ လောကီ အတတ်ပညာဖြင့် တီထွင်ဖော်စပ်ထားသော ဆေးတစ်ခွက်ကို တိုက်ကျွေးလေ့ရှိသည့်အကြောင်းကို သိလို၍ သူ့ဆရာ နတ်ဆိုးဆံဖြူမယ်တော်ကြီး ကွေ့ရှုလျှံထံ မဝံ့မရဲလှမ်းမေးလိုက်သည်မှာ....

'မယ်တော်ကြီး ကျွန်တော်မျိုးကို နေ့တိုင်းလိုတိုက်ကျွေးနေတဲ့ ဆေးက ဘာဆေးမျိုးဘာလဲ ကျွန်တော်မျိုး သိခွင့်ရှိရင် သိပါရစေ'

ထိုအခါ ကွေ့ရှုလျှံမှာ အပြုံးတစ်ချက်ပြုံးသိုက်ရင်း....

'ငါ့တပည့် သိရပါကယ်၊ အခု နေ့စဉ်လို မယ်တော်ကြီးတိုက်ကျွေးနေတဲ့ဆေးဟာ ငါ့ဘာသွ်အတွင်းအား အမြန်ဆုံးအဆင့်မြင့်မားလာအောင် တိုက်ကျွေးနေတာပါ၊ဒီဆေးဟာသာမန်ဆေးပစ္စည်းတွေနဲ့ ဖော်စပ်ထားတာမဟုတ်ဘူးနော်၊ အင်မတန်ရှားပါးတဲ့ နှစ်တစ်ထောင်ဆေးမြစ်၊ နှစ်တစ်ထောင်

မြန်နိုင်သေး၊ ပြီးတော့ ကထူးမှုရခဲ့တဲ့ အမြုတေပစ္စည်းတွေနဲ့ ဖော်စပ်ထားရတဲ့ အင်မတန် တန်ဖိုးမဖြတ်နိုင်တဲ့ဆေးပဲ’

ယင်းသို့ ပြောဆိုလာတော့မှ တုံးယင်းမှာ သူ့အား ကွေ့ရှုလျှံ နေ့စဉ်သိုင်းလေ့ကျင့်ပြီးတိုင်း တိုက်ကျွေးနေသော ဆေးမှာ သာမန်ဆေးမဟုတ်ကြောင်း တအံ့တသြ သိရှိလာရသည်။

သို့ဖြင့် ကျောက်မျက်ရည်တောင်ပေါ် သို့ တုံးယင်းရောက်ခဲ့သည်မှာ ခြောက်လတင်းတင်း ပြည့်လာသောအခါ ကွေ့ရှုလျှံထံမှ သိုင်းပညာရပ် အဆင့်မြင့်မြင့် တတ်မြောက်လာလေသည်။

သည်နောက် သိုင်းပညာသင်ကြားမှုရပ်ဆိုင်းလိုက်ပြီးသော အခါ ကွေ့ရှုလျှံမှာ သူမ တတ်မြောက်ကျွမ်းကျင်သည့် လောကီပညာရပ်အချို့တို့ကို တုံးယင်းကို သင်ကြားပေးသည်။

ထိုသို့ တုံးယင်းမှာကွေ့ရှုလျှံထံမှ လောကီပညာရပ်များ သင်ကြားနေရင်းက လပြည့်ညတစ်ညသို့ ရောက်ရှိလာ၏။

လပြည့်ညဆိုသည့်အတိုင်းပင် မဟာချာခတောင်းကင်ပြင်ပေါ် ထိန်ထိန် ဝိုင်းစက်ပြည့်ဝလျက်ရှိသော သီတဂူလမင်းကြီးမှ သာသယွန်းလျက်ရှိနေပေ၏။



ဒါကြောင့် ထိန်ထင်းဖြာလျက်ရှိသော ငွေသရောင်က ကျောက်မျက်ရည်တောင်တစ်ဝိုက်ပေါ်သို့ လွှမ်းခြုံလျက်ရှိနေပေ၏။ ထိုအချိန်တွင် တုံးယင်းမှာ သူ၏ အိပ်စက်ရာလိုဏ်ဂူလေးထဲ၌ အိပ်မရသဖြင့် ရေးဟောင်းကျောက်ဂူကြီးအတွင်းမှ နေ၍ လထိန်ထိန်သာလျက်ရှိသော ဂူအပြင်ဘက်သို့ လှမ်းထွက်လာ၏။

အပြင်သို့ရောက်သောအခါ ကျောက်မျက်ရည်တောင် တစ်ခွင်တစ်ပြင်လုံးတွင် ငွေလရောင်ဖြင့် ဖြန့်ကျင်းထားမှုကြောင့် နေ့ခင်းမှာအလား လင်းလင်းချင်းချင်း ရှိနေပေ၏။

ညဥ့်လေအေးမှာလည်း သုတ်ဖြူးတိုက်ခတ်လျက် ရှိနေပေ၏။ ဒါကြောင့် ကျောက်မျက်ရည်တောင်ပေါ်တွင် တစ်ပင်တည်း ထီးထီးမားမား ပေါက်ရောက်လျက်ရှိသော သစ်ပင်မြင့်ကြီးမှာ သဘာဝဂီတသံကို လှုပ်ခတ်ရင်း ကျူးလျက်ရှိနေပေသည်။

တုံးယင်းသည် မဟာချာခတောင်းကင်ပြင်ပေါ်တွင် ဝိုင်းစက်ပြည့်ဝန်း သာယာလျက်ရှိသော လမင်းကြီးထံ အကြည့် ရောက်ရင်း ရပ်ဝေး၌ရှိနေကြသည့် သူ၏မိဘနှစ်ပါးတို့ကို သတိရလွမ်းဆွတ်လျက် ရှိနေပေ၏။

'ဖေဖေနဲ့မေမေတို့ကော ငါ့အိမ်ကထွက်သွားလို့စိတ်မချမ်းမသာ ဖြစ်နေကြရပြီလား၊ အင်း....ငါလဲ သိပ်မကြာတော့ပါဘူး၊ ဖေဖေ မေမေတို့ဆီ ပြန်ရတော့မှာပါ၊ အခု မယ်တော်ကြီးရဲ့ လောကီပညာရပ်တွေ သင်ကြားဖို့ သင်ခန်းစာ သိပ်မရှိတော့ပါဘူး'

ယင်းသို့ သူ ရေရွတ်ပြောဆိုရင်း သူ၏ အကြည့် ဘော်ရောင်ငွေအဆင်းဖြန့်ကျက်ကာ ကျောက်ချက်ရည်ဘောင်ပေါ် ဝန်းကျင်တစ်ဝိုက် အကြည့်ဝေ့ဝဲကြည့်ရှုရင်းက သူ၏အကြည့် သစ်ပင်ကြီးနှင့် မလှမ်းမကမ်းရှိ တောင်ကုန်းမို့မို့ တစ်ခုဆီသို့ အကြည့်ရောက်ရှိသွားရ၏။

'အင်း....ပိုးရုံရယ် မင်းကို အသက်ရှင်လျက် မတွေ့ကြုံခဲ့ရပေမယ့် မင်းရဲ့ကိုယ်ပွား မျက်နှာဖုံးလေးကို တွေ့မြင်လာခဲ့ကတည်းက ငါ့အသည်းဝယ် စွဲစွဲနစ်နစ်ခင်မင်လာရပါတယ် မင်းကို ရက်ရက်စက်စက် လုပ်ကြံသွားတဲ့ဟုံဘျန်းကို မင်းအတွက် သေးကြေးကလဲ့စားပေးဆပ်ပါ့မယ်'

တိုယင်း ထိုသို့ ကြေကြေကွဲကွဲ ရေရွတ်ပြောဆိုရင်း မြေပုံမို့မို့ကြီးသို့ ဦးတည်ကာ တရွေ့ရွေ့ လျှောက်လှမ်းသွားလေသည်။

ထိုအချိန်တွင် ကျောက်ဂူကြီးအတွင်းမှ လူရိပ်တစ်ရိပ် ကျောက်ဂူအမိုးရိပ်ကျရောက်ရာ မှောင်မည်းလျက်ရှိသော ဂူဝအတွင်းအစပ်ဆီသို့ ဟူးခနဲ ရွေ့ရှားရောက်ရှိလာ၏။



စင်စစ်သော် ယင်းလူရိပ်မှာ တစ်ခြားအရိပ်မဟုတ်ပါချေ၊ ကွေ့ရှုလျှံပင်ဖြစ်သည်၊ အဘယ်ကြောင့် သူ ဂူအပေါက်ဆီသို့ အရိပ်ခိုရောက်ရှိလာရပါသနည်း၊ အကြောင်းမှာ....

သူသည် ကျောက်ဂူအပြင်ဘက်တွင် ရောက်ရှိနေသော တိုယင်း၏ အခြေအနေကို တိတ်တခိုး ချောင်းမြောင်းကြည့်ရှုအကဲခတ်နေခြင်းဖြစ်သည်။

ဟုတ်ပါသည်၊ သည်ကနေ့ လပြည့်ညလေ။

ကွေ့ရှုလျှံမှာ တမ်းတမ်းတတ မျှော်လင့်ခဲ့ရသော လပြည့်ညပင်။

အဘယ်အကြောင်းကြောင့် သည်လပြည့်ကို ကွေ့ရှုလျှံ စိတ်လှုပ်ရှားစွာဖြင့် တမ်းတမ်းတတမျှော်လင့်နေရပါသနည်း။

သူသည် မရဏကျူးလက်ဝါးသိုင်းကို တိုယင်းအား သင်ကြားပေးခဲ့ရုံမက ကျားမာန်အတွင်းအားဆေးကို ဂမုန်းကော်ဆောင်ကျားသွေးဖြင့် ဖော်စပ်တိုက်ကျွေးထားခဲ့၏၊ ထိုဆေးအား လပြည့်ညတွင် အထူးသဖြင့် ဆေးကြွကာ အစွမ်းပြတတ်သဖြင့် စောင့်စားကြည့်ရှုနေခဲ့ခြင်းဖြစ်၏၊

သည်ည လပြည့်ညတွင် သူ ဖော်စပ်တိုက်ကျွေးခဲ့သော ဆေး၏စွမ်းသတ္တိအောင်မြင်မှုရှိမရှိ အဖြေပေါ်တော့မည်မို့ ကွေ့ရှုလျှံမှာ စိတ်လှုပ်ရှားစွာဖြင့် တိုယင်းအခြေအနေကို တိတ်တဆိတ် လှုပ်းအကဲခတ်နေမိခြင်းဖြစ်၏။

အခု လပြည့်ည နာရီမောင်း တစ်ဆယ့်နှစ်ချက်တီးအချိန် မရောက်သေးသဖြင့် တံယင်းမှာမည်သည့်အခြေအနေမှပြောင်းလဲမှုမရှိဘဲ အေးဆေးငြိမ်သက်စွာဖြင့် ပိုးရှ၏ မြေပုံမို့မို့ အနားတွင် ရပ်လျက်ရှိနေသည်ကို ကွေ့ရှုလျှ လှမ်းမြင်တွေ့နေရ၏။

မေ့ဆွေးအိုးတစ်လုံးကျက်ခန့် ကြာသောအခါ လပြည့်ည တစ်ဆယ့်နှစ်တီးတိတိအချိန်သို့ ရောက်ရှိလာ၏။

ထိုစဉ်မှာပင်....

'ဟုံ ....တုံ ....တုံ ....တုံ ....တုံ'

ဆိတ်ငြိမ်သာယာလွန်းလှသော လပြည့်ညဉ့်ယံသို့ ထိုးဖောက်လျက် ရှစ်မျက်နှာရွာမှ နာရီခေါင်းသံခေါက်သံ တစ်ဆယ့်နှစ်ချက်တိတိ စူးစူးရှရှ ပြန့်ကျက်ထွက်ပေါ်လာ၏။

အခုံ ရှစ်မျက်နှာရွာမှာမူ လပြည့်ည၏ အေးချမ်းသာယာမှုကို ပြည့်ပြည့်ဝဝ စိတ်ချမ်းသာစွာ ခံစားနေကြ၏။

ကြည့်လေ၊ လရောင်ထိန်လင်းနေသည့်တလင်းပြင်ကြီးတွင် ရှစ်မျက်နှာရွာရှိ ကလေးသူငယ်များ မအိပ်နိုင်သေးဘဲ ပျော်ရွှင်အော်ဟစ်စွာဖြင့် ဆူဆူညံညံ ကစားနေကြ၏။

ရွာရှိလူကြီးများမှာမူ အိမ်ရှေ့ရှိဝါးကွပ်ပျစ်များပေါ်တွင် ထိုင်လျက် လဖောက်ရည်အိုး၊ အမြည်းများဖြင့် စားသောက် မြည်းကြရင်း ရောက်တတ်ရာရာစကားများ စိတ်ပျော်ရွှင်စွာဖြင့် ပြောဆိုလို့နေကြ၏။



တချို့ အနုပညာဓာတ်ခံရှိသော ရွာသားများမှာမူ ဂေလွှများ၊ ဗျတ်စောင်းများတီးခတ်ကာ ပျော်ရွှင်လွန်းမောလျက်ရှိနေကြ၏။

ကြော်....တစ်ချိန်ကဆိုလျှင် မိစ္ဆာကျားဆိုးကြီးရန်ကြောင့် ရှစ်မျက်နှာတစ်ရွာလုံး အခုလိုလပြည့်နေ့ညကိုင်း စိတ်မချမ်းမသာ ထိတ်လန့်ချောက်ချားဖွယ်ရာ ခံစားခဲ့ကြရ၏။

ထိုသို့ ဘေးအတိတ်ကို ရွာသူရွာသားများတွေးမိလိုက်သည်နှင့် မိစ္ဆာကျားဆိုးကို သုတ်သင်ရှင်းလင်းနိုင်ခဲ့သော မုဆိုးကြီးဟုမ်ကျွင်းအား ကျေးဇူးတင်မိလာကြ၏။

ပြီး ဟုမ်ကျွင်းကို သူရဲကောင်းကြီးတစ်ဦးအဖြစ် ရှစ်မျက်နှာတစ်ရွာလုံးက ချီးကျူးထောပနာပြုခဲ့ကြ၏၊ ထိုသို့ရှစ်မျက်နှာတစ်ရွာလုံး ထိန်လင်းသာယာလျက်ရှိသော လပြည့်ညဝယ် ကြည်နူးပျော်ရွှင်နေခိုက် ဆိတ်ငြိမ်လျက်ရှိသည့် လပြည့်ညသန်းခေါင်ကိုထိုးဖောက်လျက် ကြောက်မက်ဖွယ်ရာ အသံကြီးတစ်သံ ဟိန်းခနဲပေါ်ထွက်လာရသည်မှာ....

'ဝေါင်....ဝေါင်'

'ဟင်'

'ဟာ'

'ဒါ ဒါ... ကျောက်မျက်ရည်တောင်ပေါ်က ကျား ကျား ဟိန်းသံကြီးပဲ'

'ဟုတ်....ဟုတ်တယ်၊ ဘုရား....ဘုရား.... မိစ္ဆာကျားကြီးများ သေရာက ပြန်အသက်ဝင် ရှင်....ရှင်လာပြီလား မသိပါဘူး....'

'ပေါက်… အား အားလုံး ကိုယ့်အိမ်ထဲ ကိုလီ အမြန်ဝင်ကြလို့ လိုက်ဆော်သြကြရင် ကောင်းမယ်'

'ဟုတ် ဟုတ်တယ်'

စောစောက ထိန်လင်းသာယာလျက်ရှိသော လပြည့်ညဦးယံအောက်ဝယ် အေးချမ်းပျော်ရွှင်ကြည်နူးနေကြသည့် ရှစ်မျက်နှာရွာရွာတစ်ရွာလုံးမှာ မမျှော်လင့်ဘဲ ကျောက်မျက်တောင်ပေါ်မှ ကြောက်မက် နှလုံးဖွယ်ရာ ကျားဟိန်းသံကြီး နှစ်ခါကြားလိုက်ရသဖြင့် ထိတ်လန့်တုန်လှုပ်ချောက်ချားသွားရလေသည်၊ အမှန်တော့ တုံယင်း၏ ကျားမာန်အတွင်းအားဖြင့် အော်ဟစ်လိုက်သော်အသံပင် ဖြစ်၏။

ထိန်ထိန်သာလွန်းလျက်ရှိသော တလင်းပြင်ဝယ် ပျော်ရွှင်ခုန်ပေါက်ကစားနေကြသည့် ကလေးသူငယ်များပင် ကျားဟိန်းသံကြီး ကြားလိုက်ကြပြီးနောက် ကြောက်ရွံ့တုန်လှုပ်ကာ ကိုယ့်တဲကိုယ် ရုတ်ရုတ်သဲသဲ ထွက်ပြေးကုန်ကြလေ၏၊

ထို့အတူပင် တဲများ ရှေ့ရှိ ကွပ်ပျစ်များပေါ်တွင် ဝိုင်းဖွဲ့၍ လက်ဖက်ရည်ကြမ်းသောက်ကြရင်း ပျော်ပျော်ပါးပါးပြောဆိုနေကြသည့် လူကြီးများပင် ကိုယ့်တဲအတွင်းသို့ကိုယ် ထိတ်ထိတ်လန့်လန့် ဝင်ရောက်လိုက်ကြ၏။

သိပ်မကြာပါချေ။

လပြည့်ညထိန်လင်းသာယာလျက်ရှိသော လရောင်အောက်ဝယ် ကိုရွာကလေးမှာ လှုပ်ရှားမှုကင်းကာ ခွေးတစ်ကောင်ကြောင်တမြီးအသံမျှ မကြားရအောင်ပင် ဆိတ်ငြိမ်သွားရသည်။



အမှန်တော့ ထိုရွာသူရွာသားအားလုံးတို့သည် ကိုယ့်အိမ်တွင်းကိုယ် ခိုဝင်အောင်းကြရင်း မထင်မှတ်ဘဲ ရုတ်တရက်ပေါ်ပေါက်လာခဲ့သော မိစ္ဆာကျားဆိုးကြီး အကြောင်းကို အတိတ်ကာလနှင့်ဖြစ်ကာ နားစွင့်ဆောင်နေကြခြင်းဖြစ်လေတော့သည်။

❋ ❋ ❋

'အီး အီး အူး အူး'

ပူနွေးတောက်ရှိုင်းလျက်ရှိသော နံနက်ခင်း၏ နေရောင်ကား သစ်ရွက်ခြောက်ပုံပေါ်တွင် အပေါ်အင်္ကျီဗလာကျင်းလျက် မှောက်ခုံကြီးအိပ်နေသည့် တုံယင်းပေါ်သို့ ထိုးယှက်ဖြာကျနေ၏။

ယင်းသို့ ပူနွေးသောနေရောင်ခြည်က သူ့အား သတိရနိုးထစေလေ၏။

ဒါကြောင့်မို့ ....

တုံယင်း သတိလစ်မေ့မျောကာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေရာမှ လူးလွန့်နိုးထလာ၏။

သူ့တစ်ကိုယ်လုံးမှာ ထုံထုံကျဉ်ကျဉ်ဖြစ်နေရသဖြင့် ညည်းညူသံပြုရင်း လဲလျောင်းနေရာက ထထိုင်လိုက်၏။

'ငါ ငါ... ည ညကဘယ်လိုဖြစ်သွားရပါလိမ့်'

တုံယင်း ထိုသို့တွေးတောမိရင်း လပြည့်သန်းခေါင်ကျော်က သူ့ဖြစ်ပျက်ခဲ့သောအခြေအနေကို နမှူးကြော၍ကာ တွေးတောစဉ်းစားမိလိုက်၏။



'သူ့ဦးနှောက်ကို အပြေး လွှား အလုပ်ပေးလိုက်လေသည်။

ထိုအခါကျမှ သူ့ဘဝ လပြည့်သန်းခေါင်ကျော်က ပြောင်းလဲသွားရသည့်အဖြစ်ဆိုးကို ပြန်လည်တွေးတောစဉ်းစားမိရင်း တုန်လှုပ်ချောက်ချားစွာ ခံစားလိုက်မိရလေတော့သည်။

'ငါ ငါ....ဘာကြောင့် ဒီ ဒီလို စိတ်ပြောင်း ပြောင်းလဲသွားရတာလဲ၊ ဒါ ဒါ....ငါ ငါ့ဘဝ ဘဝဆိုးထဲရောက်အောင် အကွက်ကျကျဖန်တီးကော်စက်လိုက်တာပဲ ... တောက်'

ယင်းသို့ တုံယင်းမှာ လပြည့်ည သန်းခေါင်ကျော်တွင် အံ့သြထူးဆန်းစွာဖြင့် စိတ်ပြောင်းလဲသွားရသည့် ဘဝဆိုး၊ အဖြစ်ဆိုးကို ပြန်လည်သတိရမိပြီး ခံပြင်းဒေါသထွက်မိရလေ၏။

'ငါ ဒီလို ဒုက္ခများမယ့်ဘဝဆိုးထဲသွပ်သွင်းခဲ့တာ မယ်တော်ကြီး[illegible]က်ချက်ပဲဖြစ်ရမယ်၊ မယုံမှုလွဲရော.... ငါသိုင်းစသင်ကတည်းက အတွင်းအား အမြန်အဆင့်မြင့်တဲ့ဆေးဆိုပြီး တိုက်ခဲ့တဲ့ဆေးတွေဟာ ငါ လပြည့်သန်းခေါင်ကျော်တိုင်း ကျားမာန်အတွင်းအား စိတ်ကြွဆေးတွေပဲဖြစ်ရမယ်....၊

မောင်တော်ရက်စက်တဲ့အဘွားကြီး၊ သူ့ကိုသာ သူဖြစ်ချင်တာပဲ သိတယ်၊ တစ်ဖက်လူ ဘဝတစ်ခုလုံးပြင်မရအောင် ပျက်စီးသွားရတာတော့ စဉ်းစားဘူး၊ အင်း....ပိုးရှိမလားလဲ သေရတာ သူ့ကြောင့်ဖြစ်ရမယ်၊ အင်း.... ငါ ရှစ်ချက်နှာရွာသွားပြီး အခြေအနေစုံစမ်းကြည့်ရင်ကောင်းမယ်’

ထိုသို့ တုံယင်းမှာ တွေးတောစဉ်းစားသုံးသပ်မိပြီးနောက် ရှစ်မျက်နှာရွာသို့သွားရောက်၍ နှင်ဆိုးဆံဖြူမယ်တော်ကြီး ကွေရှုလျှ အကြောင်း စနည်းနာမည်ဟု ဆုံးဖြတ်ချက်ချမိလေသည်။

သည့်နောက် သူ တောလမ်းခလေးအတိုင်း ကျောက်မျက်ရည်တောင်ဆီသို့ ဦးတည်လျှောက်လှမ်းခဲ့၏။

ညက ကျောက်မျက်ရည်တောင်နှင့် ခပ်လှမ်းလှမ်းရှိ တောအုပ်ထဲတွင် အိပ်ခဲ့ကြောင်း သိလိုက်ရ၏။

တောင်ပါသေးသည်၊ လူသူကင်းမဲ့သောတောထဲမို့၊ နို့မဟုတ်ဆိုလျှင် အဝတ်ဗလာကင်းမဲ့လျက်ရှိသော သူ ကိုယ်လုံးတည်းဖြင့် လူသူနေသည့်အရပ်ထဲရောက်နေခဲ့လျှင် ဒုက္ခ၊

သို့ဖြင့် တုံယင်း သူနေထိုင်ရာ ကျောက်မျက်ရည်တောင်သို့ ပြန်လည်ရောက်ရှိလာ၏။



ပြီး ကျောက်ဂူကြီးအတွင်းသို့ ဝင်ရောက်လာခဲ့၏။
ကျောက်ဂူကြီးအတွင်းဝယ် သူ့ဆရာ ကွေရှုလျှ၏အရိပ်အယောင်ကို သူမတွေ့မြင်ရချေ၊

‘အင်း....အဘွားကြီး ငါ့ဂူထဲပြန်မရောက်လာတာနဲ့ စိတ်ပူပြီးဟိုဟိုဒီဒီလိုက်ရှာနေတယ်ထင်ပါတယ်’

ရေချိုးလိုက်ပြီးနောက် သူ့အိပ်စက်ရာလိုဏ်ဂူထဲသို့ ဝင်ရောက်လိုက်ပြီး အဝတ်အစားကောက်ဝတ်လိုက်၏။

ပြီး ငွေစအချို့ကိုအိတ်ထဲသည့်ကာ ပြန်ထွက်လာခဲ့ ကွေရှုလျှ၏ အလုပ်ခန်းဖြစ်သော မှော်ဝိဇ္ဇာလိုဏ်ဂူပေါက်ဝသို့ ရောက်ရှိလာ၏။

သည်တွင် သူ၏စိတ်ထဲ၌ ကွေရှုလျှ၏ မှော်ဝိဇ္ဇာလိုဏ်ဂူအတွင်းသို့ ဝင်ရောက်အကဲခတ်လိုစိတ် အလိုလိုပေါ်ပေါက်လာရ၏။

ဒါကြောင့် တုံယင်းမှာ နှင်ဆိုးဆံဖြူမယ်တော်ကြီး ကွေရှုလျှ၏ မှော်ဝိဇ္ဇာလိုဏ်ဂူထဲသို့ ခပ်သွက်သွက်လေး လှမ်းဝင်လိုက်၏။

မှော်ဝိဇ္ဇာလိုဏ်ဂူထဲ အတွင်းသို့ရောက်သောအခါ ဆေးဖော်စပ်သည့် ပစ္စည်းကိရိယာများ၊ ဆေးများထည့်ထားသော ကြွေအိုးများ၊ စဉ့်အင်တုံများ၊ ဗီရို၊ ကျောက်ခုတင်စသည်

ဖြင့် အစီအရီပြည့်နှက်နေလျက်ရှိနေ၏။

ထိုစဉ် တုံယင်း၏အကြည့် စားပွဲကစ်ခုအပေါ်သို့ရောက်ရှိသွားသည်။

ဆိုအခါ ယင်းစားပွဲပေါ်တွင် လှန်းထားသောစာအုပ်တစ်အုပ်ရှိနေသည်ကို သူလှမ်းမြင်တွေ့လိုက်ရ၏။

'ဟိုစားပွဲပေါ်မှာ ဘာစာအုပ်လဲမသိဘူး၊ ငါသွားကြည့်ဦးမှပဲ'

ထိုသို့ သူရေရွတ်ပြောဆိုပြီးနောက် ယင်းစားပွဲအနားသို့ ချဉ်းကပ်ရောက်ရှိသွား၏။

အနားရောက်တော့ ကုံယင်းမှာ ယင်းစာအုပ်ကို လှမ်း၍ ဖတ်ရှုလိုက်မိသောအခါ....

'မရဏ ကျွားမာန်အတွင်းအား စိတ်ကြွဆေးအတွက် စီမံဖော်စပ်ရန် ဆေးနည်းလှမ်းညွှန်'

'ဟင်....လက် လက်စသတ်တော့ မယ်တော်ကြီးမှာ ငါ့ဘဝကို အစမ်းသပ်ခံသတ္တဝါကောင်လို သဘောထားပြီး တပည့်မွေးထားတာကိုး'

မကျေမချမ်းဖြစ်စွာ ရေရွတ်ပြောဆိုပြီးနောက် တုံယင်းမှာ ခံပြင်း ဒေါသထွက်စွာဖြင့် အိုတစ်ချက်ကြိတ်လိုက်ပြီးနောက် မော်ဝိဇ္ဇာလိုဏ်ဂူထဲမှ တစ်ရွေ့ရွေ့လှမ်းထွက်ခဲ့လေသည်။



တုံယင်းမှာ နတ်ဆိုးမယ်တော်ကြီးကွေ့ရှုလျှ၏ စမ်းသပ်ခံဘဝ လက်ကိုင်တုတ်ဘဝဖြစ်သွားရသည်ကိုတွေးမိပြီး နာကြည်းဒေါသထွက်မိရလေသည်။

သည်နောက် တုံယင်းသည် ကျောက်မျက်ရည်ဘောင်ပေါ်မှဆင်းလာပြီး တောလမ်းကျဉ်းလေးအတိုင်း ရစ်မျက်နှာရှာသို့ဦးတည်လျက် လျှောက်လှမ်းလာသည်။

နေမွန်းတည့်ချိန်ရောက်တော့မှ ရှစ်မျက်နှာရှာလယ်ရှိ စားသောက်ဆိုင်တစ်ဆိုင်သို့ တုံယင်းရောက်ခဲ့ရသည်။

ဝမ်းကဆာလောင်လာပြီမို့ ထိုစားသောက်ဆိုင်ထဲသို့ ဝင်ရောက်လိုက်သည်။

လူလွတ်လျက်ရှိသော ပြတင်းပေါက်အနားရှိ စားပွဲတစ်လုံးဆီသို့ ဦးတည်လျှောက်သွားသည်။

သူ ထိုစားပွဲတွင်ထိုင်လိုက်သောအခါ ဆိုင်ရှင်အဘိုးကြီးတစ်ဦးရောက်လာပြီး....

'လူလေး ဘာသုံးဆောင်မလဲကွယ်'

မေးလာတော့ သူက ကျီးကန်းခြေရာသဖွယ် ရှုပ်ပွစွာဖြစ်တည်နေသော ဆိုင်ရှင်အဘိုးကြီး၏မျက်နှာကိုကြည့်၍....

'အဘ အမြည်းကောင်းကောင်းတစ်ပွဲ လုပ်ပါ၊ ဒါနဲ့ ဒီဆိုင်မှာ အရက်ကောင်းကောင်း ဘာရှိသလဲ'

စူးရှတောက်လက်လျက်ရှိသော သူ၏အကြည့်ကို မှုပြင်း တောက်လောင်လျက်ရှိသည့် အာသူရိန်နေမင်းကို ကြည့်မိသလို မကြည့်နိုင်ဘဲ မျက်နှာလွှဲလိုက်ရသကဲ့သို့ ဆိုင်ရှင်အဘိုးကြီး ပြတင်းပေါက်ဘက်သို့ အကြည့်ပြောင်းကာ....

'ဒီ....ဒီဆိုင်မှာ အကောင်းဆုံးအရက်ကတော့ ချောက်ကိုး ကောင်းအရက်ပါပဲ၊ အမြည်းကောင်းကောင်းက ခွေးအသား ရှိပါတယ်လူလေး'

'ဒါဆို အဲဒါအရင်လုပ်ပေးပါ၊ ပြီးရင် ခေါက်ဆွဲကျော် စားဖို့ တစ်ပွဲလုပ်ပေးပါ'

'ကောင်းပါပြီလူလေး'

သည်နောက် ဆိုင်ရှင်အဘိုးကြီးမှာ သူ့ကိုကျောခိုင်း၍ ဆိုင်အတွင်းပိုင်းသို့ဝင်ရောက်သွားလေ၏။

သိပ်မကြာပါချေ၊ အဘိုးကြီးမှာ လင်ဗန်းတစ်ချပ်နှင့် အရက်အိုး အရက်ခွက်နှင့် ခွေးအသားအမြည်းပန်းကန်တစ်ပွဲတို့ကို သူ့စားပွဲသို့ အစီအရီလာချပေးသွားသည်။



သူသည် ကွေ့ရုလျှ၏လုပ်ရပ်ကိုတွေးမိရင်း မကျေမနပ်ဖြစ်ကာ ခံပြင်းဒေါသတလိပ်လိပ်ထွက်လာနေသည်။

ဒေါသဖြစ်စွာဖြင့် သူ အရက်ခွက်ကို တစ်ခွက်ပြီးတစ်ခွက် မော့သောက်ပစ်လိုက်သည်၊ ပြီး တူတစ်စုံကိုင်လျက် ပန်းကန်ထဲမှ ခွေးသားအမြည်းတစ်တုံးအား ယူမြည်းလိုက်၏၊

ပြောရမည်ဆိုလျှင် ခွေးသားမှာ အခြားအသားများနှင့် မတူဘဲ စားသောက်၍ကောင်းမွန်သော အသားဟင်းလျာမျိုး ဖြစ်သည်၊ ပြီး.... ယင်းခွေးသိုအမြည်းမျိုးရဖို့က မလွယ်ကူလှချေ။

ကံကောင်းထောက်မ၍ အုပ်စုကွဲထွက်လာသော ခွေးအကောင်မျိုးကို တောပစ်မုဆိုးတို့မှ ပစ်ခတ်ဖမ်းဆီးနိုင်၏၊ ထိုအချိန်တွင် သူတောင်းစားတစ်ယောက်မှာ ဇုတ်ချာညစ်နွမ်းလျက်ရှိသည့် ပိန်လှီနေသော အရက်ကျိုးကြီးတစ်ယောက် စားသောက်ဆိုင်အတွင်းသို့ ခင်ရီရီ ဝင်ရောက်လာသည်၊

ယင်းသို့ အရက်ကျိုးကြီးတစ်ယောက် ဆိုင်အတွင်းသို့ လှမ်းဝင်လာသည်ကို ဆိုင်ရှင်အဘိုးကြီးမြင်တွေ့ပြီး....

'ဟေ့ ကောင်ပိန်ရိုး ဆိုင်ထဲကထွက်သွားစမ်း'

အော်ငေါက်မောင်းထုတ်လာသဖြင့် ပိန်ရိုးဆိုသောလူကြီးမှာ သူ့ညာလက်ထဲမှ ဟောင်းနွမ်းလျက်ရှိနေသည့် ငွေဖလားလေးတစ်ခွက်ကို လှမ်းထောင်ပြရင်း တောင်းပန်သောလေသံဖြင့်

'အဘ အဘချိုင် ကျွန် ကျွန်တော့်မှာ အရက်တစ်ခွက်ဖိုး ငွေပါပါတယ်'

ထိုစကားကြားလိုက်ရတော့မှ ဝင်းမာနေလျက်ရှိသော အတိုးကြီး ချိုင်၏မျက်နှာမှာ အနည်းငယ်မျှ လျော့ပါးသွားရပြီး....

'အေး မင်းအရက်အကြွေးပဲ တစ်ခါမှမဆပ်ဘူး'

ဟု မြည်တွန်ပြောဆိုကာ ဆိုင်အတွင်းသို့ လျှောက်သွားလေသည်၊ တစ်အောင့်မျှပင် မကြာလိုက်ပါချေ၊

ဆိုင်ရှင်အဘချိုင့်မှာ အရက်တစ်ခွက်ကို ကိုင်ဆောင်လျက် ပိန်ရိုးထံရောက်ရှိလာ၏။

အရက်ခွက်ကိုလှမ်းပေးပြီး ဆိုင်ရှင်အဘချိုင်မှာ ပိန်ရိုးလက်ထဲမှ ဟောင်းနွမ်းလျက်ရှိသော ငွေစက္ကူတစ်ရွက်ကို ဖျပ်ခနဲလှမ်းယူပြီး ဆိုင်အတွင်းသို့ ပြန်လည်လျှောက်သွားလေသည်။

ထိုအခိုက် တုံယင်းက အရက်ဂျူးပိန်ရိုးထံအကြည့်ရောက်ပြီး စိတ်ကူးတစ်မျိုးပေါက်သွားကာ

'ဦးလေးပိန်ရိုး ကျွန်တော့်ဝိုင်းမှာလာထိုင်သောက်ပါ'

အရက်ကို ကုန်စင်အောင်မော့သောက်ပြီးနောက် အရက်ခွက်အား စားပွဲပေါ်သို့ အသာအယာတင်ရစ်ကာ အရက်တင်းတိမ်မှုမရှိစွာဖြင့် အရက်ဂျူးပိန်ရိုးဆိုင်ထဲမှ ထွက်မည်အပြု မမျှော်လင့်ဘဲ ဖိတ်ခေါ်လိုက်သောစကားသံကို ကြားလိုက်ရသဖြင့် အံ့ဩဝမ်းသာ သွားရလေသည်၊ ဒါကြောင့် အရက်ဂျူးပိန်ရိုးမှာသူ့အား လှမ်းဖိတ်ခေါ်သူထံ အကြည့်ဝေ့ဝဲရောက်ရှိသွားရှာပြီး....



'ဟင်....ဒီလူငယ်ကို ငါတစ်ခါမှလဲ မမြင်ဖူးမတွေ့ဘူးပါလား....'

ဟု ရေရွတ်မိရင်း တစိမ်းတရံဖြစ်နေသဖြင့် မလှမ်းဝံ့ဘဲ တုံယင်းထံ ကြောင်အမ်းအမ်းဖြင့် လှမ်းကြည့်နေမိသည်။

ယင်းအခြေအနေကို လှမ်းအကဲခတ်မိလိုက်သောတုံယင်းက အပြုံးယဲ့ယဲ့ပြုံးလိုက်ပြီး....

'ဟင်း ဟင်း.... ဦးလေးရဲ့ မိတ်ဖြစ် ဆွေဖြစ်ပေါ့ ဦးလေးလဲ အရက်မဝသေးပါဘူး'

ပြောလိုက်တော့ အရက်ဂျူးပိန်ရိုးမှာ အရက်မဝသေးသည်မှာ ကောန်ဖြစ်သဖြင့် တစ်ခါမျှမတွေ့ကြုံမမြင်ဘူးခဲ့သော တစိမ်းလူငယ်တစ်ယောက် ဖြစ်မှန်းသိသော်လည်း ရှေ့ဆက်ဟန်ဆောင်နိုင်သည့်သတ္တိမမွေးပံ့ဘဲ တုံယင်းစားပွဲအနားသို့ တရွေ့ရွေ့ချဉ်းကပ်လာလေ၏ ထိုအခိုက်တုံယင်းသည် ထိုင်နေရာမှ ကပျာကယာထလိုက်ပြီးနောက် စားပွဲခုံအောက်ဘက်မှ ထိုင်ခုံတစ်လုံးအား ဆွဲထုတ်ရင်း....

'ကဲ....ထိုင်ပါဦးလေးရာ'

လိုက်လိုက်လှဲလှဲသံဖြင့် ပြောဆိုလိုက်ရာ အရက်ဂျူးပိန်ရိုးမှာ တုံယင်းဆွဲထုတ်လိုက်သော ထိုင်ခုံပေါ်တွင် ဝင်ရောက်ထိုင်လိုက်လေ၏၊ ထိုအခါတုံယင်းက သူသောက်နေသည့် အရက်ခွက်လွတ်ထဲသို့ အရက်အိုးထဲမှအရက်များကို တစ်ဝက်ကျော်ကျော် စောင်းထည့်လိုက်လေ၏၊ ပြီးလျှင်စောင်းထည့်ထားသော အရက်ခွက်ကို အရက်ဂျူးပိန်ရိုး ရှေ့ဆီသို့ တရိုတသေထိုးရွှေ့ပေးလိုက်တော့....

'ကဲ… ဦးလေး သောက်ပါ ကျွန်တော့် နာမည်တို့ ယင်းပါ'

သူ့နာမည်ကို တုတ်ဖော်၍ တရင်းတနှီးရှိဟန်ဖြင့် မိတ်ဆက်လိုက်လေသည်။ ထိုစဉ် အရက်ဂျိုးပိန်ရှီးက အရက်ခွက်ကိုလှမ်းယူ၍ တခြိုက်မော့သောက် ပုံကလေးတော့သည်။

❋ ❋ ❋

## အခန်း (၁၅)

### အဖြစ်ဒဏ်

---

အရက်ဂျိုးပိန်ရှီးမှာ သူ့ညာလက်ထဲမှအရက်ခွက်ကို စားပွဲပေါ်သို့ အသာအယာချလိုက်ပြီးနောက် လူစိမ်းတုံ့ယင်းထံအကြည့်ရောက်ရင်း….

'လူလေးတုံ့ယင်းက ဒီရွာသားမဟုတ်ပါဘူးနော်'

လှမ်းမေးလာတော့ တုံ့ယင်းက ခေါင်းတစ်ချက်ခါယမ်းလိုက်ကာ….

'ကျွန်တော် ဒီရွာကို ခေတ္တလာလည်တဲ့ ဧည့်သည် တစ်ယောက်ပါ'

ထိုစကားကြားလိုက်တော့ အရက်ဂျီးပိန်ရိုးက တစ်ချက် မြုံးရတ်လိုက်ပြီး....

'အင်း... မင်းက ငါတို့ရွာကို တစ်ခြားနေ့ရက်တွေလာ လည်ရင် ပျော်စရာကောင်းမှာ အခုလို လပြည့်ရက်မျိုးတွေ လာတော့ မင်းစိတ်တုန်လှုပ်မချောက်ချားနေရဘူးလား'

သူ မစပ်စုပါတဲ့ အရက်ဂျီးပိန်ရိုးက သူ့ရွာအကြောင်း စတင်ဖောက်သည်ချလာလေ၏

သည်တွင် တုံယင်းမှာ အမြည်းပန်းကန်ကို အရက်ဂျီး ပိန်ရိုးထံရွှေ့ပေးလိုက်ရင်း....

'ဦးလေး အမြည်းလဲသုံးဆောင်ပါဦး'

'မအေး....အေး'

ဟု ဆိုကာ အရက်ဂျီးပိန်ရိုးမှာ တူခွက်ထဲမှ တူတစ်စုံကို နှိုက်ယူပြီးနောက် အမြည်းပန်းကန်ထဲမှ အမြည်း တစ်ထုံး အား ညှပ်ယူစားသောက်လိုက်လေသည်၊ ပြီးမှ တုံယင်းက အရက်ဂျီးပိန်ရိုးထံအကြည့်ရောက်ကာ....

'ဦးလေးမနေ့ညက ကျွန်တော် အရက်တွေတအားမူးပြီး အိပ်ပျော်သွားလို့ ဘာဖြစ်မှန်းတောင်မသိလိုက်ရပါဘူး'

'ခြော်....ညက မမျှော်လင့်ဘဲ ပျောက်ကွယ်သွားတာ အတော်ကြာသွားပြီဖြစ်တဲ့ မိစ္ဆာကျားကြီး ပြန်လည်ပေါ် ပေါက်လာပြီး ဟိန်းသံကြီးနှစ်ကြိမ် ကြားလိုက်ရတယ်ဟူး'

ပြောဆိုရင်း အရက်ဂျီးပိန်ရိုးမှာ သက်ပြင်းလေးကြီးတစ် ချက်ချ လိုက်ပြီးနောက်....

အရက်ခွက်ထဲမှ အရက်ကိုမော့သောက်လိုက်ပြန်လေ၏၊



သောက်ပြီးမှ သူ့ဆိုစကားကို ဆက်ပြောလာသည်မှာ ...

'ငါတို့ ရှစ်ချက်နှာရွာလေးဟာ လပြည့်ညရဲ့ အေးချမ်း ကြည်နူးမှုကို ပြည့်ပြည့်ဝဝခံစားရတာ သိပ်မကြာလာသေး ပါဘူးကွာ'

ထိုစဉ် တုံယင်းက စိတ်ဝင်စားလာဟန်ဖြင့် မျက်မှောင် ကြုတ်ကာ ပိန်ရိုးထံ စူးစိုက်ကြည့်ရင်း....

'အရင့်အရင်လပြည့်ညတွေတုန်းက ဒီရွာမှာဘယ်လိုအခြေ အနေမျိုးတွေပေါ်ပေါက်လာခဲ့လို့လဲ'

လှမ်းမေးလိုက်တော့ ပိန်ရိုးက ကြောက်ရွံ့တုန်လှုပ်သွား သည့်ဟန်ဖြင့် မျက်လုံးအစုံပြူးကာ ပခုံးအစုံတွန့်လျက်....

'အား.... ဒီရှစ်မျက်နှာရွာရဲ့ တုန်လှုပ်ချောက်ချားလာခဲ့ ရတဲ့အတိတ်ဆိုးအကြောင်းကို မောင်ရင် တည်းခိုတဲ့ အိမ်က ဘာမှမပြောပြဘူးနဲ့တူတယ်'

တုံယင်းက ခေါင်းဆတ်ခနဲညိတ်လိုက်ပြီး....

'ဟုတ်ကဲ့ ကျွန်တော်စိုက်ဆင်းရဲရမှာစိုးရိမ်ပြီး အိမ်ရှင်တွေ က ထုတ်ဖော်မပြောကြတာအင်ပါရဲ့'

လီအယ်ပြောဆိုလိုက်သောစကားကြောင့် ပိန်ရိုးသူ့ဘာသာဆုံ ကျွဲ့ သွားရပြီး ခေါင်းတစ်ချက်ညိတ်လိုက်ပြီး....

'ဟုတ်ပါတယ်လေ၊ ကဲကွာ....ငါ့ရွာအကြောင်းငါပဲပြော ပြပါ့မယ်၊ ဒီလိုကွ အရင်ငါတို့ ရှစ်မျက်နှာ တစ်ရွာလုံးဟာ အခုလိုညမျိုးပေါ်ကွာ လပြည့်ညရောက်ရင် ငရဲကျ ရောက် သည့်အလား တုန်လှုပ်ချောက်ချားကြရတယ်'

'ဘာဖြစ်လို့လဲ'

'ပြောပြမယ်လေ... လပြည့် သန်းခေါင်ကျော် ရောက်ရင် မိစ္ဆာကျားဆိုးကြီးတစ်ကောင် ပေါ်ပေါက်လာပြီး ရွာသူရွာသားတစ်ယောက်ရဲ့ လည်ချောင်းသွေးကို ဖောက်စုပ်သတ်သွားတာပဲ၊ ဒါဟာတစ်ခါတည်းမဟုတ်ဘူး လပြည့်ရောက်တိုင်း အဲဒီအန္တရာယ်ဆိုးကို ရင်ဆိုင်လာကြရတယ်၊ နောက်ဆုံးငါတို့တစ်ရွာလုံး လပြည့်ညတိုင်း အဲဒီမိစ္ဆာကျားဆိုးကြီး ရောက်မလာအောင် ကိုယ့်အိမ်ရှေ့ သစ်ပင်ကြီး အောက်မှာ အသားမျိုးစုံနဲ့ ပူဇော်တောင်းပန်ရတာပဲ'

'ဦးလေးကလဲ ကျားဆိုးတစ်ကောင်ကို ပူဇော်ပသတောင်းပန်လို့ရသလားဗျာ'

ထိုသို့ပြောဆိုလိုက်သောစကားကြောင့် ပိန်ရှီးမှာလှုပ်လှုပ်ရှားရှားဖြစ်သွားရပြီး....

'ဟာ....လူလေးရ အဲဒီမိစ္ဆာကျားဆိုးကြီးဟာ သာမန်ကျားမဟုတ်ဘူးကွ လူကနေပြောင်းလဲလာတဲ့ သမန်းကျားမျိုးတဲ့ကွ'

'ဩော်....ဒါနဲ့ ဦးလေးပြောသလို လူကနေကျားဘဝပြောင်းလဲသွားတယ်ဆိုတာ ဘယ်လိုသက်သေ အထောက်အထားနဲ့ပြောဆိုနေကြတာလဲ'

တမင် ရှစ်မျက်နှာ ရွာသူရွာသားတို့ သမန်းကျားအဖြစ်မည်သည့် အထောက်အထားဖြင့် သမုတ်ပြောဆိုနေကြသည်ကို သိလို၍ အရက်ဂျီး ပိန်ရှီးကို တုယင်းက တောင်းပေးလိုက်ခြင်းဖြစ်၏။

ထိုအခါ အရက်ဂျီး ပိန်ရှီးက ပြုံးပြုံးပြံပြံမျက်နှာနှင့်



'အား....အထောက်အထားရှိတာပေါ့ လူလေးရာ၊ အဲဒီလပြည့်ညဆိုရင် သောင်းကျန်းဆိုးသွမ်းခဲ့တဲ့ မိစ္ဆာကျားဆိုးကြီးကို တစ်နေ့ မုဆိုးကြီး ဟုမ်ကျင်းနဲ့ သူ့သူငယ်ချင်း တစ်ယောက် လပြည့်နေ့ညကြီးမှာပဲ ဒီရှစ်မျက်နှာရွာကိုရောက်လာကြပါတယ်၊ သူတို့က ဦးလေးရွာကို ဖြတ်သန်းပြီး မိုးညိုရွာသွားကြမယ့် ခရီးသည်ပါ'

'မုဆိုးကြီး ဟုမ်ကျင်း ဟုတ်လားဦးလေး'

မမျှော်လင့်ဘဲ သူ့ဘား နှုတ်ဆိုးဆံ မြူမယ်တော် ၊ ကျွှန်ုပ်က သွေးကြွေးအလဲ့စား ပေးဆပ်ခိုင်း သာ မုဆိုးကြီး ဟုမ်ကျင်းနာမည် ကြားလိုက်ရသဖြင့် သူ့ရင်ထဲက နှလုံးသွေးများ ဝုန်းကနဲဆူပွက်သွားရ၏။

သည့်တွင် အရက်ဂျီး ပိန်ရှီးက မျက်စိမျက်နှာ ပြောင်းလဲသွားရသော တုယင်းထံအကြည့်ရောက်ရင်း....

'လူလေးက အဲဒီမုဆိုးကြီးဟုမ်ကျင်းကို သိသလား'

လှမ်းမေးလာသဖြင့် တုယင်းက ကပျာကယာ ခေါင်းခါယမ်းလိုက်ပြီး....

'မသိပါဘူး'

'အေး သူတို့နှစ်ယောက်ဟာ လပြည့်ညသန်းခေါင်ကျော်သွားရင် မိစ္ဆာကျားရန်ရှိတယ်လို့ အကျိုးအကြောင်းပြောပြီးတားရစ်သော်လဲ အယုံအကြည်မရှိဘဲ သူတို့ ခရီးဆက်ထွက်ကြတယ်၊ ငါတို့ပြောတဲ့အတိုင်းပဲ လမ်းမှာ မိစ္ဆာကျားနဲ့တွေ့ကြတယ်၊ အဲဒီမှာ မုဆိုးကြီးရဲ့သူငယ်ချင်း သေဆုံးသွားရတယ်၊

မိစ္ဆာကျားကြီးလည်း မုဆိုးကြီးရဲ့မြားချက် ထိမှန်သွားခဲ့ရတယ်'

စကားရှည်လျားစွာ ပြောဆိုလိုက်ရမှုကြောင့်ထင့် အရက်ဂျိုကြီး ပိန်ရိုးမှာ စကားကို ခေတ္တရပ်ဆိုင်းလိုက်ပြီးနောက် အရက်ခွက်ထဲမှအရက်ကို တစ်ကြိုက် မော့သောက်လိုက်လေသည်။

သောက်ပြီးမှ အရက်ဂျိုး ပိန်ရိုးက စကားဆက်ပြောလာသည်မှာ....

'အဲ မုဆိုးကြီးဟာ သိပ်သတ္တိကောင်းတဲ့ လူကြီးတစ်ဦးပဲ၊ လူပစ်ခတ်တဲ့ မိစ္ဆာကျားကြီး သေမသေသိလိုတယ်ဆိုပြီး အဲဒီမိစ္ဆာကျားကြီးကို ဖန်တီးပေးတဲ့ ကျောက်မျက်ရည်တောင်ပေါ်ကို ရှာကဆေးဆရာနဲ့ သွားကြတယ်'

'နေစမ်းပါဦး....ဦးလေးပြောတဲ့ သမန်းကျားကို ကျောက်မျက်ရည်တောင်ပေါ်က ဘယ်သူဖန်တီးပေးတာလဲ'

'အေးလေ....ဒီရာဇဝင်ကြောင်းကို မင်းက တခြားဒေသက လူဆိုတော့ ဘယ်သိပါ့မလဲ....သမန်းကျားကို ဖန်တီးနိုင်စွမ်းရှိတဲ့ မှော်ဝိဇ္ဇာမကြီး နတ်ဆိုးဆံဖြူမယ်တော် ကွေရှုလျှိဆိုတာ အဲဒီကျောက်မျက်ရည်တောင်ပေါ်မှာ နေတယ်လေ.... သူ့ရန်ကြောက်လို့ အဲဒီအနီးတစ်ဝိုက်ကို တစ်ရွာလုံး မသွားဝံ့ကြပါဘူး၊ အခု လူမရှိလဲ သူ့အရှိန်အဝါ ကြွင်းကျန်ရစ်သေးတော့ ငါတို့တစ်ရွာလုံး အဲဒီကျောက်မျက်ရည်တောင်နား မသွားဝံ့ကြပါဘူးကွာ'

'နေပါဦး ဦးလေးရ၊ အခုကျောက်မျက်ရည်တောင်ပေါ်မှာ အဲဒီ နတ်ဆိုးဆံဖြူမယ်တော် ကွေရှုလျှိက မရှိတော့ဘူးလား'



စူးစမ်းဟန်နှင့် လှမ်းမေးလိုက်တော့ ပိန်ရိုးက ခေါင်းတစ်ချက် ခါယမ်းပြီး....

'အခု အဲဒီနတ်ဆိုးဆံဖြူမယ်တော် ကွေရှုလျှိဟာ မုဆိုးကြီး ပစ်ချက်ထိမှန်ပြီး သေဆုံးသွားရပါပြီ'

မထင်မှတ်သောစကားကို ကြားလိုက်ရသောကြောင့် အံ့သြဟန်နှင့် တုယင်းက အရက်ဂျိုး ပိန်ရိုးကို လှမ်း၍မေးလိုက်သည်မှာ....

'ခုန ဦးလေးပြောတာ ကျွန်တော် နားမရှင်း မရှင်းဖြစ်သွားရတယ်... မုဆိုးကြီးရဲ့ မြားချက်က နတ်ဆိုး ဆံဖြူမယ်တော်ကြီး ကွေရှုလျှိကို ဘယ်လိုလုပ် ထိမှန်သွားတာလဲ.... ကျောက်မျက်ရည်တောင်ပေါ်မှာ သူတို့ချင်းဆုံတွေ့ကြလို့တိုက်ခိုက်ရင်း မယ်တော်ကြီး မြားထိမှန်သွားတာလား'

မေးလိုက်တော့ အရက်ဂျိုး ပိန်ရိုးက ခေါင်းသွင်သွင်ခါယမ်းပြီး

'နတ်ဆိုးဆံဖြူမယ်တော်ကြီး ကွေရှုလျှိကို ကျောက်မျက်ရည်တောင်ပေါ်မှာ မြေပုံဘဝနဲ့ မုဆိုးကြီးတို့ ဆုံတွေ့လိုက်ရတာပါ'

'ဘယ်လို မြေပုံဘဝနဲ့ ဆုံတွေ့လိုက်ရတာလဲ'

'မုဆိုးကြီးတို့ ကျောက်မျက်ရည်တော ပေါ်ကိုရောက်တော့ အဲဒီတောင်ပေါ်မှာ ဘယ်သူမှမရှိကြတော့ဘူး၊ လောလောလတ်လတ် မြေဖို့ထားတဲ့ မြေပုံတစ်ပုံပဲ တွေ့လိုက်ရတဲ့

အတွက် သူတို့တူးဖော်ကြည့်လိုက်တော့ ရင်အုံတည့်တည့်မှာ ဖြားဒဏ်ရာဒဏ်ချက်နဲ့ သေဆုံးနေတဲ့ နတ်ဆိုးဆီပြူမယ်တော်ကြီးရဲ့ ရုပ်အလောင်းကို တွေ့ခဲ့ရပါတယ်၊ ဒါကြောင့် လပြည့်ညတွေမှာ ရွာကို ဒုက္ခအန္တရာယ်ပေးတဲ့ သမုန်းမိစ္ဆာကျားဆိုးကြီးဟာ တခြားသူမဟုတ်ဘူး၊ နတ်ဆိုးဆီပြူမယ်တော်း ကေ့ရှလျှ ဖြစ်နေကြောင်း သိလိုက်ရပါတယ်....'

ထိုသို့ အရဲက်ဂျိုးကြီးပိန်ရှီးထံမှ ရှစ်မျက်နှာရွာ၏ အဖြစ်အပျက် အခြေအနေကို တုံယင်းကြားသိလိုက်ရပြီးနောက် ပိုးရုံသည် ကေ့ရှလျှ၏ မှော်ဝိဇ္ဇာယောဂပညာရပ် စမ်းသပ်မှုမှာ ဘဝပေးရင်းနှီးရသည်ကို ရင်နာနာဖြင့် သိရှိလိုက်ရသည်၊ ပြီးတော့ သေဆုံးသွားသောပိုးရုံ၏ မျက်နှာပေါ်ဝယ် မယ်တော်ကြီးက သူ၏မျက်နှာဖုံးကိုစွပ်လျက် သူ့ဘဝဇာတ်မြှုပ်လိုက်သည်ကိုလည်း တုံယင်း သိခဲ့ရပါ၏။

နောက်ဆုံး ဆုံးရှုံးသွားရသော သူ့တပည့်ပိုးရုံနေရာအစားတုံယင်းကိုသိုင်းပညာသင်ကြားပေးမည်ဟု အကြောင်းခံပြီး သူ့လောကီပညာရပ်ဆိုင်ရာ ဆေးစမ်းသပ်ခံမှုဘဝသို့ မရှုမလှရောက်ခဲ့ရပြီးဖြစ်ကြောင်း တွေးမိရင်း တုံယင်းခမျာ ဒေါသအမျက် တစ်ချောင်းချောင်း ထွက်ရှိလာရလေတော့သည်၊

ထိုအခိုက်မှာပင် ဆိုင်ရှင်အဘချိုင်က တုံယင်း၏ စားပွဲဝိုင်းဆီသို့ အရက်ခွက်သစ်တစ်ခွက် လာရောက်ချပေးသွားသည်။

ဒါကြောင့် တုံယင်းမှာ ယင်းအရက်ခွက်ထဲသို့ အရက်



အိုးထဲမှ မျောက်ကိုးကောင်အရက်အချို့ကို စောင်းငှဲ့ထည့်လိုက်၏၊ ပြီးနောက် သူ အရက်ခွက်ကို ကိုင်၍ မော့သောက်သည်၊

ထိုစဉ် စိန်ရှီးက အားတုံ့အားနာဖြစ်လာဟန် တူပါသည်၊

တိုင်ရာမှ ထရပ်လိုက်ပြီး....

'ကဲ....ကျေးဇူးပါပဲ ညီလေး တုံယင်း၊ ဦးလေး ကိုခွင့်ပြုပါဦး'

သိဘ်တွင် သူက လက်ဝှေ့ယမ်းကာ....

'နေပါဦး....ဦးလေး၊ ခဏနေဘ်'

'ဖြောင်း....ဖြောင်း'

ပြောဆိုရင်း သူက လက်ခုပ်လက်ဝါးနှစ်ချက်တီးခတ်လိုက်သည်၊

ထိုအခိုက် ဆိုင်ရှင် အဘချိုင်မှာ သူ့စားပွဲဝိုင်းဆီသို့ ခပ်သုတ်သုတ်လေးရောက်ရှိလာရပြီး....

'မောင်ရင်....ဘာအလိုရှိပါသေးလဲကွယ်'

'ဩော်....အဘ၊ ဦးလေးပိန်ရှီးကို သူသောက်နေကျအရက်တစ်အိုးပေးလိုက်ပါ၊ ကုန်ကျစရိတ်ကို ကျွန်တော့်စာရင်းထဲပေါင်းထည့်လိုက်ပါ'

'အေး အေး....မောင်ရင်၊ ဒါနဲ့ ခေါက်ဆွဲသုံးဆောင်တော့မလား'

လှမ်းမေးလိုက်တော့ တုံယင်းက ခေါင်းဆတ်ခနဲညိတ်လိုက်ကာ....

'ဟုတ်ကဲ့ အဘ'

သည်နောက် ဆိုင်ရှင် အဘချိုင်သည် ဆိုင်အတွင်းပိုင်းသို့ ဝင်ရောက်သွားပြီး အရက်တစ်အိုးယူဆောင်လာ၏။

သည်တွင် တုံယင်းက ပြုံး၍....

'ကဲ....ဦးလေးပိန်ရှီး ယူလိုက်ပါ'

'ကျေး ကျေးဇူးပါပဲ ညီလေးရယ်'

ဟုဆိုကာ ပိန်ရှီးမှာ ဆိုင်ရှင် အဘချိုင်ထံမှ အရက်အိုး တစ်အိုးလှမ်းယူပြီးနောက် ပြုံးပျော်စွာ ဆိုင်ထဲမှ လှမ်းထွက် သွားလေသည်၊ တုံယင်းသည် စားသောက်ရှင်းလင်းပြီး နောက် မှန်းလွဲနှစ်ချက်တီးမှုထိုစားသောက်ဆိုင်မှထွက်ခွာလာ ခဲ့၏။

သူ မူးမူးဖြင့် တစ်ရွေ့ရွေ့လျှောက်လှမ်းလာရာ မှောင်ရီ ပျိုးမှ သူနေထိုင်ရာ ကျောက်မျက်ရည်တောင်ပေါ်သို့ရောက် ရှိလာတော့သည်။

ကျောက်မျက်ရည်တောင်ပေါ် ရောက်သည်နှင့် ပိုးရုံကို မြှုပ်နှံထားသည့် မြေပုံမို့မို့ဆီသို့ ဒယီးဒယိုင်လျှောက်သွား သည်။

အနားရောက်တော့ ငွေလရောင်ဖြန့်ကျက်ထားသော မြေပုံ မို့မို့ဆီသို့ ကရုဏာသက်စွာ စူးစိုက်ကြည့်ရင်း....

'ပိုးရုံရယ်... နင်ဟာ မယ်တော်ရဲ့အသုံးချမှုမှာ ဘဝဆုံး ရှုံးလိုက်ရတာပါ--၊ ငါလဲ မင်းလို သူ့ရဲ့အယုံသွင်းလိုက်တဲ့ စကားကို ယုံမှတ်ခဲ့လို့ ဘဝဆိုးကြီးထဲနစ်မွန်းနေရပြီ၊ ဒီအတွက်



ငါ ငါအားလုံးကို နင့် နင့်အတွက် သွေးကြွေးကာလဲ့စားပေး ဆပ်ပါ့မယ်'

ဟု တီးတိုးရေရွတ်ပြောဆိုရင်း မြေပုံပေါ်တွင်ဒူးထောက် ထိုင်ကာ ဦးညွှတ်ဂါရဝပြုလိုက်သည်။

သူ၏မျက်ဝန်းအစုံတို့မှာလည်း မျက်ရည်များ ပိုးပိုးပေါက် ပေါက် ကျလာရ၏၊ ထိုအချိန်မှာ သတ်ငြိမ်သာယာလျက်ရှိ သော ညဥ့်ယံကို ထိုးဖောက်လျက် တောင်ဝှေး တစ်ဒေါက် ဒေါက်ထောက်သံ ပီပီပြင်ပြင် ပေါ်ထွက်လာ၏။

'ဒေါက် ဒေါက် ဒေါက် ဒေါက်'

ဟုတ်ပါသည်၊ ကွေ့မျှလျှံသည့် မရဏာဝိညာဉ်တောင်ဝှေး ကို တစ်ဒေါက်ဒေါက်ထောက်ရင်း ပိုးရုံမြေပုံရှေ့တွင် ဒူး ထောက်ထိုင်လျက်ရှိသော တုံယင်းထံ တစ်ရွေ့ရွေ့လျှောက် လှမ်းလာခြင်း ဖြစ်သည်။

အေးမြထိန်လင်းလျက်ရှိသော ဘော်ငွေရောင်ဖြန့်ကျက်ထားမှုကြောင့် ဇရာအစင်းကြောင်းများ ရှုပ်ပွလျက်ရှိသည့် ကွေ့ရှုလှျ၏ မျက်နှာပြင်ပေါ်ဝယ် ဒေါသရိပ်များဆိုင်းထင်လျက်ရှိနေပေ၏။

သို့ဖြင့် ကွေ့ရှုလှျံမှာ တုံယင်းကျောအနောက်ဘက်သို့ ချဉ်းကပ်ရောက်ရှိလာပြီး....

'တုံယင်း မင်းတစ်နေကုန် ဘယ်ရောက်သွားနေတာလဲ'

ခက်ထန်မာကျောသော လေသံဖြင့်လှမ်းမေးသံကို ရုတ်တရက် ကြားလိုက်ရသောကြောင့် တုံယင်းမှာ ကြက်သီးဖြန်းဖြန်း ထသွားရပြီး နောက်လှည့်ကြည့်မိလိုက်၏။

သူ့အား ကွေ့ရှုလှျံသည် ဒေါသရောင် တဝင်းဝင်း တောက်ပနေသော မျက်လုံးအစုံတို့ဖြင့် တုံယင်းကို စူးစိုက်ကြည့်နေသည်ကို တုံယင်း ရင်ထိတ်စွာ ကြုံတွေ့လိုက်ရ၏။

ပြီး တုံယင်းသည် ဒူးထောက်ထိုင်လျက်ပင် နတ်ဆိုးဆံဖြူမယ်တော်ကြီးထံ မော့ကြည့်လိုက်ရင်း....

'မယ်တော်ကြီး ဒီနေ့ ရွာဘက်မရောက်ဘူးလို့ သွားလည်ပတ်နေမိတာပါ'

အဖြေစကားကြားလိုက်ရပြီး ကွေ့ရှုလှျံမှာ မျက်နှာကွက်ခနဲ ပျက်ယွင်းသွားရပြီး....

'မင်း ဘာကြောင့် ငါ့ခွင့်ပြုချက်မရဘဲ ရွာထဲကိုထွက်သွားရတာလဲ'

ယင်းသို့ အပြစ်တင်စကားကြားလိုက်ရသော တုံယင်း၏



စိတ်ထဲ မကျေမနပ်စိတ်များ ဘွားကနဲ ပေါ်ပေါက်လာရ၏။

'ဒါ....ဒါ ငါ့ရဲ့လွတ်လပ်မှုကို ချုပ်ချယ်တဲ့စကားပဲ'

ရင်ထဲ၌ မကြေမချမ်း ရေရွတ်မိပြီးနောက် တုံယင်းမှာ ကွေ့ရှုလှျံကို စူးစိုက်ကြည့်လိုက်ရင်း....

'မယ်တော်ကြီး ကျွန်တော် အမှန်တော့ ရွာထဲသွားဖို့ ရည်ရွယ်ချက်မရှိပါဘူး၊ ညက ဘယ်လိုဖြစ်ပြီး ရွာနားကတောစပ်ထဲရောက်သွားတာ အိပ်ပျော်နေပါတယ်၊ မနက်မိုးလင်းမှ ကိုယ့်အဖြစ်မှန် သိရပါတယ်၊ ဒါကြောင့် ရွာနားနီးနေတာနဲ့ မတူးဘူးဆိုပြီး ရွာထဲဝင်လည်မိတာပါ'

လက်ခံအောင် လိမ်ယ၍ တုံယင်း မဆိုင်းမတွပြောလိုက်သော်လည်း ကွေ့ရှုလှျံက ကျေနပ်လက်ခံမှုမရှိဘဲ သူ့လက်ထဲမှ မရဲဏဝိညာဉ်တောင်ဝှေးကို မြေပြင်သို့အရှိန်ပြင်းစွာဖြင့် တစ်ချက်ဆောင့်လိုက်ရာ....

'ဒုတ်....'

'ဘာခြေရှည်ပြီး ရွာဘက်သွားရမှာလဲ ဒီတောင်ပေါ်ကို ပြန်တက်လာရမှာပေါ့၊ အဲဒီတစ်ရွာလုံးက ငါတို့ကို မကောင်းမြင်ပြီး အပုပ်ချနေကြတာ မင်း သိသလား'

ယင်းစကားကြောင့် တုံယင်းမှာ ရင်ထဲက မကျေမနပ်စကားအချို့ ရေရွတ်ပြောဆိုလိုက်မိသည်မှာ....

'ဟွန်း....ကိုယ်ပဲမကောင်းလို့ တစ်ရွာလုံး အပြစ်ပြောတာတော့ ဖုံးကွယ်ထားတဲ့ အဘွားကြီး'

ထိုစဉ် ကွေ့ရှုလှျံက တုံယင်းထံ စူးလက်သော မျက်လုံးအစုံတို့ဖြင့်စိုက်ကြည့်ရင်း....

‘တဲ့…ငါ့ခွင့်ပြုချက်မရဘဲ ရွာက်ထွက်သွားတဲ့အတွက် မင်း မှာ အပြစ်ရှိသလား မရှိဘူးလား’

မေးလာတော့ တုံ့ယင်းမှာ ထိုင်ရာက မတ်တတ်ရပ်လိုက်ပြီး ကွေ့ရှုလျှံထံ တုန့်ပြန်စူးစိုက်ကြည့်လိုက်ရာ....

‘ရှိပါတယ် မယ်တော်ကြီး’

‘ဒါကြောင့်မို့ မင်း ပိုးရုံ့မြေပုံပေါ်မှာ ဝမ်းလျားထိုး တက်မှောက်လိုက်စမ်း’

ထိုအမိန့်စကားကို တုံ့ယင်း ကြားလိုက်ရလည်နှင့် သူ့အား ကွေ့ရှုလျှံ အပြစ်ပေးတော့မည်ကို ခံပြင်းစွာ သိရှိလိုက်ရသည်။

ဒါကြောင့်မို့ တုံ့ယင်မှာအံတစ်ချက်ကြိတ်လိုက်ပြီးနောက် ပိုးရုံ့မြေပုံပေါ်သို့ ဝမ်းလျားထိုး တက်မှောက်လိုက်၏။

သည်တွင် သူ့အနားသို့ ကွေ့ရှုလျှံမှာ မရဏဝိညာဉ် တောင်ဝှေးကို မြှောက်ပင့်လိုက်ပြီးနောက်....

‘တုံ့ယင်း ပိုးရုံက ငါ့စကားကို မြေဝင်မကျနားထောင် ခဲ့တယ်၊ မင်းလို တစ်ခါမှ အပြစ်ကျူးလွန်မှုမရှိခဲ့ဘူး၊ ငါ သွားဆိုမှ သွားတယ်၊ ငါစားဆိုမှ စားခဲ့တဲ့ တပည့်အလိမ္မာ တစ်ယောက်ဘဲ၊ အခု ငါအပြစ်မပေးသဲ ခွင့်လွှတ်လိုက်ရင် နောက် မင်းအပြစ်ကျူးလွန်ဖို့ ဝန်မလေးတော့ဘူး’

‘မယ်တော်ကြီး ကျွန်တော် ရွာထဲမရောက်ဘူးလို့ ခေတ္တ လာ...တ်တာ အပြစ်လား’

အော...ဂ...မမျိုသိပ်နိုင်တော့သဖြင့် တုံ့ယင်းမှာ သူ့အား ကွေ့ရှုလျှံထံ ခွန်းတုန့်ပြန် ပြောမိလိုက်၏။



ဒါကြောင့် ကွေ့ရှုလျှံမှာ မခံမရပ်နိုင်အောင် ဒေါသ တကြီး ဖြစ်သွားရပြီး....

‘ဘာကွ မင်း ငါ့ဆီက ခွင့်ပြုချက်မရဘဲ ရွာထဲသွားလည် တာ အပြစ်မဟုတ်ဘူးလို့ မင်း ငြင်းချက်ထုတ်ချင်နေတာလား တုံ့ယင်း၊ အကယ်လို့များ ရွာသူရွာသားတွေဟာ မင်းဟောဒီ ကျောက်မျက်ရည်တောင်ပေါ်မှာနေတဲ့ လူမှန်းသိသွားကြစမ်း မင်းကို မိစ္ဆာတောင်ဘစ်ခက်ကောင် ထင်မှတ်ပြီး ဝိုင်းဒုက္ခပေးကြ မှာကို မင်း မစဉ်းစားမိဘူးလားကွဟင်’

မိုးခြိမ်းသံပမာအလား ကွေ့ရှုလျှံက ဆူငေါက်ပြောဆို လာသဖြင့် တုံ့ယင်းမှာလည်း မကျေမချမ်းဖြစ်ကာ ခေါင်း မော့၍....

‘မယ်တော်ကြီး ကျွန်တော်ဟာ ဦးနှောက်သေးသိမ်တဲ့ ကလေးတစ်ယောက်မဟုတ်ပါဘူး၊ ကျွန်တော် ဒီကျောက် မျက်ရည်တောင်ပေါ်မှာနေပါတယ်လို့ ရွာသူရွာသားတွေကို ဖွင့်ပြောပါ့မလား၊ ဒါ...မယ်တော်ကြီး စိုးရိမ်ပူပန်နေတာ ပါ၊ အဲ...အပြစ်ရှိတာကတော့ ကျွန်တော်မယ်တော်ကြီးဆီက ခွင့်မတောင်းခဲ့တာပဲ၊ ဒီအတွက် မယ်တော်ကြီး အပြစ်ပေးမယ် ဆိုရင်လဲ ကြိုက်သလို အပြစ်ပေးပါခင်ဗျာခံယူဖို့အသင့်ပါနဲ့’

‘အေး...ကိုယ့်အမှား ကိုယ်ဝန်ခံရဲတဲ့ သတ္တိကိုတော့ ငါ သိပ်ကြိုက်သွားပြီ တုံ့ယင်း၊ ဒါပေမယ့် အမှားပြုတာကိုတော့ ဒါ ...လမဆုံးအကြိမ်နဲ့ ...နောက်ဆုံးအကြိမ်ဖြစ်ပါစေ

‘ဟုတ်ကဲ့’

‘မင်း ခေါင်းငုံ့ထား’

'ဟုတ်ကဲ့'

'ဝှီး....'

'ဘုန်း....'

ကွေ့ရှုလျှံက သူ့လက်ထဲမှ မရဏာဝိညာဉ်တောင်ဝှေးကို အပေါ်သို့ ဆတ်ကနဲ မြှောက်ပင့်၍ တုံယင်၏ ကျောပြင်ပေါ်သို့ ဝေ ယမ်းရိုက်ချလိုက်၏။

အရှိန်ပြင်းစွာဖြင့် ရိုက်ချလာသောမရဏာဝိညာဉ်တောင်ဝှေး ရှက်ချက်မှာ နာကျင်စွာခံစားလိုက်ရသော်လည်း တုံယင်းမှာ ခံပြင်းကြေကွဲစိတ်ဖြင့် အောင့်အီးသည်းခံလိုက်၏။

သူ့ထံမှ ညည်းတွားသံပင် လုံးဝထွက်ပေါ်မလာပါချေ၊ ယင်းအခြေအနေကို လှမ်း၍ရိပ်စားမိလိုက်ရသော ကွေ့ရှုလျှံမှာ မကျေမချမ်းဖြစ်သွားရပြီး အတွင်းအားသုံး၍ မရဏာ ဝိညာဉ်တောင်ဝှေးဖြင့် တုံယင်း၏ကျောပြင်သို့ ဝေ့ယမ်းရိုက်ချ လိုက်ရာ....

'ဝှီး....'

'ဘုန်း....'

'အီး....'

အတွင်းအားသုံး၍ ဝေ ယမ်းရိုက်ခတ်လာမှုကြောင့် တုံယင်းမှာ သူ၏ခန္ဓာကိုယ်နှစ်ပိုင်း ပြတ်ထွက်လွင့်စဉ်သွားပြီဟု ထင်မှတ်လာအောင် စူးစူးရှရှ နာကျင်မှုကြောင့် အောင့်အီး မခံနိုင်တော့တဲ့ သူ့နှုတ်မှ ညည်းညူတတစ်ချက် ကျယ်ကျယ် လောင်လောင် ထွက်ပေါ်လာရ၏။



ထိုသို့ တုံယင်း၏ညည်းညူသံကို ကွေ့ရှုလျှံကြားလိုက်ရ သဖြင့် သူ့ရင်ထဲဝယ် ကျေနပ်သွလို ခံစားသွားရလေတော့ သည်။

## အခန်း (၁၆)

## ပန်းနုရောင် မိန်းမချော

'ဝူး'

'ဘုန်း'

'အား'

'တုံယင်း နောင်ငါ့ရဲ့အမိန့်တစ်စုံတစ်ရာမရဘဲ ဒီတောင်ပေါ်က ထွက်ခွာသွားရင် အခုံတောင်ဖွေးသုံးချက် ဆိုရင်နောင်ခြောက်ချက်တိုးရိုက်ခံရမယ် ကြားလား'

ထိုသို့ ကျွေရှုလျှံမှာ ကြိမ်းဝါးပြောဆိုလာသဖြင့်တုံယင်းမှာ ခေါင်းငုံ့အမှုအထားမှ အေးစက်စက်အပြုံးတစ်ချက်ကို ပြုံးလိုက်မိလေ၏။



သို့သော်သူ ကျွေရှုလျှံ၏အမေးကို လုံးဝတုန့်ပြန်မဖြေဘဲ ငြိမ်နေမိလိုက်၏။

ယင်းအခြေအနေကို လှမ်း၍ ရိပ်စားမိလိုက်သော ကျွေရှုလျှံမှာ မဲ့ပြုံးတစ်ချက်ပြုံးလိုက်ရင်း....

'ဟာ ဒီတဲ တုံယင်း ငါမေးနေတာ နားမပါဘူးလား'

သည့်တော့မှ တုံယင်းမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားရပြီး....

'ဟုတ်....ဟုတ်ကဲ့ ကျွန်....ကျွန်တော်ကြားပါတယ် မယ်တော်ကြီး'

'အေး....ကဲသစမ်း မင်းနောက်ပြီး ငါ့ရဲ့ခမှာ်ဗိမ္ဗာ လိုက်ဂူထဲကိုလိုက်ခဲ့ချေ ဆေးသောက်ရမယ်'

'ဟုတ်ကဲ့မယ်တော်ကြီး'

သည်နောက် ကျွေရှုလျှံမှာ မရဏဝိညာဉ် တောင်ဖွေးကို တဒေါက်ဒေါက်ထောက်ရစ်း ပိုးရှုံမြေပုံမို့မို့အနားမှကျောခိုင်းကာ တရွေ့ရွေ့ထွက်ခွာသွား၏။

သည်တော့မှ တုံယင်းမှာ ပိုးရှုံမြေပုံပေါ်မှ ထလိုက်ပြီးနောက် သူ့အားတရွေ့ရွေ့ကျောခိုင်း ထွက်သွားနေသော ကျွေရှုလျှံထံလှမ်းကြည့်ရင်း အဓိပ္ပာယ်ဆောင်သော အပြုံးရိပ်တစ်ရိပ်ကို ပြုံးရယ်မိလိုက်လေသည်။

ပြီးနောက် တုံယင်းသည် ပိုးရှုံမြေပုံပေါ်မှ ဆင်းလိုက်ရာ....

'အား ကျွတ် ကျွတ်'

ခြေထောက်အစုံ မြေပြင်ပေါ် ချလိုက်မိသည်နှင့် သူ့ကျောပြင်ပေါ်မှ မရဏာဝိညာဉ်တောင်ဝှေး ရိုက်ချက်ဒဏ်ရာ အရိုးများမှ အသည်းနှိုက်ဖူ စူးစူးရှရှနာကျင် လာရသောကြောင့် သူ့နှုတ်မှအလိုလိုညည်းညူမိလိုက်၏။

ထို့နောက် သူ့ရင်မှာဝေဒနာဆိုးကို ပိုက်ထွေးရင်း အေးမြသောလရောင်ဖြန့်ကျက်မှုအောက်ဝယ် တရွှေ့ရွှေ့ဖြတ်သန်းလျှောက်ရင်း ကျောက်ဂူကြီးဆီသို့ ဦးတည်လျှောက်လှမ်းလာလေ၏။

သို့ဖြင့် သူမီးတိုင်များ အလင်းရောင်ကြောင့် လင်းလင်းချင်းချင်းရှိနေသော ကျောက်ဂူကြီးအတွင်းသို့ ရောက်ရှိလာလေ၏၊ သူသည်ဂူကြီး အတွင်းရောက်ရှိသည်နှင့်သူ့ အားခေါ်ထားသော ကွေ့ရှုလျှံ၏ မှော်ဝိဇ္ဇာလိုဏ်ဂူကြီးဆီသို့ မသွားသေးဘဲ တစ်စုံတစ်ခုယူရန်အတွက် သူ့အိပ်စက်ရာလိုဏ်ဂူလေးဆီသို့ ခပ်သွက်သွက်လျှောက်လှမ်းလာလေ၏။

သူအိပ်စက်ရာလိုဏ်ဂူလေးအတွင်းသို့ ရောက်ရှိသောအခါ သူယူဆောင်စရာပစ္စည်းတစ်ခုကို ယူဆောင်၍ ခါးကြားထိုးလိုက်လေသည်၊ ပြီးလျှင်တုယင်းသည် သူ့အိပ်စက်ရာလိုဏ်ဂူလေးအတွင်းမှ လှမ်းထွက်လာခဲ့လေ၏။

သည်နောက်သူသည် ကွေ့ရှုလျှံ၏မှော်ဝိဇ္ဇာ လိုဏ်ဂူထဲသို့ လှမ်းဝင်ခဲ့လေ၏။



မှော်ဝိဇ္ဇာလိုဏ်ဂူထဲသို့ ရောက်သောအခါ ကွေ့ရှုလျှံမှာ ဂူပေါက်ဝကိုကျောခိုင်းလျက် စားပွဲတစ်လုံးအနားတွင် ရပ်ကာ အလုပ်ရှုပ်နေသည်ကို သူလှမ်းမြင်တွေ့လိုက်ရ၏။

ထိုစဉ်သူ၏ လှမ်းလာသည့်ခြေသံကို ကြားလိုက်ရသည့် ကွေ့ရှုလျှံမှာ ကိုယ်လှည့်ပြောင်းလာပြီး

'လာ တုယင်း'

'ဟုတ်ကဲ့ မယ်တော်ကြီး'

ဟု ဆိုကာ တုယင်းမှာ ကွေ့ရှုလျှံဆီသို့ ချဉ်းကပ်ရောက်ရှိသွားလေ၏။

အနားရောက်တော့ ကွေ့ရှုလျှံ၏အကြည့် တုယင်းထံ အကြည့်စူးစိုက်ရောက်ရင်း....

'တုယင်းဆေးသောက်ရမယ်'

ပြောလာတော့ တုယင်းမှာ အ[illegible]ဆိုးဝါးသလောက် လူတစ်ယောက်၏ဘဝတစ်ခုလုံးအား ကြောက်မက်ဖွယ်ရာ ဆိုးဝါးသွားစေသည်ကို ကိုယ်တွေ့ကြုံနေရသဖြင့် ယင်းဆေးကို ဆက်သောက်ချင်စိတ်မရှိတော့ချေ၊ ဒါကြောင့် တုယင်းမှာ အရဲစွန့်၍ခေါင်းတစ်ချက်ခါလိုက်ရင်း....

'မယ်တော်ကြီး အဲသည်ဆေး ကျွန်တော့်ဆက်မသောက်ပါရစေနဲ့'

မထင်မှတ်ဘဲတပည့်ဖြစ်သူ တုယင်းထံမှ ငြင်းဆန်လာသည့် ထိုစကားကိုကြားလိုက်ရသဖြင့် ကွေ့ရှုလျှံမှာ မျက်လုံးပြူးမျက်ဆန်ပြူးဖြစ်သွားရပြီး....

'ဘာပြောတယ် ယင်းဒီဆေးသောက်တာ ဘယ်လောက်

ကြာပြီလဲ အခုမှဘာစိတ်ကူးပေါက်ပြီး သောက်ဖို့ ငြင်းဆန်လာရတာလဲဆိုစမ်း'

ယင်းအမေးကြောင့် တုယင်းမှာမည်သို့ တုန့်ပြန်ဖြေရမည်ကိုရုတ်ခြည်းမတွေးတော မစဉ်းစားတတ်အောင် ဖြစ်သွားရလေသည်၊ ဒါကြောင့်တုယင်းသည် ထစ်ထစ်ငေါ့ငေါ့လေသံဖြင့်....

'ကျွန်တော် မသောက်ချင်တော့လို့ပါ'

ဟု ရိုးရိုးစင်းစင်းတဲ့တိုးပြန်ဖြေလိုက်လေ၏၊ ထိုအခါ ကွေ့ရှလ္လှ မှာ မျက်စိမျက်နှာပျက်ယွင်း၍ပြီး....

'တုံယင်း မင်းဒီဆေးကိုဆက်မသောက်ရင် အဘွင်းအားတွေဟာ ဘယ်လိုရက်တိုတိုနဲ့ တိုးတက်မြင့်မားလာပါ့မလဲ၊ မင်းရေ့ရေးတိုးတက် အောင်မြင်ဖို့အတွက် ငါဘယ်လောက်အပင်ပန်းခံပြီး လုပ်ဆောင်ခဲ့သလဲဆိုတာ မင်းမျက်မြင်ကိုယ်တွေ့ပဲ၊ ငါ့အမိန့်ကိုမနာခံတာ ငါ့ကိုဖီဆန်တာပဲ တုယင်းသောက်လိုက်ပါ့ နောက်ဒီဆေးကိုတစ်ပတ်လောက်ပဲသောက်ရဲသော့မှာပါ'

ချောက်တစ်လှည့်ချော့တစ်လှည့်ဖြင့် ကွေ့ရှလ္လှ သူ့အားပြောဆိုလာသဖြင့် နောက်ဆုံး ငြင်း၍ရမည်မဟုတ်ကြောင်းတုယင်းတွေးတောသုံးသပ်လိုက်မိလေသည်။

ဒါကြောင့် သူ့စိတ်ထဲတွင် ဆုံးဖြတ်ချက်တစ်ခု ယတိပြတ်တွေးတောဆုံးဖြတ်လိုက်ပြီးမှ....



'မယ်တော်ကြီးဆေးက အဝင်ဆိုးဝါးလွန်းတော့ ကျွန်တော်အခုလိုငြင်းပယ်မိတာပါ အခုကျွန်တော်သောက်ပါ့မယ်'

ထိုစကားကြားလိုက်ရမှ ကွေ့ရှလ္လှ မှာ စိတ်အေးချမ်းသာဖြစ်သွားရ၍ပြီး အပြုံးယဲ့ယဲ့ပြုံးလိုက်ကာ....

'ဟင်း ဟင်း ဟင်း ဒီလိုမှခမ့ါတပည့်ရာ နောင်ဆို မင်းက သိုင်းလောကကြီးရဲ့ အရှင်သခင်ဖြစ်လာမှာကွ၊ ကဲကဲ....ဆေးသောက်'

ဟု ဆိုပြီး စားပွဲဘက်ဆီသို့ ကိုယ်လှည့်သွားသည်၊

ပြီးနောက်.... နတ်ဆိုးဆံဖြူမယ်တော်ကြီးကွေ့ရှလ္လှ သည်စားပွဲပေါ်မှ သူဖော်စပ်စီမံထားသော ဆေးရေထည့်ထားသည့် စဉ့်ပန်းကန်လုံးတစ်လုံးကိုလှမ်းယူကာ တုကင်းဘက်သို့ ကိုယ်လှည့်ပြောင်းလာစဉ်ခိုက်....

'သား'

'ဝှီ'

'စွပ်'

'အု'

'မင်း ဗင်း....ငါ့ ငါ့ကိုလုပ်ကြံ...လုပ်ကြံ'

'ဝူနီး'

'ဘုန်း'

လုံးပမထင်မှတ်တဲ့ တုံယင်းမှာ သူ့ခါးကြားထိုးဝှက်လာသည့် ငွေခဲ့ဓားမြောင်ရှည်ကို သွက်လက်လျင်မြန်စွာထုတ်ယူပြီး သူ့အက်ဆီသို့ ဆေးတိုက်ကျွေးရန်အတွက် မျက်နှာလှည့်လာသော ကေ့ရှုလျှ၏ရင်ဝတည့်တည့်ဆီသို့ လျှပ်တစ်ပြက်ထိုးစိုက်လိုက်၏။

မမျှော်လင့်တဲ့ တပည့်ဖြစ်သူတိုက်ခိုက်လာမှုကြောင့် ကေ့ရှုလျှမှာ ခုခံကာကွယ်နိုင်ခြင်းမရှိဘဲ တုံယင်း၏ငွေဓားမြောင်ဖျားထိုးစိုက်ခြင်း ခံလိုက်ရလေသည်။

ကေ့ရှုလျှမှာ တုံယင်းထံ အံ့ဩတုန်လှုပ်ဘနန်းစိုက်ကြည့်ရင်း ထစ်ငေါ့တုန်ယင်စွာ စကားအချို့ ပြောဆိုပြီး ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ်သည့်နှယ် ပြိုလဲကျသွား၏၊ ထိုအခါ သူမ၏လ ထဲမှဆေးခွက်သည်လည်း ကြမ်းပြင်ပေါ်သို့ လွင့်စင်ကျကာ အစိတ်စိတ်အမွှာမွှာကွဲကြေပြီး ဆေးရည်များ မြင်မကောင်းရှုမကောင်းပြန့်ကျဲသွား၏။

ထိုစဉ် သူမမှာ အသက်ထွက်ခြင်းမရှိသေးဘဲ အားယူထိုင်လာပြီး....

'မင်း....မင်းဟာ ဆရာကိုအာပြန်တဲ့ကောင်၊ မင်းကို တစ်သက်မကျေဘူး....ဟင်း ဟင်း'



ဟု ကြိမ်းဝါးပြောဆိုရင်း စားပွဲအနားသို့ ဖင်ဒရွတ်တိုက်ရွေ့လျားသွားသည်၊ ယင်းအခြေအနေကို လှမ်းမြင်တွေ့လိုက်ရသော တုံယင်းမှာ ရင်ဝတည့်တည့်တွင် ဓားတန်းလန်းစိုက်ဝင်ကာ သွေးစမ်းရှိုင်ရှိုင်စီးကျနေသော်လည်း အသက်မထွက်နိုင်သေးဘဲ လှုပ်ရှားနိုင်သေးသည်ကို မြင်တွေ့ရပြီး အံ့အားသင့်သွားလေသည်။

ထိုစဉ် သူ့ဦးနှောက်ထဲဝယ် အသိဘစ်ခုရသွားပြီးနောက် စားပွဲဆီသို့ တရွေ့ရွေ့ချဉ်းကပ်နေသော သူ့အား မြင်တွေ့ရသဖြင့်....

'ယား'

'ဒုန်း'

'ဝုန်း'

'ဂွမ်း ချလွမ် ဂလောင်'

တုံယင်းသည် စားပွဲကို ခုန်ပျံကန်ကျောက်လိုက်သည်၊ ယင်းသို့ သူခုန်ပျံကန်ကျောက်လိုက်မှုကြောင့် စားပွဲကြီး ကျိုးပဲ့လွင့်စင်သွားသဖြင့် စားပွဲပေါ်၌တင်ထားသော ဆေးစပ်ပေါင်းအိုးများ စဉ့်အင်တုံများ စသည့်ပစ္စည်းပစ္စယများမှာ ကြမ်းပြင်ပေါ်သို့ လွင့်စင်ကျရောက်ပြီး ကွဲရှဖိတ်စင်ကုန်လေသည်။

'မင်း မင်းဘယ်လိုလုပ်လိုက်တာလဲ'

သူမမှာ သူ့အားခဲ၍ ဦးတည်သွားရောက်နေသော စားပွဲခုံကြီးမှာ တုံ့ယင်း၏ခုန်ပျံတိုက်ခိုက်မှုကြောင့် လိုက်ဂူနံရံဆီသို့ လွင့်စင်ပျက်စီးသွားသည်ထိ ကြုံတွေ့လိုက်ရသောကြောင့် ခံပြင်းဒေါသ အလွန်အမင်းထွက်သွား၏။

ဒါကြောင့် သူမသည် တုံ့ယင်းထံလက်ညှိုးထိုးညွှန်ရင်း တုန်ယင်ထစ်ငေါ့စွာ လှမ်းပြောလေသည်။

အမှန်တော့ ကွေ့ရှုလျှံမှာ သူမ၏ဆေးစပ်စားပွဲပေါ်ဝယ် သူမ၏ မှော်ဝိဇ္ဇာအတတ်ပညာရပ်နှင့် သူကျွမ်းကျင်ခဲ့သော ဆေးယန္တရားအတတ်ပညာဖြင့် ဖော်စပ်တီထွင်ထားသည့် ကာယသိဒ္ဓိ ဂမ္ဘီရအမြုတေဆေးဘူးရှိ၏။ ယင်းဆေးဘူးထဲမှဆေးရည်ဖြင့် သူမ လက်ရှိခံစားနေရသော ဓားဒဏ်ရာအားသုတ်လိမ်းလိုက်လျှင် ယူမစ်သလိုပျောက်ကင်းသွားနိုင်ပါသည်။

ထိုမျှစွမ်းသည့် ဂမ္ဘီရအမြုတေဆေးစွမ်းကောင်းများဖြစ်သည်၊ ဟော အခုတော့ ယင်းအခြေအနေကို သတိရလိုက်မိသော တုံ့ယင်းမှာ ဆေးစားပွဲကြီးကို ကြိုတင်ခုန်ပျံကာ ကန်ကျောက်ဖျက်ဆီးလိုက်ခြင်းဖြစ်၏။

သို့တိုင်အောင်ပင် သူမမှာ အလျော့မပေးသေးဘဲ ဆေးစားပွဲကြီးလွင့်စင်ကျရောက်သွားသော ဂူနံရံဆီသို့ ဖင်ဒရွတ်တိုက်ရွေ့လျားသွားလေသည်။



ထိုအခါ တုံ့ယင်းမှာ ဂူနံရံထောင့်တစ်နေရာတွင်ရှိသည့် လောင်စာရည်များထည့်လှောင်ထားသော စဉ့်အိုးတစ်လုံးထံ အကြည့်ရောက်သွားလေသည်။

သည်တွင် သူ့ဦးနှောက်ထဲတွင်အကြံတစ်ခုရသွားပြီး ယင်းစဉ့်အိုးရှိရာဆီသို့ ခပ်သွက်သွက် လျှောက်လှမ်းသွားလေသည်။

ထိုအချိန်တွင် ကွေ့ရှုလျှံမှာလည်း သူ့ရည်ရွယ်ချက်အတိုင်း ဆေးစားပွဲကြီးလွင့်စင်ရာ ဂူနံရံဆီသို့ ဖင်ဒရွတ်တိုက်ကာ ရွေ့လျားနေ၏။

ထိုစဉ် တုံ့ယင်းသည် ဂူထောင့်ရှိ လောင်စာဆီများထည့်သိုလှောင်ထားသော စဉ့်အိုးကြီးကို ပွေ့ပိုက်သယ်မကာ ကွေ့ရှုလျှံဆီသို့ ရောက်လာ၏။

ပြီးနောက် သူသည် သူ့ပွေ့ပိုက်သယ်မလာသော စဉ့်အိုးကြီးဖြင့် နတ်ဆိုးဆံပြူမယ်တော်ကြီး ကွေ့ရှုလျှံပေါ်သို့ပစ်ပေါက်ချလိုက်သည်။

'ယား'

'ဝုန်း'

'ဒုတ်'

'ခွမ်း ဝေါဝေါ'

'အီး ဟီး ဟီး'

လောင်စာဆီများထည့်လှောင်ထားသော စဉ့်အိုးကြီးမှာ ကွေ့ရှုလျှံခေါင်းပေါ် ကျရောက်ပြီး ခွမ်းခနဲဟက်တက်ကွဲကာ လောင်စာဆီများ ယင်းမယ်တော်ကြီး၏ တစ်ကိုယ်လုံးပေါ်သို့

ရှိနေစိစိကုန်၏။

ထိုအခိုက်မှာပင် တုံယင်းမှာ ဂူနံရံပေါ်တွင် ထိုးစိုက် ထွန်းညှိထားသော မီးတုတ်တစ်တုတ်ကို ဆွဲနှုတ်ယူလိုက်လေသည်။

ပြီးလျှင် ယင်းမီးတုတ်ကို လောင်စာဆီများရွဲနစ်ကာ ကြမ်းပြင်ပေါ်တွင် ယက်ကန်ယက်ကန်ဖြစ်နေသော ကွေ့ရှုလျှ ထံသို့ ပစ်ထည့်လိုက်၏။ ထိုအခါ....

'ဒုတ်'

'ဝုဝု ဝု ဝုတ်'

'အား....အောင်မယ်လေး'

သူမအနားသို့ ကျရောက်သွားသော မီးတုတ်မှမီးတောက်များနှင့် လောင်စာများရွဲနစ်နေသည့် သူမထံ ကူးစက်ကာ တဝုန်းဝုန်းလောင်ကျွမ်း၍ မီးတောက်မီးလျှံကြီး ဖြစ်သွားရသည်။

သည်တွင် သူမသည် အလျှံတငြီးငြီးတောက်လောင်နေသော မီးတောက်မီးလျှံကြားဝယ် မရှုမလှခံစားရကာ စူးစူးဝါးဝါးအော်ဟစ်ရင်း အသက်ဝိညာဉ်ချုပ်ငြိမ်းသွားရလေ၏။

သည်နောက် သူမကိုဝါးမျိုနေသော မီးတောက်မီးလျှံများမှ ပြန့်စီးနေသည့်လောင်စာဆီများအား ကူးစက်လောင်လာသည်။

နောက်ဆုံး မီးတောက်မီးလျှံကြီးမှာ လိုဏ်ဂူအတွင်းရှိ ပစ္စည်းပစ္စယအားလုံးတို့ကိုဝါးမျိုကာ တစ်ဟုန်းဟုန်းတောက်



လောင်လာသည်၊ ထိုစဉ် တုံယင်းသည် သူ့အခန်းထဲမှ ခရီးဆောင်ကျောပိုးအိတ်ကိုလွယ်၍ ကျောက်ဂူကြီးထဲမှ လျင်မြန်စွာထွက်ခွာလာခဲ့၏။

ကျောက်ဂူကြီးအပြင်ရောက်သည်နှင့် တုံယင်းမှာ ပိုးရှုံမြေပုံရှိရာသို့ ဦးတည်လျှောက်လှမ်းလာ၏။

ထိုအချိန်တွင် မဟာရာညကောင်းကင်ပြင်ပေါ်၌ ဝိုင်းစက်ပြည့်ဝန်းနေသော သီဘဂူလမင်းကြီးမှာ အေးချမ်းစွာဖြင့် ထိန်ထိန်သာထွန်းလျက်ရှိနေ၏။

သို့နှင့် သူသည် ပိုးရှုံမြေပုံမို့မို့ရှေ့သို့ရောက်သောအခါ ခြေစုံရပ်လျက်....

'ပိုးရှုံရေ....မင်းဘဝနဲ့ငါ့ဘဝကို ဘဝဆိုးထဲရောက်အောင် သွပ်သွင်းသွားတဲ့ ကွေ့ရှုလျှကိုတော့ သေးကြေးကလဲ့စားပေးဆပ်လိုက်ပါပြီ....၊ နောက် မင်းဝိညာဉ်ကိုနှုတ်ယူသွားတဲ့ ဟုမ်ကျင်းကို နောင်တမလွန်က ပိုးရှုံစိတ်ချမ်းသာစေရအောင် အစ်ကို သေးကြေးကလဲ့စားပေးထပ်ပါမယ်၊ ကဲ.... ညီမ၊ အစ်ကိုသွားတော့မယ်'

ယင်းသို့ သူကြေကွဲဆို့နစ်စွာ ရေရွတ်ပြောဆိုပြီးနောက် ပိုးရှုံမြေပုံကို ဦးညွှတ်ဂါရဝပြုလိုက်၏။

ပြီးလျှင် သူ ပိုးရှုံမြေပုံမို့မို့ကို ကျောခိုင်း၍ ကျောက်မျက်ရည်တောင် အဆင်းလမ်းအတိုင်း ဆင်းလာခဲ့သည်။

ထိုအချိန်တွင် ရုတ်တရက် လေပြင်းတိုက်ခတ်လာမှုကြောင့် ကျောက်ဂူကြီးအတွင်းမှ မရဏခေါင်းလောင်းသံများ တစ်ခေါင်ခေါင်ပေါ်ထွက်လာတော့သည်။

'ဂလောင် ဂလောင် ဂလောင်'

* * *

တုံယင်း ကျောက်မျက်ရည်တောင်ပေါ်မှ ခရီးနှင်လာခဲ့သည်မှာ လမ်းတွင်နှစ်ရက်အိပ်ခဲ့ပြီးနောက် ကျိုလင်မြို့သို့ရောက်ရှိခဲ့လေသည်၊ အချိန်က နေမွန်းတည့်ပြီမို့ သူ၏ဝမ်းဗိုက်မှာ အလွန်အမင်းဆာလောင်လာပြီဖြစ်ကြောင်း တကျုတ်ကျုတ်မြည်ကာ အချက်ပေးခေါင်းလောင်းထိုးလာ၏။



သို့နှင့် တုံယင်းမှာ ကျိုလင်မြို့လည်ရှိ နာမည်ကျော်ကြားလျက်ရှိသော ပျားရည်မြစ်စားသောက်ဆိုင်သို့ ရောက်ခဲ့လေသည်၊ ချိုမွှန်သော ဧည့်ကြိုအမျိုးသမီးချောလေး၏ ဖော်ရွေစွာဆက်ဆံလာမှုကြောင့် သူ၏ဆာလောင်မှုပင်တခဏမျှ သက်သာသွားရသည် ထင်မိ၏။

သူ လူသူရှင်းလျက်ရှိသော စားပွဲတစ်လုံးတွင် ဝင်ရောက်ထိုင်လိုက်သည်၊ ထိုစဉ် စားပွဲထိုးလူငယ်တစ်ယောက်ရောက်ရှိလာသဖြင့် တုံယင်းမှာ အရက်တစ်အိုးနှင့် အသားကင်တစ်ပွဲမှာလိုက်၏၊ ဗိုက်ပြည့်ရန်အတွက်တော့ ထမင်းပေါင်းတစ်ပွဲမှာသည်။

သိပ်မကြာပါချေ၊ စားပွဲထိုးလေးမှာ သူမှာကြားထားသော အရက်နှင့်အမြည်းများကို သူ့စားပွဲထံ အစီအရီခင်းကျင်းပို့ဆောင်သွားသည်၊ သူတစ်ယောက်တည်းအရက်သောက်နေမိစဉ် အရက်အိုးတစ်အိုးခန့်ကုန်သွားသောအခါ ပျားရည်မြစ်စားသောက်ဆိုင်အတွင်းသို့ ပန်းနုရောင်ဝတ်စုံ ဝတ်ဆင်မြန်းထားသည့် အမျိုးသမီးချောလေးတစ်ဦး ဣန္ဒြေရရပင်ခင်ရောက်လာ၏။

ထိုသို့ မိန်းမချောလေး ပျားရည်မြစ်စားသောက်ဆိုင်အတွင်းသို့ လှမ်းဝင်လာသည်ကို သူ့စားသောက်နေရင်းမှ လှမ်းမြင်မတော့လိုက်ရ၏။

'ဟင်....ဒီ ဒီမိန်းကလေးဟာ သိပ်လှပါလား၊ သူ့အလှမြင်တွေ့လိုက်ရတာနဲ့ ငါ့ရင်မှာ တစ်မျိုးခံစားလိုက်ရပါလား၊ ဒီ ဒီမိန်းကလေးဟာ ဒီမြို့ကပဲလား'

ယင်းသို့ သူ ငေးရီကြည့်ရင်း ရင်တွင်းရေရွတ်ပြောဆိုနေစဉ်ပင် မိန်းမချောမှာ လူလွတ်သည့်ခန်းမအလယ်ရှိ စားပွဲတစ်လုံးတွင် ဝင်ရောက်ထိုင်လိုက်သည်။

စင်စစ်သော် မိန်းမချောလေးမှာ ရတနာကုန်သည်ကြီး ရီဝေကျော်၏တစ်ဦးတည်းသောသမီးကလေး ရီဝေဆောင်းပင်ဖြစ်၏။

အမှန်တော့ ရီဝေဆောင်းမှာ သူ၏ချစ်သူ လက်ထောက်လုံခြုံရေး သိုင်းတာဝန်ခံ ကျန်ရင်ကျူးကို တွေ့ဆုံရန်လာရောက်ခြင်းဖြစ်၏၊ ရီဝေဆောင်းတစ်ယောက် စားပွဲတွင်ထိုင်နေရင်းက သည်များရည်မြစ်စားသောက်ခန်းမထဲ၌ မိဘနှစ်ပါး၏အသိများ ရောက်လာလေမလားဟု စိုးရိမ်မကင်းစွာဖြင့် အကြည့်တစ်ချက် ဝေ့ဝဲကြည့်ရှုမိ၏။

ထိုအခိုက်မှာပင် သူမအား စူးသက်တောက်ရှလွန်းသော အကြည့်ရဲရဲဖြင့် လှမ်းစိုက်ကြည့်နေသော သူစိမ်းလူငယ်တစ်ဦး၏အကြည့်ကို တွေ့ကြုံလိုက်ရသည်။

'ဟင်....ဟို ဟိုလူငါ့ကိုကြည့်နေတာကလဲ စားတော့မလို ဝါးတော့မလိုပုံ စံကြီးပါလား၊ သူ့အကြည့်က ငါ့ရင်တွေ တုန်ပါတီ၊ ကိုကိုရန်ကျူးကလဲ အခုထိတောင်ပေါ်မလာပါလားနော်....ဟူး'

ယင်းသို့ သူမတွေးတောရေရွတ်မိရင်း သက်ပြင်းလေးကြီး တစ်ချက်ချလိုက်မိ၏။

ထိုအခိုက်မှာပင် ရီဝေဆောင်း စားပွဲရှိရာသို့ သူမချစ်သူ ကျန်ရင်ကျူး အပြုံးတဝေဝေဖြင့် ရောက်ရှိလာ၏၊



သည့်တွင် ရီဝေဆောင်းမှာ သူမအား ခပ်လှမ်းလှမ်းမှ စူးစူးရဲရဲစိုက်ကြည့်နေသော လူစိမ်းကို သူ့တွင် ချစ်သူရှိနေကြောင်း သိသွားရအောင် တမင် သူမချစ်သူကျန်ရင်ကျူးနှင့် ပူးပူးကပ်ကပ်နေပြလိုက်၏။

ပြီး သူမ ထိုလူစိမ်း မည်သို့အနေအထားပြောင်းလဲသွားသည်လဲသိဖော့ဖြင့် မသိမသာ လှမ်းအကဲခတ်ကြည့်ရှုမိ၏၊ ထိုအခါ....

ယင်းလူစိမ်းမှာ သူမအားစူးရဲစွာ စိုက်ကြည့်မြဲကြည့်နေသည်ကို တအံ့တဩမြင်တွေ့လိုက်ရ၏။

'ဟင်.... ဒီလူ ဒါတောင် အကြည့်မလျော့သေးပါလား'

နောက်ဆုံးတော့ ရီဝေဆောင်းလက်လျှော့ကာ တုံ့ယင်းတတ်ဆဲသို့ အာရုံမပြုတော့ဘဲ သူမချစ်သူကျန်ရင်ကျူးနှင့်သာ ရယ်ရယ်မောမော စကားပြောဆိုနေလိုက်တော့၏။

တုံ့ယင်းသည့် သူ့ရင်ထဲဝယ် မြင်မြင်ချင်းပင် စွဲလန်းခဲ့မိသော မိန်းမချောလေးမှာ ပိုင်ရှင်ရှိနေကြောင်း တွေ့မြင်လိုက်ရ၍ ခံပြင်းကြေကွဲသွားရသည်၊

သည်နောက် ရီဝေဆောင်းထံ အကြည့်မရောက်တော့ဘဲ အရက်ကိုဖိသောက်လိုက်သည်၊ အရက်အိုးကုန်သွားတော့မှ အသင့်ရောက်လာသော ထမင်းပေါင်းကို ဆာဆာဖြင့် ခေါင်းမဖော်ပဲစားသောက်လိုက် ။

သူစားသောက်ပြီးသောအခါ ရီဝေဆောင်းရှိရာ စားပွဲဆီသို့ အကြည့်ရောက်သွား၏၊

'ဟင်.... ဟို ဟိုမိန်းကလေးမရှိတော့ပါလား၊ ဒုက္ခပဲ....

ကောက်ရိုးပုံကြီးကြားထဲကျပျောက်သွားတဲ့ အပ်သေးသေး တစ်ချောင်းကို တွေ့အောင်ဘယ်လိုရှာရတော့မလဲ....ဟူ'

ထိုသို့ တုံယင်းစိတ်ပျက်စွာ ဖြင့်ရေရွတ်ပြောဆိုပြီးနောက် စားပွဲထိုးလူငယ်ကိုလှမ်းခေါ်ပြီး ကျသင့်ငွေကိုရှင်းလိုက်သည်၊ ပြီးနောက် တုံယင်းမှာ ပျားရည်မြစ်စားသောက်ဆိုင်ထဲမှ ကျောခိုင်းထွက်လာခဲ့၏။

သူသည် လူသူရှင်းလင်းလျက်ရှိသော ပင်မဈေးကြီးထဲသို့ ဝင်ရောက်ကာ မြင်မြင်ချင်းပင် သူ့ရင်ထဲက ခံမင်စွဲလမ်းခဲ့ရသော မိန်းမချောလေးကို ရှာဖွေကြည့်မည်ဟု ဆုံးဖြတ်ချက်ချမိပြီးနောက် မြို့လည်လမ်းမကြီးကို ဖြတ်ကျော်လိုက်လေ၏၊ ထိုအခိုက်မှာပင် သူ့အရှေ့မှ မဟူရာရောင်ပြေး ကျွန်းရထားလုံးတစ်စင်းဖြတ်ကျော်လာခိုက်

'ဟေ့ ရပ် ရင်လိုက်စမ်း'

ဟု အလေ့သုံးဆယ် ရထားအိမ် တွင်းမှလိုက်ပါလာသူ တစ်ဦး၏ဩဇာညောင်းလျက်ရှိသည့် ရထားထိန်းအား လှမ်းအမိန့်ပေးသံကို တုံယင်း ကြားလိုက်ရ၏။

ဒါကြောင့် ရထားအိမ်အတွင်းမှ လှမ်းအမိန့်ပေးသူ ထံသို့ တုံယင်း အကြည့်ရောက်သွား၏။

ထိုအချိန်တွင် မဟူရာရောင်ပြေး ကျွန်းရထားကြီးမှာ သူ့ရှေ့တည့်တည့်၌ တန့်ခနဲရပ်ဆိုင်းလာ၏။

'ဟေ့ မင်း မင်း တုံယင်းမဟုတ်လား'

ရထားအတွင်းမှ ဥပဓိရုပ် ခန့်ညားလျက်ရှိသော မျက်နှာ ဝင်းဝင်းစိုစို ပြည့်ပြည့်ဖောင်းဖောင်း လူကြီးတစ်ယောက်၏



မျက်နှာ ဘွားခနဲပေါ်ထွက်လာပြီး လမ်းနံဘေးတွင်ရပ်နေသည့် တုံယင်းထံသို့ ဝမ်းသာအယ်လဲလေသံဖြင့် လှမ်းရှုမေးလာ၏။

ဒါကြောင့် တုံယင်းမှာ သူ့အား တရင်းတနှီး လှမ်းမေးလာသော အသက်ငါးဆယ်ကျော်ခန့်ရှိ လူကြီးထံ လှမ်းအကဲခတ်ကြည့်ရှုမိလိုက်ရင်း ရုတ်ခြည်းပင် သူ့ဦးနှောက်မှအမှတ်ရသွားပြီး....

'ဟာ ဦး ဦးလေးရီဝေကျော်မဟုတ်လား'

ဟု တုန့်ပြန်မေးလိုက်၏၊ သည်တော့ ရီဝေကျော်ဟု အခေါ်ခံလိုက်ရသော ဥပဓိရုပ်ခန့်ညားသည့်လူကြီးက ခေါင်းညိတ်လိုက်ပြီး....

'ေအး ငါရီဝေကျော်ပဲ၊ လာလာ ငါ့ရထားပေါ်တက်ကွ မင်းသိပ်ပူနေပြီ'

'ဟုတ်ကဲ့'

ဟု ဆိုကာ တုံယင်းမှာ မငြင်းပယ်ဝံ့တော့ဘဲ မဟူရာရောင်ပြေး ရထားလုံးပေါ်သို့ တက်ရောက်လိုက်ရလေတော့သည်။

သည်နောက် ရထားလုံးမှာ မြို့လည်မှနေ၍ မြို့အရှေ့ဘက်သို့ စိုင်းနှင်သွား၏။

တုံယင်းမှာ ရထားနောက်ခန်းသည်ကြီး ရီဝေကျော်နံဘေး၌ ထိုင်မိသောအခါ ရီဝေကျော်က....

'တုံယင်း မင်းဖခင်ကြီး တုံထိုက်ချီရော နေထိုင်ကောင်းရဲ့လားကွ'

တုံယင်းက ပြုံး၍ခေါင်းညိတ်ပြီး....

'ကောင်းပါတယ် ဦးလေး'

'အေး မင်းကလဲကွာ ဒီလောက် မင်းမိဘတွေနဲ့ ဆွေမျိုးရင်းချာလို မင်းငယ်ငယ်လေးကတည်းက ပန်ကူးမြို့မှာနေထိုင်လာခဲ့ကြတာပဲ၊ ငါတို့စီးပွားရေးအခြေအနေအရ ဒီမြို့ပြောင်းလာမှ အနေဝေးသွားကြရတာ၊ မင်းဒီမြို့ရောက်လာတာတောင် ငါ့အိမ်ဝင်မလာဘူး အတော်ဟုတ်တဲ့ကောင်၊ မင်းကို ငါမိန်းမ ကျန်ဝေသာတွေ့သွားရင် သိပ်ကို ဝမ်းသာသွားမှာပဲ'

'ကျွန်တော် ဒီမြို့ရောက်တာ သိပ်မကြာကြာသေးပါဘူး၊ ပျားရည်မြစ်စားသောက်ဆိုင်က နံနက်စာစားသောက်ပြီးလို့ ထွက်အလာ ဦးလေးနဲ့တိုးတာပဲ'

'ကဲ မင်းဒီည ငါ့အိမ်မှာအိပ်သွား ကွာ၊ ပန်ကူးရောက်လို့ မင်းမိဘတွေကို တွေ့ရင်လဲ ငါတို့မိသားစု ကျန်းကျန်းမာမာ ချမ်းချမ်းသာသာရှိနေကြောင်း ဖောက်သည်ချပြောပြလိုက်ပါကွာ ဟုတ်လား'

'ဟုတ်ကဲ့ ဦးလေး'

သို့ဖြင့် တုံယင်းတစ်ယောက် မမျှော်လင့်တဲ့ မြို့ရွှေဘက်ရှိ တောနာကုန်သည်ကြီး ရီဝေကျောင်း စံမြန်းရာဂေဟာကြီးသို့ ရောက်ရှိသွားခဲ့၏၊ သူ့အား ဦးရီဝေကျောင်းက ဧည့်ခန်းထဲသို့ခေါ်ဆောင်သွား၏၊ ဧည့်ခန်းထဲရောက်သော် ရီဝေကျောင်းက ထိုင်ခုံတစ်လုံးဆီသို့ လက်ယပ်ပြပြီး....

'မောင်တုံယင်း ထိုင်ဟေ့၊ ငါမင်းအဒေါ်ကိုသွားခေါ်



လိုက်ဦးမယ်နော်'

ပြောလာတော့ တုံယင်းက ခေါင်းအသာကနဲ ညိတ်လိုက်ပြီး....

ဟုတ်ကဲ့ပါ ဦးလေး'

သည်နောက် ရီဝေကျောင်းမှာ ဧည့်ခန်းထဲမှ ကျောခိုင်းထွက်ခွာသွားသည်၊ သိပ်မကြာလိုက်ပါချေ၊ ဧည့်ခန်းထဲသို့ဦးရီဝေကျောင်းနှင့်အတူ ဝဝဖိုင့်ဖိုင့် ဖြူဖြူဖွေးဖွေး ခန့်ခန့်သားသား မိန်းမကြီးတစ်ဦး ပါလာသည်၊

စင်စစ်သော် ထိုမိန်းမကြီးမှာ ဦးရီဝေကျောင်း၏ ဇနီးမြတ်သူ ဒေါ်ကျန်ဝေပင်ဖြစ်၏။

ဒေါ်ကျန်ဝေမှာ တုံယင်းကို လှမ်းမြင်တွေ့လိုက်ရသည်နှင့်....

'ဟာ....မောင်တုံယင်းက လူချောလူခန့်ကြီး ဖြစ်နေပါလား၊ အဒေါ်ကို မင်းမှတ်မိရဲ့လား'

ရယ်ရယ်မောမော ရင်းရင်းနှီးနှီး စကားဆိုလာသံဖြင့် တုံယင်းမှာ ပြုံးရယ်လိုက်ကာ....

'မှတ်မိပါတယ် အဒေါ်'

ပြောဆိုရယ်မောရင်း သူတို့သင်မယ နှစ်ယောက်တို့ 'တုံယင်း၏မျက်နှာချင်းဆိုင် ထိုင်ခုံရှည်တွင် ဝင်ရောက်ထိုင်လာကြလေသည်။

ထိုအခိုက်မှာပင် အိမ်ဖော်မိန်းမကြီးတစ်ဦးမှာ လင်ပန်းတစ်ချပ်ဖြင့် စားဖွယ်သောက်ဖွယ်များ စားပွဲပေါ်သို့ အစီအရီလာရောက်ချထားသွား၏။

သည်တွင် ဒေါ်ကျန်ပေးသည့် အကြမ်းပန်းကန်လုံးသို့ ရေနွေးကြမ်းကရားအိုးထဲမှ ရေနွေးကြမ်းများ စောင်း၍ ထည့်လိုက်၏။ ပြီးလျှင် ယင်းအကြမ်းပန်းကန်လုံးကို တုံယင်းရှေ့သို့ ရွှေ့၍ ပေးပြီးနောက်....

'ကဲ....လူလေး သောက်လိုက်ပါကွယ်'

'ဟုတ်ကဲ့ အဒေါ်'

ဟု ဆိုကာ လူမှုရေးအရ ဒေါ်ကျန်ဝေ၍ ပေးလာသော ရေနွေးကြမ်းပန်းကန်လုံးကို တုံယင်းလှမ်းယူလိုက်ပြီးနောက် မော့သောက်လိုက်သည်။

ထိုအချိန်တွင် ဧည့်ခန်းထဲသို့ ပန်းနုရောင်ဝတ်စုံဝတ်ဆင်မြန်းထားသော အမျိုးသမီးချောလေးတစ်ဦး ကရွှေ့ရွှေ့ ဝင်ရောက်လာလေသည်၊ ထိုအခါ ဒေါ်ကျန်ဝေ၏ အကြည့်ဧည့်ခန်းထဲသို့ လှမ်းဝင်လာသော ပန်းနုရောင်ဝတ်စုံဝတ် အမျိုးသမီးချောလေးထံ အကြည့်ရောက်ရင်း....

'ဟယ်...သမီးလေး ရီဝေဆောင်းတောင် ပြန်လာပြီ'

သည်တွင် တုံယင်းမှာ နောက်လှည့် ကြည့်မိလိုက်သော အခါ....

'ဟာ...သူ သူပါလား'

'ဟင်...ဒီဒီလူ ငါ့အိမ်ကိုဘယ်လိုလုပ်ရောက်လာရတာလဲ'

လုံးဝ မမျှော်လင့်တဲ့ သူတို့နှစ်ဦး ဒုတိယမ္ဘဆုံတွေ့လိုက်ကြသဖြင့် နှစ်ယောက်လုံး အံ့အားသင့်ကာ အထက်ပါအတိုင်း သူတို့ တိုးတိုးကလေး ရေရွတ်ပြောဆိုမိလိုက်ကြသည်။

ထိုစဉ် ရတနာကုန်သည်ကြီးရီဝေကျောင်းက တုံယင်းကို



လှမ်းကြည့်ရင်း ခြေစုံရပ်ကာ အံ့အားသင့်လျက်ရှိနေသော သူ့သမီးရီဝေဆောင်းထံ ပြုံးရယ်၍ စကားဆိုလိုက်သည်မှာ....

'သမီး လာလေ မောင်တုံယင်းနဲ့ မိတ်ဆက်ပေးရဦးမယ်'

ထိုစကားကြားလိုက်ရတော့မှရီဝေဆောင်းသည် ထိုလူစိမ်းမှာ သူ၏ မိဘနှစ်ပါးနှင့် ရင်းနှီးကျွမ်းဝင်နေသော လူဖြစ်ကြောင်း အလိုလိုသိရှိလိုက်ရသည်။

ဒါကြောင့် ရီဝေဆောင်းမှာ သူ့မိဘများနှင့် ယှဉ်လျက်ရှိသော ထိုင်ခုံတစ်လုံးတွင် ဝင်ရောက်ထိုင်လိုက်ရ၏။

ထိုစဉ် ရတနာကုန်သည်ကြီး ရီဝေကျောင်းက ရီဝေဆောင်းထံ အကြည့်ရောက်ကာ....

'သမီး ဒီလူငယ်လေးတုံယင်းက ဖေဖေတို့ ပန်ကူးမြို့မှာ နေခဲ့စဉ်တုန်းက ဆွေမျိုးရင်းချာပမာ ခင်မင်ရင်းနှီးကြတဲ့ သူကြွယ်ကြီးတုံထိုက်ချိရဲ့တစ်ဦးတည်းသော သားတစ်ယောက်ပဲ'

ယင်းသို့ ဖခင်ဖြစ်သူက မိတ်ဆက်ပေးလာသဖြင့် တုံယင်းထံ မဝံ့မရဲလှမ်းကြည့်ကာ ခေါင်းတစ်ချက်စသား သေးတွဲစွာဖြင့် ညိတ်လိုက်ပြီးနောက်....

'ဟုတ်ကဲ့ပါ ဖေဖေ'

သည်တွင် ဒေါ်ကျန်ဝေက တုံယင်းထံ အကြည့်ရောက်ရင်း...

'လူလေးတုံယင်း ဒါ ဒေါ်ဒေါ်တို့ရဲ့ တစ်ဦးတည်းသော သမီး ရီဝေဆောင်းပါပဲကွယ်'

မိတ်ဆက်ပေးလာသဖြင့် တုံယင်းမှာ ရီဝေဆောင်းထံ အကြည့်စူးစိုက်ရောက်ကာ ခေါင်းဆတ်ကနဲညိတ်လိုက်ပြီး....

'ဟုတ်ကဲ့ပါ ဒေါ်ဒေါ်'

ထိုအချိန်တွင် ရီဝေဆောင်းမှာ ပျားရည်မြစ်စားသောက်ဆိုင်တွင် သူမချစ်သူ ကျန်ရင်ကျူးနှင့် ပူးပူးကပ်ကပ် တုံယင်းရှေ့၌နေပြခဲ့သဖြင့် မတော်လို့များ တုယင်းနှုတ်မှ သူတို့အခြေအနေကို ဖွင့်ပြောဆိုလိုက်လျှင် မိခင်ဒေါ်ကျန်ဝေသိပြီး ဒေါ်သုပုန်ထသွားမည်ကို စိုးရိမ်ပူပန်စွာ တွေးတောမိရင်း ခေါင်းငုံ့လျှက်သာ ငြိမ်သက်နေရလေသည်။

တုံယင်း ရင်တွင်းမှာတော့ ကောက်ရိုးပုံကြားထဲ ကျပျောက်သွားသော အပ်ကလေးကို လုံးဝမထင်မှတ်ဘဲ ပြန်လည်ဆုံတွေ့လိုက်ရသဖြင့် မဖော်မပြနိုင်အောင် ဝမ်းသာသွားရလေတော့သည်။

* * *

အခန်း (၁၇)

## နဂါးပျံရှဲစာတစ်စောင်

တုံယင်းသည် ရတနာကုန်သည်ကြီး ရီဝေကျောင်းတို့ဂေဟာ၌ တစ်ညအိပ်ပြီးနောက် သူ့ဌာနေဖြစ်သော ပန်ကူးမြို့သို့ ဦးတည်ပြန်လာခဲ့လေသည်၊ သူ ရတနာကုန်သည်ကြီး၏ဂေဟာတွင် တစ်ညအိပ်ခဲ့ရာတွင် သူ တရင်းတနှီးဖြစ်စေလိုသော ရီဝေဆောင်းမှာ သူ့အား မဲ့ကျဉ်ရှောင်တိမ်းနေလျက်ရှိသည်။

မည်သို့ပင် သူမရှောင်တိမ်းစေကာမူ တစ်နေ့ သူ့ရင်ထဲဝယ် တွယ်တာမြတ်နိုးခဲ့ရမသော ရီဝေဆောင်းမှာ သူ့ရင်ခွင်

ထဲ ရောက်ကိုရောက်ရမည် ၊ သန္နိဋ္ဌာန်ချခဲ့ပြီးဖြစ်လေ၏။ ထိုသို့ သန္နိဋ္ဌာန်ချခဲ့ပြီးဖြစ်သည့်အတိုင်း အကောင်အထည်ဖော်ရန်အတွက် သူ့မိဘများဆီသို့ ခြေကုန်သုတ်နှင်ခဲ့ခြင်းဖြစ်လေသည်။

သည်နောက် တုယင်းမှာ သူ့မိဘနှစ်ပါးတို့ကို ရတနာကုန်သည်ကြီး ရီဝေကျောင်း၏သမီး ရီဝေဆောင်းကို လက်ထပ်ယူလိုကြောင်း ဖွင့်ဟပြောဆိုလိုက်၏။

ထိုအခါ သူ၏ မိဘနှစ်ပါးတို့မှာလည်း တုယင်း၏ဆန္ဒကို ကြည်ကြည်ဖြူဖြူ ခွင့်ပြုလေသည်၊ ယင်းသို့ သူတို့၏သားဆန္ဒကို အလိုကြည်ဖြူခွင့်ပြုရသည်မှာလည်း အကြောင်းတစ်ခုရှိသည်။

ထိုအကြောင်းတစ်ခုက တစ်ခြင်းမဟုတ်ချေ။

ရတနာကုန်သည်ကြီး ရီဝေကျောင်းနှင့် သူကြွယ်ကြီး တုထိုက်ချီတို့မှာ ပန်ကူးမြို့တွင် အတူနေထိုင်ခဲ့ကြစဉ်က သားသမီးရတနာတစ်ဦးတစ်ယောက်စီ ရခဲ့ကြလျှင် လက်ထပ်ထိမ်းမြားပေးကြဖို့ ကတိကဝတ်ပြုကြပြီးခဲ့ခြင်းဖြစ်၏။

ဒါကြောင့် သူကြွယ်ကြီး တုထိုက်ချီသည် သူ၏သမီးချွေးမလောင်း ဝတ်ဆင်ရန်အတွက် အဖိုးအနဂ္ဃထိုက်တန်သောလည်ဆွဲရတနာတစ်ခုနှင့် စာတစ်စောင်ရေး၍ သားဖြစ်သူ တုယင်းထံပေးအပ်ကာ ရတနာကုန်သည်ကြီး ရီဝေကျောင်းဆီသို့ စေလွှတ်လိုက်၏။

တုယင်းသည်လည်း ဖခင်ကြီးပေးအပ်လိုက်သော စာနှင့်လည်ဆွဲရတနာကိုယူဆောင်၍ ကျီလင်မြို့သို့ ထွက်ခွာလာခဲ့ လာ



သည်။

သို့နှင့် တုယင်းသည်ရတနာကုန်သည်ကြီး ရီဝေကျောင်းဂေဟာဆီသို့ ဒုတိယမ္ပိ ရောက်ရှိခဲ့ရသည်၊ သူ ဂေဟာသို့ရောက်သည့်အခါ မွန်းတည့်ချိန် ဖြစ်နေလေသည်။

ဒါကြောင့်မို့ ရတနာကုန်သည်ကြီး ရီဝေကျောင်းနှင့် ဒေါ်ကျန်ဝေတို့ကို စားသောက်ခန်းထဲတွင် ဆုံတွေ့ရလေတော့သည်။

'ဟာ....လာ လာ လူလေးတုယင်း တစ်ခါတည်း နံနက်စာ ဝင်စားလိုက်ဟေ့'

ဒေါ်ကျန်ဝေကလည်း လိုက်လိုက်လှဲလှဲလေသံဖြင့်....

'လာ လူလေးရို့'

အတင်းအဖမ်းခေါ်နေသဖြင့် တုယင်းမှာမငြင်းသာတော့ဘဲ စားသောက်ဝိုင်းသို့ ဝင်ရောက်ထိုင်လိုက်ရ၏။

သည်တွင် သူသည် စားသောက်ဝိုင်း၌ ရီဝေဆောင်းမရှိသည်ကို ဂရုပြုမိလေသည်။

ဒါကြောင့် သူ့ရင်ထဲမြုံမထားနိုင်တော့ဘဲ ဦးရီဝေကျောင်းကိုကြည့်ကာ....

'ဦးနဲ့ ဒေါ်ဒေါ် ညီမရီဝေဆောင်းလဲမတွေ့ပါလား'

လှမ်းမေးတော့ ဒေါ်ကျန်ဝေက မဆိုင်းမတွင်ပြောလာသည်။

'အော်....သမီးလေးက သူ့သူငယ်ချင်းမအိမ် သွားလည်နေတယ်လေ'

ထိုစကားကိုကြားလိုက်ရသည်နှင့် သူ့စိတ်ထဲတွင် မကျေ

မခွမ်းရေရှက်မိ၏၊

'အင်း....ရီဝေဆောင်းဟာ ဟို ဟျားရည်မြစ်စားသောက်ဆိုင်ကကောင်နဲ့ သွားချိန်းတွေ့ပြန်ပြီနဲ့တူတာယ်၊ မိဘတွေကတော့ ဘာမှမသိရှာဘူး၊ အင်း....အဲ့ဒီကောင် ရီဝေဆောင်းနားမကပ်နိုင်အောင် ငါကြံရမယ်'

ဟင်းသို့ သူ့ရင်ထဲကြိတ်မနိုင်ခဲမရ ခံစားရမှုကြောင့် နံနက်စာထမင်းမစားနိုင် ဖြစ်သွားရသည်။

နံနက်စာစားသောက်ပြီးကြသောအခါ သူတို့ ဧည့်ခန်းတွင်ဝိုင်းဖွဲ့ထိုင်လိုက်ကြရင်း ရေနွေးကြမ်းသောက်ကြ၊ အချိုတည်းကြသည်၊

ထိုစဉ် တုံယင်းသည် သူ့ဖခင်ဦးရေးပေးလိုက်သောစာကို ရတနာကုန်သည်ကြီး ရီဝေကျောင်းအား ဘရိုကသေလှမ်းပေးရင်း....

'ဖေဖေ စာပေးခိုင်းလိုက်ပါတယ်'

'အော်....အေး အေး'

ဟု ဆိုကာ ရီဝေကျောင်းက သူ့လက်ထဲမှစာရွက်ကိုယူ၍ ဖြန့်ဖတ်လိုက်၏။

သူဖတ်ရှုကာ တစ်ချက်ပြုံးရယ်ပြီး သူ့နံဘေးရှိ ဇနီး ဒေါ်ကျန်ဝေထံ လှမ်းပေးလိုက်သည်၊

ထိုအခါ ဒေါ်ကျန်ဝေလည်း ဦးရီဝေကျောင်းလှမ်းပေးသောစာကို ဖတ်ရှုလိုက်သည်၊

ပြီးလျှင် ဒေါ်ကျန်ဝေက အပြုံးယဲ့ယဲ့ပြုံးလိုက်ပြီး....

'အေးကွယ်....အခေါ်လဲ ပန်ကူးမြို့မှာ အတူနေခဲ့ကတည်း



က ထံတိကဝတ်ပြုကြတာ မမေ့ပါဘူး'

ဟိုအခိုက် တုံယင်းမှာ လည်ဆွဲရတနာဘူးကို ဒေါ်ကျန်ဝေထံလှမ်းပေးရင်း....

'ဒေါ်ဒေါ် ဖေဖေက စေ့စပ်ကြောင်းလမ်းတဲ့အနေနဲ့ ဒီပစ္စည်းလေးအပ်လိုက်ပါတယ်'

ထိုအခါ ဒေါ်ကျန်ဝေမှာ သူလှမ်းပေးသော သခြေသီးမှည့်ရောင်ကတ္တီပါဘူးကို ချက်ချင်းပင် ဖွင့်ကြည့်လိုက်ရာ ထိုကတ္တီပါဘူးထဲ၌ အရည်အသွေးကောင်းမွန်၍ အဖိုးထိုက်တန်သော လည်ရှဲရတနာပစ္စည်းကို တွေ့မြင်လိုက်ရသဖြင့် ရင်ဖိုမျှ ဝမ်းသာသွားရသည်၊

ရွှေငွေရတနာမကဲ့မေလွန်းသော ဒေါ်ကျန်ဝေမှာ သူ့ကိုကျေးဇူးတင်လည့်အကြည့်ဖြင့်....

'အေးကွယ်....ကျေးဇူးပဲ ပုံ၊ ဒါနဲ့ ငါ့သားနဲ့ငါ့သမီးတို့ လက်ထပ်ဖို့ကိစ္စ သူကြွယ်ကြီးက ဘယ်လိုစီစဉ်မယ်လို့ပြောသလဲ'

လှမ်းမေးတော့ တုံယင်းမှာ သူ့ရင်ထဲကဆန္ဒကို မဆိုင်းမတွမ်ထုတ်ဖော်ပြောလိုက်သည်။

'ကျွန်တော့်အနေနဲ့ကတော့ အမြန်ဆုံးဆောင်ရွက်စေချင်တာပါပဲ'

သည်တွင် ရီဝေကျောင်းက ဒေါ်ကျန်ဝေ့ကိုကြည့်ကာ....

'မိန်းမရယ် သမီးလေးကိုလဲ အဲ့ဒီအကြောင်း ဖွင့်ဟပြီးမေးစမ်းကြည့်ပါဦး'

ထိုစကားကြောင့် ဒေါ်ကျန်ဝေ မကျေမနပ်ဖြစ်သွားပြီး

ခင်ပွန်းဦးရိဝေကျောင်းထံ မျက်စောင်းထိုးလှတ်ကာ....

'အို....ကျွန်မသမီးက လိမ္မာရေးခြားရှိပါတယ်၊ ကျွန်မ ပြောစကားကို နားထောင်ပါတယ်'

'ဒါဆိုလဲ ပြီးတာပါပဲ၊ ဒါနဲ့ လူလေး ငါတို့ဆီမှာပဲတည်း မှာမဟုတ်လား'

လှမ်းမေးလာရာ ထုံယင်းက အပြုံးယဲ့ယဲ့ပြုံးကာ....

'ကျွန်တော့်မှာ အခြား လုပ်ဆောင်စရာ ကိစ္စတွေရှိလို့ တည်းခိုခန်းမှာပဲတည်းပါရစေ'

သည်တွင် ဒေါ်ကျန်ဝေက မျက်နှာတစ်ချက်မဲ့ရှုံ့ရင်း

'အိုကွယ် လူလေးကလဲ၊ လူငယ်ချင်းရင်းနှီးသွားရအောင် အိမ်မှာပဲတည်းပါလား'

ထိုစဉ် ရတနာကုန်သည်ကြီး ရိဝေကျောင်းက ခေါင်းတစ်ချက်ခါယမ်းလိုက်ရင်း....

'ဟာကွာ တုံယင်းမှာ အခြားလုပ်ဆောင်စရာကိစ္စရှိနေပါတယ်ဆိုမှ သူ့ဘာသာသူ လွတ်လွတ်လပ်လပ် တည်းခိုနေပါစေ ဟွာအိမ်ဆိုတာ သူဝင်ဝင်ထွက်ထွက်သွားလာနိုင်တာပဲ'

'ဟုတ်ပါတယ် ဒေါ်ဒေါ်'

ဟု တုံယင်းမှာ ရတနာကုန်သည်ကြီး ရိဝေကျောင်း၏ ဆိုစကားကိုကြားဝင်ထောက်ခံလိုက်၏။

ဒေါ်ကျန်ဝေမှာ ဆိတ်ငြိမ်သွားလေ၏၊ သည်နောက် တုံယင်းသည် ရတနာကုန်သည်ကြီးရိဝေကျောင်းတို့ လင်မယားတို့ကိုနှုတ်ဆက်ပြီးနောက် ဂေဟာထဲမှကျောခိုင်း ထွက်ခွာလာခဲ့လေ၏။



သူသည် မြင်းညိုကြီးကိုစိုင်းနှင်လျက် မြို့လည်ပျားရည်မြစ် စားသောက်ဆိုင်ဆီသို့ ဦးတည်ထွက်ခွာလာ၏။

အမှန်တော့ သူသည် ရိဂေဆောင်းနှင့် ရည်ငံနေလျက်ရှိသော ပျားရည်မြစ်စားသောက်ဆိုင်မှ လုံခြုံရေးသိုင်းတာဝန်ခံတစ်ယောက်အကြောင်းကိုလေ့လာစူးစမ်းရန်အတွက် ထွက်ခွာလာခြင်းဖြစ်၏။

မွန်းလွဲ တစ်ချက်တီးကျော်ပြီဖြစ်၍ ဆိုင်အတွင်း၌ စားသောက်သူများ ကင်းရှင်းလျက်ရှိနေပေသည်၊ ဒါကြောင့် သူ ထောင့်စားပွဲတစ်လုံးတွင် ဝင်ရောက်ထိုင်လိုက်၏။

ထိုစဉ် ချက်ချာသွက်လက်သော စားပွဲထိုး လူငယ်တစ်ယောက် တုံယင်းစားပွဲသို့ ခပ်သွက်သွက်လျှောက်လာ၏။

'အစ်ကိုလေး ဘာသုံးဆောင်မလဲခင်ဗျာ'

လှမ်းမေးလာတော့ တုံယင်းက နေပူလောင်ပြင်းပျနေသဖြင့် ရေနွေးကြမ်းကောင်းကောင်းသောက်ရန်တွေးမိလိုက်သည်၊ ဒါကြောင့်....

'ညီလေး ရေနွေးကြမ်းကောင်းကောင်းနဲ့ မုန့်သာချပေးတော့ကွာ'

'ဟုတ်ကဲ့ အစ်ကိုလေး'

ဟု ဆိုကာ စားပွဲထိုးလူငယ်လေး ခေါင်းတစ်ချက်ညိတ်လိုက်ပြီးနောက် ကျောခိုင်းထွက်သွား၏။

သိပ်မကြာပါချေ၊ စားပွဲထိုးလူငယ်လေးက လင်ပန်းဟတ်ချပ်ဖြင့် ပစ္စည်းပစ္စယများ သယ်ဆောင်ကာ ရောက်ရှိလာ၏၊ ထိုစဉ် စားပွဲထိုးလူငယ်လေးမှာ လင်ပန်းပေါ်မှ ပစ္စည်းပစ္စယ

များကို စားပွဲပေါ်သို့ အစီအရီတင်လိုက်၏။

သည်တွင် တရုတ်ယင်းက စားပွဲထိုးလူငယ်ထံ အကြည့်ရောက်ရင်း...

'ညီလေး မင်းခဏလောက်အားမလား'

လှမ်းမေးလိုက်တော့ စားပွဲထိုးလူငယ်လေးက တုံးသင်းထံ မျက်လုံးအစုံ ဝင့်ကာ ယိုစိုက်ကြည့်လာပြီး....

'အစ်ကိုလေး ဘာကိစ္စရှိလို့လဲ'

'ဘာကိစ္စမှမရှိပါဘူး ညီလေးကိုနည်းနည်းပါးပါး မေးစမ်းချင်လို့ပါ'

'မေးစမ်းချင်ရင်တော့ရပါတယ်၊ ဘာမေးမလို့လဲ အစ်ကိုလေး'

'ဩော်....ဒီမြို့က ရတနာကုန်သည်ကြီး ရီပေကျောင်းရဲ့ သမီးရီဝေဆောင်းကို မင်းသိသလား'

ပြောလိုက်တော့ စားပွဲထိုးလူငယ်လေးမှာ မျက်မှောင်တစ်ချက်တွန့်၍ တွေးတောစဉ်းစားလိုက်ပြီးမှ ခပ်လော်လော လေသံဖြင့်....

'အား....သိပြီ....သိပြီ အဲဒီအမျိုးသမီးဟာ လက်ထောက်လုံခြုံရေးသိုင်းတာဝန်ခံ ကျန်ရင်ကျူးရဲ့ချစ်သူပေါ့'

'အေး....ဟုတ်တယ်၊ အဲဒီကျန်ရင်ကျူးဟာ ဘယ်မှာနေတာလဲကွ'

'ကျန်ရင်ကျူးမှာ မြို့ဆင်ခြေဖုံးရပ်ကွက် အစွန်းမှာနေပါတယ်'

'ကျေးဇူးပါပဲကွာ၊ ရော့....မင်းအတွက်တောက်ဆုး'



ထိုသို့တရုတ်ယင်းမှာ ပြောဆိုပြီးနောက် သူ့အိတ်ကပ်ထဲမှ ငွေတုံးအချို့ထုတ်ယူကာ စားပွဲထိုးလူငယ်ထံ လှမ်းပေးလိုက်လေတော့၏။

❋ ❋

နေအတော် မြင့်လာချေပြီ။

ဒါကြောင့် ပူပြင်းတောက်ရှိန်းသော နေရောင်ခြည်က တီကုန်းဘုန်းကျောင်းကုန်းပေါ်တစ်စိုက်ကို လွှမ်းခြုံလျက်ရှိနေပေသည်။

ထိုအချိန်၌....

'ဂလောင် ဂလောင် ဂလောင်'

တီကုန်းဘုန်းကျောင်းဇောင်းကြီး အဘကန့်၏ဘုရားဝတ်ပြုခေါင်းလောင်းသံ တလွင်လွင် ကြီးစိုးလျက်ရှိနေပေသည်။

ထိုအချိန်တွင် တီကုန်းဘုန်းကျောင်းကုန်းပေါ်သို့ လူရိပ်နှစ်ရိပ်တို့ တရွေ့ရွေ့ရောက်ရှိ လာကြလေ၏၊ စင်စစ်တော့ ယင်းလူရိပ်တို့မှာ တစ်ခြားလူများမဟုတ်ပါချေ၊ ပျားရည်မြစ်စားသောက်ဆိုင်မှ လက်ထောက်လုံခြုံရေး သိုင်းတာဝန်ခံ ကျန်ရင်ကျူးနှင့်ရီဝေဆောင်းတို့ပင်ဖြစ်ကြ၏။

သူတို့နှစ်ယောက်သည် ဘုန်းကျောင်းနောက်ဘက်ရှိ ထိုင်ခုံရှည်တစ်ခုဆီသို့ လျှောက်လှမ်းလာကြလေ၏။

ပြီးနောက် သူတို့နှစ်ယောက် ယင်းထိုင်ခုံရှည်ပေါ်တွင် တွေးချင်းကပ်ထိုင်လိုက်ကြလေ၏။

ထိုသို့တွင် ကျန်ရင်ကျူးသည် မျက်စိမျက်နှာပျက်ယွင်းနေသော ရီဝေဆောင်းထံစူးစိုက်ကြည့်ရင်း....

'ညီမ အရေးတကြီးစကားပြောစရာရှိတယ်ဆို'

လှမ်းမေးလိုက်တော့ ရီဝေဆောင်းမှာသက်ပြင်းလေးကြီးတစ်ချက်ချလိုက်ပြီးနောက်....

'အစ်ကို ညီမကို အဖေအမေတို့က ပန်ကူမြို့က ကိုတို ယင်းဆိုတဲ့လူနဲ့ လက်ထပ်ပေးဖို့ စီစဉ်နေကြပြီ၊ အဲဒါဘယ်လိုစီစဉ်ကြမလဲ'

'ဟင်'

လုံးဝမမျှော်လင့်သော စကားကိုကြားလိုက်ရသည့် ကျန်ရင်ကျူးမှာ ရင်ဆဲစိုးထိတ်စွာ ဖြစ်သွားရလေ၏၊ ဒါကြောင့် ကျန်ရင်ကျူးသက်ပြင်းမောတစ်ချက်ချလိုက်ရင်း....

'အင်း....ပန်ကူးကအစ်ကို့ရဲ့ ဦးလေးကျန်ပြောင်ဆီစာရေးအကြောင်းကြားထားတယ်၊ တကယ်လို့ အဲဒီကအဆင်ပြေရင် ညီမနဲ့အစ်ကိုတို့ အဲဒီထွက်ပြေးကြတာပေါ့'

ထိုစကားကြောင့် ရီဝေဆောင်းမှာ ကျန်ရင်ကျူး၏သ မျက်လုံးအစုံဝင့်ကြည့်ကာ....

'အစ်ကို ဦးလေးကျန်ပြောင်းဆီက ပြန်စာဘယ်တော့ရမှာလဲ'

'ဒီတစ်ပတ်လောက်လိုရင် ဦးလေးဆီက ပြန်စာရောက်လာမယ်ထင်တာပဲ'

တိတိကျကျမရှိလှသော ကျန်ရင်ကျူး၏ထိုစကားကို ရီဝေဆောင်းကြားမိပြီး အားမလိုအားမရ ဖြစ်သွားရ၏၊

ဒါကြောင့် ရီဝေဆောင်းမှာ ချစ်သူမျက်နှာ စေ့စေ့ကြည့်ရင်း....

'အစ်ကို့စကားကလဲ မရေမရာဘဲ မေမေတို့ ဒီလအတွင်း အဲဒီလူနဲ့အတင်းအကျပ်ပေးစားတော့မှာ'

'ညီမ အဖေအမေတွေကို ညီမမှာ ချစ်သူရှိနေပါတယ်လို့ ရင်ဖွင့်မပြောပြဘူးလား'

'ပြောပြတာပေါ့ အစ်ကိုရယ် အဖေက ညီမဆန္ဒကို လိုက်လျောချင်ပုံရပေမယ့် ငွေဂုဏ်နေမက်တဲ့ မေမေကတော့ တစ်ချိန်က လူကြီးချင်း ကတိကဝတ်ပြုထားတဲ့အတွက် ပယ်ဖျက်ရင်သူတို့မျက်နှာပျက်မယ်တဲ့ အဲဒီလူပဲလက်ထပ်ရမယ်လို့အတင်းအကြပ်ပြောလာပါတယ်'

ထိုစကားကြားလိုက်ရသော ကျန်ရင်ကျူးမှာ သက်ပြင်းလေးကြီးတစ်ချက်ချပြီး....

'အင်း ဘယ်လိုပဲဖြစ်ဖြစ်လေ အစ်ကိုတို့ဘဝမှာ [illegible]အဝေးမခံဘူး'

'ညီမလဲ ဒီလိုပါပဲအစ်ကိုရယ်'

ဟုဆိုကာ ရီဝေဝေဆောင်းမှာ ကျန်ရင်ကျူး၏ရင်ခွင်ကျယ်ထဲသို့ ခေါင်းတိုး မှေးစက်လိုက်သည်။

ထိုအချိန်တွင် တုံယင်းတစ်ယောက်သည် မြင်းညိုကြီးစီးလျက် ကျန်ရင်ကျူးနေထိုင်ရာ မြို့ဆင်ခြေဖုံးအရပ်ဆီသို့ ဦးတည်စိုင်းနှင်လျက်ရှိနေသည်။ သို့နှင့် တုံယင်းသည် မြို့ဆင်ခြေဖုံးလူဆင်းရဲရပ်ကွက်သို့ရောက်ရှိလာသည်။

ထိုအခါ တုံယင်းမှာ ကျန်ရင်ကျူးတို့ နေအိမ်လေးအားမေးမြန်းရန်အတွက် မြို့ဆင်ခြေဖုံးဈေးအနားရှိ စားသောက်



ဆိုင်တစ်ဆိုင်သို့ ဝင်ရောက်ခဲ့သည်။

အချိန်ကား နံနက်စာစားသောက်ချိန်မို့ပင် စားသောက်ဆိုင်အတွင်း၌ စားသောက်သူအချို့ဖြင့် ဆူဆူညံညံရှိနေကြ၏။ သူ စားသောက်ဆိုင်ထဲရောက်တော့ လေဝင်လေထွက်ကောင်းသော ပြတင်းပေါက်နားရှိ စားပွဲခုံတစ်ခုံဆီသို့ သွားရောက်ဝင်ထိုင်လိုက်၏။

ထိုစဉ် စားပွဲထိုးလူငယ်တစ်ယောက် သူ့စားပွဲသို့ရောက်ရှိလာပြီး....

'အစ်ကိုလေး ဘာသုံးဆောင်မလဲခင်ဗျာ'

လှမ်းမေးလာတော့ တုံယင်းက ချက်ချင်းတစ်ချက်ကုန်၍ စဉ်းစားလိုက်ပြီး....

'ဝါးရွက်စိမ်းအရက် တစ်အိုးရယ်၊ ကြက်ကြော်တစ်ပွဲ ချကွာ ဟုတ်လား'

'ဟုတ်ကဲ့ အစ်ကိုလေး'

ဟုဆိုကာ စားပွဲထိုးလူငယ်က ဦးတစ်ချက် ညွတ်လိုက်ပြီးနောက် စားသောက်ဆိုင် အတွင်းပိုင်းသို့ ခပ်သုတ်သုတ်ဝင်သွားသည်။ ထိုအချိန်တွင် ယင်းစားသောက်ဆိုင်အတွင်းသို့ အပြာရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူကြီးတစ်ယောက်

ခရီးဆောင်ကျောပိုးအိတ်ကြီးလွယ်ပိုးလျက် ဝင်ရောက်လာ၏။

ထိုလူကြီး၏ရင်ဘတ်တွင် နဂါးကြီးတစ်ကောင် တောင်ပံဖြန့်၍ ပျံသန်းနေသော ရုပ်ပုံကြီးတစ်ခု ဆေးရောင်စုံများဖြင့် လက်ရာမြောက်စွာရေးဆွဲထားသည်။

ထိုနဂါးပျံရုပ်ပုံကြီးကို လှမ်းမြင်ရရုံဖြင့် ယင်းလူကြီးမှာ နဂါးပျံ အာမခံသယ်ယူပို့ဆောင်ရေးဌာနမှ အဖွဲ့သားတစ်ဦး ဖြစ်မှန်း ပေါ်လွင်ထင်ရှားနေသည်။

တုံယင်းသည် ထိုနဂါးပျံ အဖွဲ့သားတစ်ဦးကို လှမ်းမြင် တွေ့လိုက်ရသည်နှင့် သူ၏စိတ်ကူးထဲ အကြံတစ်ခုပေါ်ပေါက် လာရလေသည်၊ ထိုစိတ်ကူးအကြံတစ်ခုမှာ တခြားမဟုတ်ပါ ဗျ။

ယင်းနဂါးပျံအာမခံသယ်ယူပို့ဆောင်ရေး အဖွဲ့ဝင်တစ်ဦး မှာ မြို့ဆင်ခြေဖုံးရပ်ကွက်သို့ အခြားမြို့မှ ပေးစာများ၊ လက် ဆောင်ပစ္စည်းများ ပို့ဆောင်ရန်အတွက် ရောက်ရှိလာခြင်းဖြစ် သည်။

ဤသည်ကို တုံယင်း တွက်ဆမိ၍ သည်ဆင်ခြေဖုံးရပ်ကွက် အဝေးငြိမ်း၌နေထိုင်သော ကျန်ရင်ကျူး၏အိမ်နေရာကို မေးမြန်း စပ်စုကြည့်လိုက်လျှင် ကောင်းမည်ဟု အကြံရမိခြင်းဖြစ်လေ သည်။



ဒါဆိုလျှင် ကျန်ရင်ကျူးအကြောင်း သူလာရောက်စုံစမ်း သည်ကို ဆင်ခြေဖုံးရပ်ကွက်သူရပ်ကွက်သားများ သိရှိကြမည် မဟုတ်ပေ။

ဒါကြောင့် တုံယင်းက ထိုင်ခုံနေရာမှ ထရပ်လိုက်ပြီး စား သောက်ဆိုင်တံခါးသို့ လှမ်းဝင်လာသော လူကြီးထံ အကြည့် ရောက်ရင်း....

'နဂါးပျံ သယ်ယူပို့ဆောင်ရေး ဦးလေးကြီး ကျွန်တော့် စားပွဲကို လာရောက်ထိုင်ပါခင်ဗျာ'

လှမ်း၍ တုံယင်းဖိတ်ခေါ်လိုက်သည်၊ ထိုအခါ နဂါးပျံ အဖွဲ့ဝင်လူကြီးက တုံယင်း၏စားပွဲဆီသို့ အပြုံးမျက်နှာဖြင့် လျှောက်လာ၏၊ စားပွဲနားရောက်တော့ တုံယင်းက ဖော်ရွေစွာ သော အပြုံးဖြင့်

'ထိုင်ပါ ဦးလေးကြီး'

'အေး အေး'

ဟုဆို၍ နဂါးပျံအဖွဲ့ဝင်လူကြီးက ထိုင်ခုံတစ်လုံးတွင် ဝင် ထိုင်လိုက်သည်။

ထိုအချိန်တွင် စားပွဲထိုးလူငယ်လေးမှာ လင်ပန်းတစ်ချပ် ဖြင့် အရက်အိုး၊အရက်ခွက်၊ အမြည်းပန်းကန်များလာရောက် ပို့ဆောင်လေသည်၊ ထိုစဉ် တုံယင်းက စားပွဲထိုးလူငယ်ထံသို့ အကြည့်ရောက်ပြီး

'ညီလေး နောက်ထပ်အရက်တစ်ခွက် အမြန်ဆုံးလာပို့ပေးပါကွာ'

'ဟုတ် ဟုတ်ကဲ့ ဦးလေး'

ဟုဆိုပြီး ခေါင်းတဆတ်ဆတ်ညိတ်ရင်း စားပွဲထိုးသူငယ်လေးမှာ ကျောခိုင်းထွက်ခွာသွားလေသည်။

ထိုစဉ် တု'ယင်းသည် အရက်အိုးထဲမှအရက်များကို ခွက်ထဲသို့စောင်းထည့်လိုက်၏။

ပြီးလျှင် ယင်းအရက်ခွက်အား နဂါးပျံအဖွဲ့ဝင်လူကြီးရှေ့မှောက်သို့ တရိုတသေချပေးပြီးနောက် တု'ယင်းက....

'သောက်ပါ ဦးလေး'

ပြောလိုက်တော့ နဂါးပျံအဖွဲ့ဝင်လူကြီးက ခေါင်းတစ်ချက်ညိတ်ပြီး အရက်ခွက်ကိုကောက်ကိုင်၍ တစ်ကျိုက်တည်းမော့သောက်လိုက်၏။

'အမြည်းလဲသုံးဆောင်ပါ ဦး'

'အင်း....အင်း'

ထိုအချိန်တွင် စားပွဲထိုးလူငယ်က ထပ်မံ၍ အရက်ခွက်တစ်ခွက် လာပို့ဆောင်သွားလေသည်။

ထိုအခါကျမှ တပ်မံရောက်ရှိလာသော အရက်ခွက်ထဲသို့ အရက်အိုးထဲမှ ဝါးရွက်စိမ်းအရက်များကို စောင်းထည့်လိုက်သည်၊ ပြီးလျှင် တု'ယင်းမှာ အရက်ခွက်ကိုကောက်ကိုင်၍ မော့သောက်လိုက်၏၊ သည့်နောက် တု'ယင်းသည် ကျေးဇူးတင်ရိပ်လွှမ်းယှက်လျက်ရှိသောလူကြီးကိုကြည့်ရင်း....



'ဦးလေး ဒီဆင်ခြေဖုံးရပ်ကွက်ထဲကို ပစ္စည်းပစ္စယလိုက်ပို့ဆောင်နေတာမဟုတ်လား'

လှမ်းမေးလိုက်တော့ ယင်းလူကြီးက ခေါင်း ဆတ်ခနဲညိတ်ပြီး....

'အေး ဟုတ်တယ်ညီလေး'

သည်တွင် သူကဖြတ်ထိုးဉာဏ်သုံး၍ လူကြီးထံ အကြည့်ရောက်ကာ....

'ဒါဆို ဦးလေး ဒီဆင်ခြေဖုံးရပ်ကွက်က ကျန်ရင်ကျူးထံ ပို့ဆောင်ဖို့ ပစ္စည်းပစ္စယမပါဘူးခင်ဗျာ'

ထိုအခါ လူကြီးက လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး သူ့ညာလက်ကို ကိုယ်အတွင်းသို့ နှိုက်ယူလိုက်သည်။

သူ့ညာလက်ပြန်အရုတ်တွင် လက်တွင်း၌ စာရွက်တစ်ရွက်ပါလာ၏၊ ပြီးနောက် ယင်းစာရွက်ကိုဖြန့်၍ လူကြီးက ဆင်ခြေဖုံးရပ်ကွက်အတွင်းသို့ ပို့ဆောင်ရမည့် လူစာရင်းအားကြည့်ရှုလိုက်သည်။

တစ်ခဏမျှ သူဖတ်ရှုပြီးနောက် ကျန်ရင်ကျူးနာမည်ဖြင့် စာတစ်စောင်ပါကြောင်း သိရှိလိုက်ရသဖြင့် ယင်းလူကြီးက ပြုံးရွှင်စွာဖြင့် ခေါင်းဆတ်ခနဲညိတ်ပြီး....

'ညီလေး ကျန်ရင်ကျူးအတွက် စာတစ်စောင်ပါတယ်ကွ'

ထိုစကားကြားလိုက်ရတော့ တု'ယင်းမှာ အကြံတစ်ခုရလိုက်ပြန်ပြီး ယင်းလူကြီးကိုကြည့်ရင်း....

'ဦးလေး ကျွန်တော့်သူငယ်ချင်း ကျန်ရင်ကျူးရဲ့စာကို လက်မှတ်ထိုးပြီးယူသွားပါ့မယ်'

ထိုအခါ ယင်းလူကြီးက ခေါင်းဆတ်ခနဲညိတ်လိုက်ကာ

'အာ....ရ....ရပါတယ်'

သည့်နောက် တုံယင်းသည် နဂါးပျံအဖွဲ့ဝင်လူကြီးထံမှ ကျန်ရှင်ကျူးအားပေး ပို့မည့်စာရွက်ကို လက်မှတ်ထိုး၍ ယူဆောင်လိုက်လေသည်။

*　*　*

အခန်း (၁၈)

## ကျားမျက်လုံးရှင်နှင့် ဒေါသမုဆိုး

နေ့ခင်းခနမှာ မည်သူမှတာပူပြင်းလျက်ရှိနေပေ၏၊ ထိုအချိန်တွင် အပူဒဏ်ကိုမမှုဘဲ မြင်းစီးသမားတစ်ယောက် ပန်ကူးမြို့သို့ရောက်ရှိလာသည်။

ယင်းမြင်းစီးသမားမှာ မြင်းညိုကြီးကိုစိုင်းနှင်လျက် ပန်ကူးမြို့မြောက်ဘက်ပိုင်းသို့ ဒုန်းစိုင်းနှင်လျက်ရှိသည်။

စင်စစ်တော့ ထိုလူငယ်မှာ တစ်ခြားလူမဟုတ်ပါချေ၊ ပန်ကူးမြို့က သူကြွယ်ကြီး ဟုံထိုက်ချီ၏ တစ်ဦးတည်းသောသားတုံယင်းပင်ဖြစ်၏။

တကယ်တော့ သူဦးတည်နေသောနေရာမှာ ဂူဖခင်နေအိမ်ရာသို့ မဟုတ်ဘဲ ကစ်ခြားနေရာသို့ ဦးတည်နေခြင်းဖြစ်၏၊ အဘယ်အကြောင်းကြောင့် တုံယင်းမှာ မိမိ၏မိဘနေအိမ်သို့ ဦးတည်မသွားဘဲ မြို့မြောက်ဘက်ပိုင်းသို့ ဦးတည်ဒုန်းစိုင်းနှင်နေရပါသနည်း။

ပြောရမည်ဆိုလျှင် သူသည် နပါးပျံ အဖွဲ့ဝင်လူကြီးထံမှ ကျန်ရင်ကျူးဆီပို့ဆောင်ပေးရမည့်စာကို ကြားဖြတ်၍ သက်မှတ်ထိုးကာ လီဆယ်ယူခဲ့သည်။

ယင်းစာကို သူဖောက်ဖတ်ပြီးနောက် တုံယင်းမှာ ရတနာကုန်သည်ကြီး ရီဝေကျောင်းတို့ဆီသွားရောက်၍ သည်စာပတ်အထွင်း သူနှင့်ရီဝေဆောင်းကို အမြန်ဆုံးလက်ထပ်ပေးရန်တောင်းဆိုလိုက်သည်၊ ထိုအခါ ငွေခနမက်မောလွန်းလှသော ဒေါ်ကျန်ဝေမှာ တုံယင်း၏ အပူတပြင်းတောင်းဆိုမှုကို လိုလိုလားလားလက်ခံသည်၊ အကယ်၍သာ သူ့သမီးသာ သူကြွယ်သား တုံယင်းကို လက်ထပ်ယူလိုက်လျှင် သူတို့ဘဝအတွက် ငွေငွေချင်းထုပ်၊ ဂုဏ်ဂုဏ်ချင်းထပ်လိုက်ရသည်မို့ လောအဘွင် ဒေါ်ကျန်ဝေအတွက် လက်မထောင်ကာ မော်ကြွားနိုင်မည် မဟုတ်ပါလား။

ထိုသို့သောမျှော်မှန်းချက်များကြောင့် ဒေါ်ကျန်ဝေမှာ တုံယင်း၏ အပူတပြင်းတောင်းဆိုမှုကို လိုလိုလားလား လက်ခံလိုက်ခြင်းဖြစ်သည်။



ယင်းသို့ တုံယင်းမှာ ဒေါ်ကျန်ဝေတို့ကို အမြန်ဆုံးလက်ထပ်ဖို့ စီမံရန်မှာကြားပြီးနောက် သူ့မိဘများထံ ခေတ္တသွားရောက်မည်ဟု အကြောင်းပြပြီး ပန်ကူးမြို့သို့ အလောသုံးဆယ် ထွက်လာခဲ့ခြင်းဖြစ်၏။

တကယ်တော့ သူသည်မိဘများထံ ခေတ္တပြန်ရန်အကြောင်းပြ၍ ပန်ကူးမြို့သို့ အလျှာသုံးဆယ်ပြန်လာရသည့်အကြောင်းရင်းမှာ မိဘရပ်ထံပြန်လာချင်၍ မဟုတ်ပါချေ။

သူ့တွင် အထူးအရေးကြီးသော ကိစ္စရပ်ဆောင်ရွက်ရန်အတွက် ပန်းကူးမြို့သို့ အလောသုံးဆယ်ပြန်လာခဲ့ရခြင်းဖြစ်၏၊ ထိုအရေးကြီးကိစ္စရှုပ်ဟား....

တုံယင်းတစ်ယောက် မြင်းညိုကြီးကိုစိုင်းနှင်လျက် ပန်ကူးမြို့မြောက်ဘက်ရှိ သမားဟော်ကြီး ဆေးကုဌာနတည်ထားရာခြံဂိတ်ပေါက်ဝသို့ရောက်သောအခါ နေ့ခင်းနှစ်ချက်တီးအချိန်သို့ပင် ရောက်ရှိနေချေပြီ။

ဒါကြောင့်မို့လည်း ခြံဂိတ်ပေါက်ဝသို့ရောက်သောအခါ ခြံဂိတ်ပေါက်စောင့်ကင်းသမားဝ လူနာလာရောက်ကြည့်သည့်အကြောင်းပြောဆိုပြီး ငွေတုံးအချို့ ယင်းကင်းသမားကို ပေးလိုက်၏။

ထိုအခါ ငွေစရသွားသော ကင်းသမားမှာ တုံယင်းကို လျှောလျှောလျှူလျှူ ဆေးကုဌာနအတွင်းသို့ ဝင်ခွင့်ပြုလိုက်

လေသည်၊ သို့နှင့် ဇော်ယင်းမှာ ပန်ကူးသမားဘောင်ကြီး ဆေးကုဌာန အဆောက်အအုံအတွင်းသို့ ရောက်ရှိလာလေသည်။

နေ့ခင်းနေ့လည်မို့ ဆေးကုဌာနအဆောက်အအုံအတွင်း၌ လူသွားလူလာလင်းရှင်းလျက်ရှိနေ၏။

ဒါကြောင့်မို့ ဇော်ယင်းမှာ တစ်ခန်းဝင်တစ်ခန်းထွက်ဖြင့် သူရှာဖွေနေသော လူနာကို လိုက်လံရှာဖွေနေလေသည်။

နောက်ဆုံး သူရှာဖွေနေမသောလူနာကို အရေးပေါ်လူနာကုခန်း၌ တွေ့ကြုံလိုက်ရ၏။

ထိုစဉ် သူသည် လူနာအခန်းစောင့်ကို ကြုံတွေ့လိုက်ရသည်နှင့်....

'အော်.... ကျွန်တော် ဒီအခန်းထဲက ဦးကျန်ပြောင်းရဲ့ အမျိုးပါ၊ ခဏဝင်တွေ့ပါရစေ'

ခွင့်တောင်းလိုက်တော့ လူနာအခန်းစောင့်လူကြီးက သူ့ထံ လှမ်းအကဲခတ်လိုက်ရင်း....

'အော်....ဦးလေးကျန်ပြောင်းရဲ့ အမျိုးကိုး၊ သူ့အခြေအနေက စိတ်မကောင်းစရာပဲ၊ မီးစာကုန်ဆီခန်းအဝရောက်နေပါပြီ၊ ဒါကြောင့် သူ့အမျိုးတွေကို စေလွှတ်ခေါ်ခိုင်းတာပါ'



ပြောလာတော့ ဇော်ယင်းမှာ ဘူတွင်အသင့်ဆောင်လာသော နဂါးပျံအဖွဲ့ဝင်လူကြီးထံမှ လိပ်ယူခဲ့သည့်စာကို လူနာအခန်းစောင့်လူကြီးဆီ ထိုးပြရင်း....

'ဒီမယ်လေ....ဒီစာရောက်ရောက်ချင်း ကျွန်တော်ဒုန်းစိုင်းပြေးလာရတာ၊ ကျေးဇူးပါပဲ၊ ရော့.... နောင်ကြီး သုံးဖို့စွဲဖို့'

ဟု ပြောဆိုရင်း ငွေတုံးအချို့ကို လူနာအခန်းစောင့်လူကြီးအား ပေးလိုက်၏။

ထိုအခါ ငွေတုံးများလက်ခံရရှိသွားသော လူနာအခန်းစောင့်လူကြီးမှာ ပျော်ရွှင်မြူးတူးသွားပြီး....

'ဝင်....ဝင်တွေ့ပါလူလေး၊ အမှန်တော့ ဒီလို သေရေးရှင်ရေးရောက်နေတဲ့လူနာကို သမားတော်ကြီးကိုယ်တိုင်ခွင့်ပြုမှ ဝင်တွေ့ရတာပါ၊ အ အခု'

'ဟုတ် ဟုတ်ကဲ့....ကျေးဇူးပါပဲ၊ ကျွန်တော်ဝင်တွေ့လိုက်ဦးမယ်နော်'

'ဟဲဟဲ....ဝင်တွေ့ပါခင်ဗျာ၊ ဝင်တွေ့ပါ'

သည်နောက် သူ အခန်းထဲသို့ဝင်ရောက်လာခဲ့၏၊ အခန်းထဲရောက်တော့ ခုတင်ပေါ်တွင် ရောဂါဝေဒနာဒဏ်ကို နှစ်ရှည်လများ အလူးအလဲခံလာရန်ဟန်တူသော ဦးကျန်ပြောင်းမှာ အရိုးပေါ်အရေတင် ဖိန်ချုံးလျက် ငြိမ်သက်စွာအိပ်ပျော်နေသည်ကို သူလှမ်းမြင်တွေ့လိုက်ရ၏၊

ထိုစဉ် ဇော်ယင်းမှာ ခုတင်အနားသို့ တခြေ့ခြေ့ချဉ်းကပ်သွား၏။

အနားရောက်တော့ သူ၏မျက်နှာပေါ်ဝယ် အေးခဲသော အပြုံးရိပ်တစ်ရိပ် ပေါ်လာသည်။

ထိုနောက် သူသည် အိပ်ပျော်နေသော ဦးကျန်ပြောင်း၏နဘေးတွင်ရှိနေသည့် ခေါင်းအုံးတစ်ခုကိုအသာမယူ၍ ဦးကျန်ပြောင်း မျက်ခွက်ပေါ်သို့ အတွင်းအားသုံးကာအတင်း ဖိကပ်လိုက်သည်။

'အု အု အား'

ဦးကျန်ပြောင်းမှာ အင်အားချိနဲ့နေသော လူမာတစ်ဦးမို့ ရုန်းကန်တွန်းလှန်နိုင်ခြင်းမရှိဘဲ အကြောတဆတ်ဆတ်ငင်ကာ အသက်ကုန်ဆုံးသွားရသည်။

ထိုနောက် တုံယင်းမှာ ပုံစံမပျက် ဦးကျန်ပြောင်း သူ့ဘာသာသူ အသက်ထွက်သည့်ပုံစံဖြစ်အောင် အနည်းငယ် တွန့်ခေါက်သွားသော မွေ့ယာခင်းကို သေသေသပ်သပ်ဖြစ်အောင်းပြုပြင် လိုက်၏။

'ဦးကျန်ပြောင်း.... ကျုပ်ရဲ့အချစ်ရေးမှာ ခင်ဗျားဟာ ခလုတ်တုံးတစ်ခုဖြစ်နေတဲ့အတွက် အခုလို ရှင်းလင်းလိုက်ရတာ တမလွန်ကခွင့်လွှတ်ပါ ဟင်း ဟင်း'

ထိုသို့ တုံယင်း ရေရွတ်ပြောဆိုပြီးနောက် ထိုအရေးပေါ်လူနာအခန်းထဲမှ ထွေထွေမပျက်လှမ်းထွက်လာခဲ့လေတော့သည်။

* * *



မဟူရာကောင်းကင်ပြင်၌ လခြမ်းကလေးမှာ အေးအေးချမ်းချမ်း သာတွန်းလျက်ရှိနေသည်။

အချိန်က ညဦးပိုင်းအချိန်ပင်ရှိပေသည်။

ထိုအချိန်၌ တိကုန်း တောင်ကုန်းဘုံကျောင်း၌ ထိုင်ခုံရှည်တစ်လုံးပေါ်တွင် ခရီးဆောင်အိတ်တစ်လုံးကို နဘေးတွင်ချလျက် သက်ပြင်းခေါ်ကြီးများ အကြိမ်ကြိမ်ချနေသော ပန်းနုရောင်ဝတ်စုံဝတ် မိန်းကလေးတစ်ဦး ထိုင်နေသည်။

စင်စစ်တော့ ယင်းမိန်းမချောလေးမှာ တစ်ခြားသူမဟုတ်ပါချေ။

ရတနာကုန်သည်ကြီး ရီဝေကျော်၏ တစ်ဦးတည်းသော သမီးလေး ရီဝေဆောင်းပင်ဖြစ်၏။

အဘယ်အကြောင်းကြောင့် သူမမှာ ညအမှောင်ခရောက်နေသည့်တိုင် တိကုန်းဘုံကျောင်းကုန်းတော်ပေါ်မှ မပြန်နိုင်သေးဘဲ ဤနေဘဲဖြင့် လည်တဆန့်ဆန့်ဖြစ်ကာ မည်သူ့ကိုစောင့်ဆိုင်းနေပါသနည်း။

အကြောင်းမှာ သူမသည် ချစ်သူ ကျန်ရင်ကျူး ချိန်းဆိုထားသည့်အတိုင်း ထိုနေရာသို့ ညနေစောင်းကတည်းက ရောက်ရှိနေခဲ့သည်။

သို့သော် အခု မိုးစုန်းစုန်းချုပ်၍ လပင်ထွက်ပေါ်လာချေပြီ၊ သူမကို ပန်ကူးမြို့ရှိ ဦးလေးကျန်ပြောင်းထံသို့ ခိုးယူပြေးမည်ဟု ဆည်တိကုန်းဘုံကျောင်း ကုန်းတော်ပေါ်ဆီ သေ

သေချာချာ ချိန်းဆိုခဲ့သော ကျန်ရင်ကျူးမှာ အခုချိန်ထိပေါ်
မလာသေးချေ၊

'သူ....သူ....ကတိတည်တဲ့ယောကျ်ားမှ မဟုတ်ပဲ၊ ဘာကယ်
တန်း ဘဝကိုရင်ဆိုင်မယ်လဲဆိုရော သူလစ်ပြေးသွားပါလား၊
အဟင့် ဟင့်'

တိုသို့ ရီဝေဆောင်း ကြေကွဲဆို့နစ်စွာရေရွတ်ရင်း သူမ
၏မျက်ဝန်းအစုံမှ မျက်ရည်များ ရစ်ဝန်းလာလေ၏။

ထိုစဉ် သူမထိုင်ခုံရှည်ဆီသို့ လူရိပ်တစ်ရိပ် တစ်ရွေ့ရွေ့
ချဉ်းကပ်ရောက်ရှိလာသည်။

စင်စစ်တော့ ယင်းလူရိပ်မှာ ဘုန်းကျောင်းစောင့် အဘကွန်
ဖြစ်၏။

အဘကွန်မှာ ကျန်ရင်ကျူးနှင့် ရီဝေဆောင်းတို့ အခြေ
အနေကို တစ်စွန်းတစ်စသိရှိထားသူမို့ အခုရီဝေဆောင်းတစ်
ယောက်တည်း ညအမှောင်ထဲတွင်ရှိနေသည်ကို ရိပ်စားသိရှိမိ
သဖြင့်....

'သမီး....သမီးအဖော် အခုထက်ထိ မရောက်လာသေးပါ
လား'

ထိုအခါ သူမမှာ အဘကွန်ထံ အကြည့်ရောက်ရင်း ဆို့
နစ်ကြေကွဲသံဖြင့်....

'ဟုတ် ဟုတ်ကဲ့အဘကွန်၊ သမီး သမီး သူ့ကိုယုံစားမိတာ
မှားပြီထင်ပါတယ် အဟင့်ဟင့်'



သောကဝေဒနာမီးတောက်လောင်နေသော သူမ၏ ဦး
ခေါင်းကို အဘကွန်မှာ သူ၏ညာလက်ဖဝါးတစ်ချက်ပုတ်
လိုက်ရင်း....

'သမီးရယ် ကံကြမ္မာဆိုတာ တစ်ခါတလေ အမှတ်မထင်ဘဲ
ဆိုးသွမ်းတတ်ပါတယ်၊ ကျန်ရင်ကျူးဟာလဲ လူကောင်းတစ်
ယောက်လို့ အကဲခတ်မိပါတယ်၊ ဒါပေမယ့် ဒီနေ့ သူ မလာ
ရောက်နိုင်တာကိုတော့ သူ့ကိုယ်နှိုက်မှလွဲပြီး ဘယ်သူမှမသိနိုင်
ပါဘူးသမီး၊ သမီးအချိန်ရှိတုန်း အိမ်ပြန်ပါတော့ကွယ်'

ယင်းသို့ အဘကွန်က ဖျောင်းဖျပြောဆိုသာသဖြင့် ရီဝေ
ဆောင်းမှာ သက်ပြင်းမောကြီးတစ်ချက်ချလိုက်ပြီးနောက်....

'ဟုတ်ကဲ့ သမီးပြန်တော့မယ်....၊ နောင်ကတိမတည်
သစ္စာမရှိသော လူစားမျိုးနဲ့ ဒီတစ်သက်မတွေ့ရမကြုံရပါစေနဲ့
လို့ ဆုတောင်းမိပါတယ်၊ အဟင့်....ဟင့်'

သူမ၏ ကြေကွဲစို့နစ်လျက်ရှိသော ရှိုက်သံသဲ့သဲ့က
ဆိတ်ငြိမ်လျက်ရှိသော ညဉ့်ယံဝယ် လွှမ်းခြုံသွားရ၏၊

ထို့နောက် ရီဝေဆောင်းသည် သူမ၏ ခရီးဆောင်အိတ်
တစ်လုံးကို ကောက်ယူလွယ်လိုက်ပြီးနောက် မျက်ရည်ရစ်ဝန်း
နေလျက်ရှိသော မျက်လုံးအစုံတို့ဖြင့် အဘကွန်ထံ အကြည့်
ရောက်ရင်း....

'သမီး အိမ်ကို ပြန်ပါတော့မယ်အဘ'

ပြောလိုက်တော့ အဘကွန်က စိတ်မကောင်းခြင်းမျက်နှာ
ဖြင့် ခေါင်းတစ်ချက်ညိတ်လိုက်ပြီးနောက်....

'သမီးရယ် အခုချိန်မှာတော့ ကျန်ရင်ကျူးမလာတော့ဘူး၊

တကယ်လို့ သမီးသွားမှ သူရောက်လာရင်လဲ အဘကွန် သမီး လာသွားတဲ့အကြောင်း ပြောပြလိုက်ပါမယ်'

သည်နောက် ရိဝေဆောင်းမှာ ဝမ်းနည်းကြေကွဲခြင်းကို ရင်ဝယ်ပိုက်လျက် တီကုန်းဘုံကျောင်း တောင်ကုန်းပေါ်မှ တရွေ့ရွေ့ ဆင်းလာခဲ့လေတော့သည်။

* * *



ပြောရမည်ဆိုလျှင် ရိဝေဆောင်း မျှော်လင့်စောင့်ဆိုင်းနေသော ချစ်သူ ကျန်ရင်ကျူးမှာ ထိုနေ့မနက်ပိုင်းတွင် ပန်ကူးနှင့် ဦးလေးဖြစ်သူ ကျန်ပြောင်းတစ်ယောက် ပန်ကူးသခင်တော်ကြီး ဆေးကုဌာန အဆောက်အအုံတွင်ဆုံးပါးသွားကြောင်း သတင်းကြားသဖြင့် ပန်ကူးမြို့သို့ အလောသုံးဆယ် ခရီးနှင်သွားရခြင်းဖြစ်သည်။

ဒါကြောင့် သူ ခိုးပြေးမည်ဟု တီကုန်းဘုံကျောင်း တောင်ကုန်းပေါ်တွင် ချိန်းဆိုထားသည့် ရိဝေဆောင်းဆီသို့ မသွားရောက်နိုင်ခြင်းဖြစ်၏။

သို့ဖြင့် ကျန်ရင်ကျူးသည် ဦးလေးဖြစ်သူ အသုဘကိစ္စကို ပြီးစီးအောင်ဆောင်ရွက်ပြီး နောက်သုံးရက်မြောက်နေ့မှ ကျိုလင်မြို့သို့ ပြန်လာခဲ့သည်။

သူသည် ကျိုလင်မြို့သို့ နေ့ခင်းပိုင်း အချိန်တွင် သူ့စံမြန်းရာ မြို့သင်ခြေဖုံးနေအိမ်သို့ရောက်သောအခါ အိမ်သူအိမ်သား များ မျက်စိမျက်နှာမကောင်းကြောင်း သူ လှမ်းအကဲခတ်မိ သည်။

သို့သော် သူ့စိတ်ထဲတွင် ယူဆမိသည်ကား ပန်ကူးမြို့၌ သူ၏ ဦးလေးကျန်ပြောင်း ဆုံးပါးသွားသည့်ကိစ္စနှင့် ပတ်သက်၍ သူ၏ အိမ်သူအိမ်သားများ ဝမ်းနည်းနေကြသည်ဟု ရှိပင်။

သူ ခရီးပန်း၍ သူ့အခန်းလေးတွင် လှဲလျောင်းနေခိုက် သူမ၏ ညီမဖြစ်သူ သူ့အနား မဝံ့မရဲ ရောက်ရှိလာပြီး....

'အ....အစ်ကို'

ထစ်ထစ်ငေါ့ငေါ့လှမ်းခေါ်လိုက်သဖြင့် လဲလျောင်းလျက်ရှိသော ကျန်ရင်ကျူး ကုန်းရုန်းထလိုက်ပြီးနောက်....

'ဘာလဲ ညီမလေး'

ထိုအခါ ညီမဖြစ်သူက စိတ်မကောင်းခြင်းမျက်နှာဖြင့် အနီရောင်ပေါ်ဝယ် ရွှေရောင်လွှမ်းခြုံနေသည့် ဖိတ်စာစာရွက်ကို သူ့အစ်ကိုကြီး ကျန်ရင်ကျူးထံ တရိုတသေ လှမ်းပေးလိုက်လေ၏။

'စ်ကို ဒီနေ့မနက်က မမရီဝေဆောင်းတို့ အစ်ကိုကြီးဆီ ဖိတ်စာလာပေးသွားတာပါ'

ထိုစကားကြားလိုက်ရသည်နှင့် ကျန်ရင်ကျူးရင်မှာ စိုးထိတ်သွားရပြီး ညီမဖြစ်သူ လှမ်းပေးလာသော ဖိတ်စာကို လှမ်းယူပြီး ကမျာကရာ ဖတ်ရှုကြည့်မိသည်။

'ဟင်....ကိုတု ယင်းနှင့် ရီဝေဆောင်းတို့ရဲ့ မင်္ဂလာဆွေခံပွဲ ဖိတ်စာပါလား'

ယင်းသို့ ကျန်ရင်ကျူး ကြေကွဲလှိုက်လှဲစွာ ရေရွတ်မိပြီး ငိုင်ကျသွားရလေ၏၊ ထိုစဉ် ညီမဖြစ်သူ စိတ်မချမ်းသာသဖြင့်....

'အ ...အစ်ကို ဒီညနေ အစ်မရီဝေဆောင်းတို့ မင်္ဂလာဆွေခံပွဲကိုသွားဦးမှာလား'

ယင်းအမေးကြောင့် ကျန်ရင်ကျူးရင်ထဲ ခံပြင်းကြေကွဲစွာဖြင့် အံတစ်ချက်ကြိတ်လိုက်ပြီးနောက်....

'ညီမလေးရယ် သူတို့တောင်လာဖိတ်တာပဲ အစ်ကိုတို့သွားရမှာပေါ့'



'ဟုတ်....ဟုတ်ကဲ့အစ်ကို'

ဟု ဆိုကာ ညီမဖြစ်သူ ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး သူ့အိပ်မန်းထဲမှ ထွက်ခွာသွားလေ၏၊ ထိုစဉ် ကျန်ရင်ကျူးသည် ရီဝေဆောင်း၏ လက်ထပ်မင်္ဂလာဖိတ်စာကိုထပ်မံကြည့်ရှုမိရင်း သူ၏မျက်ဝန်းအစုံမှာ စို့မျက်ရည်များ ရစ်ဝန်းလာရှာလေသည်။

'ကြော်....ညီမရယ် သီမချိန်းတဲ့အချိန်ကို အစ်ကိုမရောက်လာနိုင်လို့ အစ်ကို့အပေါ် စိတ်နာကြည်းပြီး ကျောခိုင်းသွားတယ်ဆိုတာ အစ်ကိုသဘောပေါက်နားလည်မိပါတယ်၊ ကိုယ့်ကံကြမ္မာ ဆိုးရွားနေတာကို ညီမသိအောင်ပြောပြချင်ပေမယ့်လဲ အချိန်က ကိုယ့်အတွက် နှောင်းသွားပါပြီလေ'

ယင်းသို့ ကျန်ရင်ကျူး ရင်နင့်စွာ ရေရွတ်ပြောဆိုပြီး သူ့အိပ်ရာခင်းပေါ်သို့ မှောက်ခုံကြီး လှဲလျောင်းအိပ်စက်လိုက်၏၊ သူ့ ခရီးပမ်းနွမ်းနယ်မှုကြောင့် တခဏကြာသော် သူ မေ့ကာနဲ့ အိပ်ပျော်သွားမိ၏။

သို့ဖြင့် သူ အိပ်ရာက နိုးထသောအခါ ညနေစောင်းနေချေပြီ၊ ထို့နောက် သူရေမိုးချိုးပြီးနောက် အဝတ်ကောင်းစားကောင်းများ လဲလှယ်ကာ သူ့ချစ်သူရီဝေဆောင်းအတွက် ပန်ကျူးမြို့ပင်မဈေးမှ ဝယ်ယူလာခဲ့သော ကျောက်စိမ်းလက်ကောက်တစ်ရံကို မင်္ဂလာဆောင်လက်ဖွဲ့ရန်အတွက် အစိမ်းရောင်ကတ္တီပါဘူးလေးတစ်ဘူးတွင်ထည့်၍ ယူဆောင်လာခဲ့လေသည်။

တကယ်တော့ သူ အသည်းကွဲရမည့်ချစ်သူမင်္ဂလာဆောင်ပွဲသို့ မသွားချင်ပါ၊ သို့သော် ချစ်သူရီဝေဆောင်း ကိုယ်တိုင်ပင် အရွဲ့တိုက်၍ သူကိုယ်တိုင် မိမိအိမ်သို့ ဖိတ်စာလာပေးသွားသဖြင့် ကျန်ရင်ကျူးမှာ ခံပြင်းကြေကွဲရပြီး မခံချင်စိတ်ဖြင့် သွားရောက်လက်ဖွဲ့ရခြင်းဖြစ်သေသည်။

သူ ငွေကြေးကြွယ်ဝချမ်းသာသော လူတန်းစားဖြင့် စည်ကားသိုက်မြိုက်လျက်ရှိနေသည့် ချစ်သူရီဝေဆောင်း မင်္ဂလာပွဲသို့ ကြေကွဲညိုးငယ်စွာ ဝင်ရောက်လာရ၏။

ခန်းမထဲရောက်သည်နှင့် ကျန်ရင်ကျူးမှာရွှေယက်တဲ့လျက်အပြုံးတဝေဝေဖြင့် ဧည့်သည်များအား လိုက်လံဧည့်ခံနေသော တိုးယင်းနှင့် ရီဝေဆောင်းတို့ထံ ဦးတည်လျှောက်လှမ်းလိုက်လေသည်။

မျက်နှာချင်းဆိုင်မိသည်နှင့် တိုးယင်းနှင့် ရီဝေဆောင်းပါ တအံ့တသြ ဖြစ်သွားကြသည်။

ထိုစဉ် အောင်မြင်မှုသရဲဖွဲ့ဆောင်းသွားသော တိုးယင်းက သက်ပဝင်သော အပြုံးတစ်ရပ်ကို ပြုံးလိုက်ရင်း....

'ကိုကျန်ရင်ကျူး ကျွန်တော်တို့မင်္ဂလာပွဲကို အမီရောက်လာတဲ့အတွက် ကျေးဇူးတင်ပါတယ်'

ထိုအခါ ကျန်ရင်ကျူးမှာ ဝမ်းနည်းကြေကွဲမှုကို မျင်ဝယ်မျိုသိပ်ပြီး အပြုံးတုကို ဖန်တီးပြုံးရယ်လိုက်ပြီး သူ့လက်ထဲမှ ကျောက်စိမ်းကတ္တီပါဘူးကို ရီဝေဆောင်းထံ လှမ်းပေးရှင်း....



'ဒါဆို တိုးယင်းနဲ့မရီဝေဆောင်းတို့ရဲ့ မင်္ဂလာလက်ဖွဲ့ပါ ကျွန်တော့်ကိုပြန်ခွင့်ပြုပါဦး'

သည်တွင် တိုးယင်းက ကျန်ရင်ကျူး၏ ညာလက်မောင်းအိုးကို ဖမ်းဆွဲလိုက်ပြီး....

'ကိုကျန်ရင်ကျူး အချိန်ရရင် မပြန်ပါနဲ့ဦး ကျွန်တော်တို့လင်မယားနဲ့ အတူ ပျော်ပျော်ပါးပါး စားသောက်သွားရအောင်'

တမင်ခနဲ့၍ပြောဆိုလိုက်ကြောင်း ကျန်ရင်ကျူး၏ ရင်ထဲ ဝယ်ခံပြင်းစွာ သိရှိလိုက်ရလေ၏။

သို့သော် ကျန်ရင်ကျူးမှာ လိမ္မာပါးနပ်သူမို့ သူ့ရင်ထဲက မကျေနပ်ချက်ကို သူ့မျက်နှာပေါ်သို့ ထင်ဟပ်မလာစေဘဲ အပြုံးတုကိုသာ ပြုံးလိုက်မိပြီး....

'ကိုတိုးယင်းတို့နဲ့ အတူ ကျွန်တော် ပျော်ပျော်ပါးပါး သောက်ချင်ပါတယ်၊ ကျွန်တော့်အိမ်မှာ အရေးတကြီးကိစ္စရှိနေလို့ ခွင့်လွှတ်ပါ၊ ကဲ....မရီဝေဆောင်း ကျွန်တော်ပြန်တော့မယ်'

သူတို့ယင်းနှင့်ရီဝေဆောင်းကိုနှုတ်ဆက်ပြီး ကြေကွဲနှလုံးသားတို့ဖြင့် မင်္ဂလာခမ်းမထဲမှ ကျောခိုင်းကာလှမ်းထွက်လာခဲ့မိလေ၏။

ထိုအချိန်တွင် တုံယင်းမှာ သူတို့ကိုကျော်ခိုင်း၍ တရွေ့ရွေ့ လှမ်းသွားနေသော ကျန်ရင်ကျူးကို လှမ်းကြည့်ရင်း အဓိပ္ပာယ်ပါပါပြုံးရယ်မိလိုက်လေတော့သည်။

* * *



ရဟန္တာကုန်သည်ကြီး ရှီဝေကျောင်းနှင့် ဒေါ်ကျန်ဝေတို့သည် သူတို့၏အိမ်ဂေဟာအတွင်း သားမက်ဖြစ်သူ တုံယင်းနှင့် သမီးဖြစ်သူ ရှီဝေဆောင်းတို့ ညားခါစလင်မယား လွတ်လွတ်လပ်လပ်နေစေရန်အတွက် ပန်ကူးမြို့ရှိ တုံယင်းတို့ မိဘများထံ အလည်အပတ်ခရီးထွက်ခွာသွားကြ၏။

ဒါကြောင့်မို့ နေအိမ်ဂေဟာတွင် တုံယင်းတို့ဇနီးမောင်နှံလွတ်လွတ်လပ်လပ်ရှိနေကြရလေသည်။

ည လပြည့်ည။

မဟူရာကောင်းကင်ပြင်ပေါ်၌ သော်တာ လမင်းကြီးမှာ ပြည့်ပြည့်ဝန်းဝန်းထိန်ထိန်သာလျက်ရှိနေ၏။

ထိုအချိန်တွင် လသာဆောင်ဝရံတာ၌ ရောက်ရှိနေသော တုံယင်းမှာ ကောင်းကင်ပေါ်တွင် ဝိုင်းစက် ပြည့်ဝန်းစွာ သာထွန်းနေသော လမင်းကြီးကိုလှမ်းကြည့်ရင်း သူ့တစ်ကိုယ်လုံးရှိသွေးသားများ မခံမရပ်နိုင်အောင် ဆူပွက်သလို ခံစားလာရလေ၏။

ထိုအခါ တုံယင်းမှာ ကွှရှုလျှ တိုက်ကျွေးခဲ့သည့် လပြည့်ညကြားမှာန်အတွင်းအား စိတ်ကြွဆေးကို ဖြတ်ခနဲသတိရမိလိုက်လေ၏။

'ဟင်း....မ....မဖြစ်ဘူး ငါ....ငါ့ဒီအိမ်က အမြန်ထွက်မှဖြစ်မယ် နို့မို့ဆိုရင် ငါ ရှဲဘဝဆိုးကြီးကို ရှီဝေဆောင်သိရှိပြီး ထွက်ပြေးသွားဦးမယ်'

ထိုသို့ တုံးယင်းအထိတ်တလန့် တွေးကောနေရှုတ်ခိုမြဲး နောက်အပေါ်ထပ်မှ ဆင်းခဲ့လေသည်။

အောက်ထပ်သို့ ရောက်သောအခါ ဧည့်ခန်းဖြစ်သူရိုဇေဝဆောင်းနှင့် ရင်ဆိုင်တိုးတော့သည်၊ ထိုသည်တွင် တုံးယင်းက လှမ်းမြင်ရသော ရိုဇေဝဆောင်းထံ အကြည့်ရောက်ချင်း ....

'ညီမ အစ်ကိုခဏအပြင်သွားလိုက်ဦးမယ်'

ထိုစကားကြားလိုက်ရသော ရိုဇေဝဆောင်းက တအံ့တသြဖြစ်သွားရပြီး ...

'အို.... အစ်ကိုကလဲ ည အချိန်မတော်ကြီး ဘယ်သွားမှာတုန်း'

'ခဏလေးပါကွာ'

ဟု ဆိုကာ တုံးယင်းမှာ စကားဖြတ်ပြီး ခန်းမထဲမှ ခပ်သွက်သွက်ကျော်ခိုင်းထွက်သွားလေခဲ့၏။

ထို့နောက် သူ့မြင်းညိုကြီးကို စိုင်းနှင်လျက် မြို့လယ်ပျော်ပွဲစားရုံတစ်ရုံသို့ ရောက်ရှိခဲ့လေ၏။

ယင်းသို့ ပျော်ပွဲစားရုံမှာ ည အ ဖော် ရှာ ဖွေ ကြ သော ယောကျ်ားသားများ စားသောက်ပျော်မွေ့ရာ စားသောက်ဆိုင်ကော်ဆိုင်ဖြစ်၏။

ဟုတ်ပေါ်သည် ထိုညဉ့်၌ပျော်ပွဲစားရုံ၌ ကြေးစားမယ်များကျက်စားရာဖြစ်လေ၏။



တုံးယင်းသည် ထိုညဉ့်၌ပျော်ပွဲစားရုံဝင်ရောက်၍ စားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်၏။

ထိုစဉ်စားပွဲထိုးလူငယ် သူ့စားပွဲရောက်လာသဖြင့် အရက်တစ်အိုးနှင့် အမြည်းတစ်ပွဲမှာလိုက်လေ၏။

စားပွဲထိုးလေး လှည့်သွားသောအခါ ရောင်စုံချက်နှာနှင့် ကြေးစားမယ် မိန်းကလေးတစ်ဦး မြူဆွယ်သည့် အပြုံးဖြင့် သူ့စားပွဲနားသို့ရောက်ရှိလာ၏။

'အစ်ကို ထိုင်ရမလား'

မြူခွဲ့သံဖြင့် လှမ်းမေးလာတော့ တုံးယင်းက အေးခဲသော အပြုံးရိပ်တစ်ရိပ်ပြုံးလိုက်ပြီး....

'ထိုင်လေ'

ခွင့်ပြုလိုက်တော့ ကြေးစားမယ်မိန်းကလေးမှာ တုံးယင်းနှင့်မျက်နှာချင်းဆိုင် ထိုင်ခုံတစ်လုံးတွင် ကပိုကရို ထိုင်လိုက်သည်၊ ထိုသည်တွင် ကြေးစားမယ်မိန်းကလေးက တုံးယင်းထံ မျက်လုံးရွဲကြီးဖြင့် စူးစိုက်ကြည့်ချင်း....

'တစ်ယောက်တည်းလား'

'အခု ဘယ်နှစ်ယောက်ထိုင်တာမြင်သလဲ'

'ဟင်း....ဟင်း ဒါဆိုအဖော်မဲ့ပေါ့'

'ဟုတ်တယ် အဖော်ရှာဖို့ ဒီရောက်လာတာပဲ'

'အဆင်သင့်လိုက်တာ'

ထိုအခိုက် တုံယင်းမှ သူ့အိတ်ထဲမှ ငွေတုံးအချို့ကိုနှိုက်ထုတ်၍ ထိုကြေးစားမယ်မိန်းကလေးထံ လှမ်းပေးလိုက်ရင်း–

'ရော့မင်းအတွက်ဘောက်ဆူး'

ကြေးစားမယ် မိန်းကလေးက တုံယင်းဆီမှ ငွေများ ရရှိလိုက်သဖြင့် အူမြူးသွားရလေ၏။

ယင်းသို့တုံယင်းနှင့် ကြေးစားမယ်မိန်းကလေးကို စကားပြောဆိုနေကြသည်ကို အခန်းထောင့်ကျကျရှိ စားပွဲမှ ပုပုဂင်တိုတို ဗလကောင်းကောင်း လူကြီးတစ်ယောက်က စိတ်ဝင်တစားလှမ်းကြည့်နေမိသည်။

စင်စစ်တော့ ယင်းလူကြီးမှာ တစ်ခြားမဟုတ်ပါချေ၊ မုဆိုးကြီးဟုမ်ကျင်းပင်ဖြစ်လေ၏၊ အမှန်တော့မုဆိုးကြီး ဟုမ်ကျင်းမှာ ကြေးစားမယ်လေးကို စိတ်ဝင်စား၍ လှမ်းကြည့်နေခြင်းမဟုတ်ပါ။

ညမီးရောင်အောက်ဝယ် ကျားသတ္တဝါမျက်လုံးအစုံကဲ့သို့ စူးရဲတောက်လက်လျက်ရှိသော တုံယင်း၏ထူးခြားသည့်မျက်လုံးအစုံတို့ကို စိတ်ဝင်တစားရှိနေသောကြောင့်ဖြစ်နေ၏။

'အင်း....ဒီသူငယ်ရဲ့မျက်လုံးအစုံဟာ ငါမြင်တွေ့ရတာ ငါ့ရင်ထဲတစ်မျိုးကြီးခံစားရမိတယ်၊ ဘာကြောင့်ပါလိမ့်နော်'

ယင်းသို့ ဟုမ်ကျင်း တွေးတောငေးမောနေစဉ်မှာပင် တုံယင်းနှင့်ကြေးစားမယ် မိန်းကလေးတို့တွဲလျက် ညဉ့်ငှက်ပျော်ပွဲစားရုံမှ ထွက်ခွာသွားသည်ကို မြင်တွေ့လိုက်ရလေ၏၊ ထိုအချိန်တွင် မြို့လည်ကောင်းထဲမှ နာရီမောင်းခေါက်သံ သည့်တစ်ချက်တိတိကို သူကြားလိုက်ရ၏။



ဒါကြောင့် ညဉ့်ငှက်ပျော်ပွဲစားရုံနှင့် မလှမ်း မကမ်းရှိ တည်းခိုခန်းသို့ ဟုမ်ကျင်းပြန်လာခဲ့လေ၏၊ ပြောရမည်ဆိုလျှင် ဟုမ်ကျင်းမှာ ကျိုလင့်မြို့သို့ သူတောလိုက်၍ရရှိသော တောကောင်များ၏ အရေခွံ၊ အခြောက်လှမ်းထားသည့် အင်္ဂါအစိတ်အပိုင်းများ၊ အရိုး၊ ဦးချိုစသည်တို့ကိုလာရောက်ရောင်းချရန်က တည်းခိုခန်းတွင် တည်းခိုနေခြင်းဖြစ်၏၊

သူ တည်းခိုခန်းသို့ရောက်သောအခါ အခန်းပြတင်းပေါက်တံခါးကိုဖွင့်လိုက်သည်။

ထိုအခါ မဟူရာညကောင်းကင်ပြင်၌ ဝိုင်းစက်ပြည့်ဝန်းနေသော သီတဂူလမင်းကြီးကို မုဆိုးကြီးဟုမ်ကျင်းတို့ငေးရီကြည့်ရင်း တစ်ချိန်က လပြည့်ညသန်းခေါင်ကျော်တွင် မိစ္ဆာကျားဆိုးကြီး လက်ချက်ကြောင့် အသေဆိုးဖြင့် သေဆုံးခဲ့ရသည့် သူ့အခင်ဆုံးမိတ်ဆွေ မဟူရာလင်းယုန် ကျင်ယောင်ကို လွမ်းဆွတ်စွာ သတိရမိလိုက်သည်။

## အခန်း (၁၉)

## ပျားရည်မြစ်မှ သူတို့နှစ်ဦး

မုဆိုးကြီး ဟုမ်ကျင်းသည် မဟူရာည ကောင်းကင်ပြင်ဝေါ်တွင် ထိန်ထိန်သာထွန်းလျက်ရှိသော သီတဂူလမင်းကြီးအား ငေးရီကြည့်ရင်း မိစ္ဆာကျားဆိုး လက်ချက်ကြောင့် မရှုမလှ သေဆုံးသွားသည့် မဟူရာလင်းယုန် ကျင်ယောင်ကို လွမ်းဆွတ်သတိရ၏။ က ရှစ်မျက်နှာရွာမှ ရှစ်မျက်နှာဓဆးဆရာ ဟူဆန်လင်းနှင့် စိုက်ပျိုးရေးသမား ကျောက်လျမ်းယိတို့ကို မြေး၍ အမှတ်ရမိသည်။



'အင်း အခုဆိုရင် ရှစ်မျက်နှာတစ်ရွာလုံးဟာ လပြည့်ည ရဲ့ သာယာမအားချမ်း လုပမှုကို အပြည့်အဝ ခံစားနေကြမှာ ပြီပေါ့'

ယင်းသို့ မုဆိုးကြီး ဟုမ်ကျင်းမှာ ကောင်းကင်ပြင်ပေါ်၌ ပြည့်ဝန်းဝိုင်းစက်စွာ သာထွန်းလျက်ရှိသော သီဘဂူလမင်းကြီးကို ငေးရီကြည့်ရင်း တမ်းတမ်းတတ ရေရွတ်ပြောဆိုမိသည်။

သို့ဖြင့် သူငေးမောလွမ်းဆွတ်နေခိုက်တွင်....

'တုံ တုံ တုံ'

မြို့လည်ကင်းရုံမှ ကင်းခေါက်သံ သည့်နှစ်ချက်တိကိ ဆိ ငြိမ်သော ညဥ့်ယံလွှာကိုထိုးဖောက်၍ ပီပီပြင်ပြင်ပေါ်ပေါ်က လာသည်။

'ဟာ တာလိုလိုနဲ့ ညဥ့်နက်သန်းခေါင်ရောက်ပြီ၊ အိပ်ရာဝင်မှဖြစ်တော့မှာပဲ'

သည်နောက် မုဆိုးကြီးဟုမ်ကျင်းမှာ အိပ်ရာထဲဝင်၍ လဲလျောင်းအိပ်လိုက်၏။ သို့ဖြင့် သူမေးခနဲ နှစ်နှစ်ခြိုက်ခြိုက်

အိပ်ပျော်သွားသည်

နံနက်ခင်း၏ ပူနွေးတောက်ရှိုင်းသော နေရောင်ခြည်က အသင့်ဖွင့်ဟသည့်ပြတင်းပေါက်မှတစ်ဆင့် အိပ်ခန်းအတွင်းသို့ ဖြန့်ကျက်ကျရောက်လာသည်။

ထိုအချိန်တွင် မုဆိုးကြီးဟုမ်ကျင်းမှာ ညဥ့်နက်သန်းခေါင်ကျော်မှ အိပ်ရာဝင်ခဲ့သဖြင့် နေမြင့်သည်တောင် နိုးထမလာခြင်းဖြစ်သည်။

ထိုအခိုက် ပူနွေးတောက်ရှိုင်းသော နေရောင်ခြည်က ဟုမ်ကျင်း၏မျက်နှာပေါ် ထိုးကျလာသည်၊ ထိုသို့ ပူနွေးသောအသိကို ဟုမ်ကျင်း ခံစားလိုက်ရသဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်နေရာမှ ရုတ်တရက်နိုးထလာသည်။

ထိုအခါ ဟုမ်ကျင်းမှာ အိပ်ပျော်နေရာမှ နိုးထလာသည်နှင့် အောက်ဘက်မှ ဆူဆူညံညံ အသံများကို အရင်ဦးစွာ ကြားလိုက်ရသည်။

'ဟာ အောက်ဘက်မှာ ဆူဆူညံညံနဲ့ ဘာတွေဖြစ်နေကြသလဲမသိဘူး ပြတင်းပေါက်က ထွက်ကြည့်လိုက်ဦးမယ်'



ဟုမ်ကျင်းက ထိုသို့ရေရွတ်ပြောဆိုပြီးနောက် ခုတင်ပေါ်မှ ကပျာကယာဆင်းပြီး ပြတင်းပေါက်ဆီသို့ လျှောက်လှမ်းလာသည်။

ပြတင်းပေါက်နားသို့ ရောက်သောအခါ တည်းခိုခန်းရှေ့၌ လူများ ဝိုင်းရံစုပြုံ၍ ရုတ်ရုတ်သဲသဲဖြစ်နေသည်။

ထိုသို့ လူများ ဝိုင်းရံစုပြုံအုံနေသောအလယ်တွင် မိန်းမပျိုလေးတစ်ယောက် ငြိမ်သက်စွာလဲလျောင်းနေသည်ကို ဟုမ်ကျင်းလှမ်းမြင်လိုက်ရပြီး....

'ဟာ....အောက်မှာ မိန်းကလေးတစ်ဦး ဘာဖြစ်နေသလဲမသိဘူး၊ အခြေအနေသိရအောင် သွားကြည့်ဦးမှပဲ'

ပြောဆိုရေရွတ်ပြီးနောက် ဟုမ်ကျင်းမှာ သူ့ အိပ်ခန်းထဲမှ ခပ်သုတ်သုတ်ထွက်လာခဲ့သည်။

သို့ဖြင့် သူ တည်းခိုခန်းရှေ့တွင် စုပြုံဝိုင်းရံလျက်ရှိသော လူစုထံ ရောက်ရှိလာသည်။

သူက ဝိုင်းအုံနေသောလူစုထဲမှ အသက်ငါးဆယ်ခန့်ရှိ လူ

ကြီးတစ်ဦးကို စပ်စုကြည့်လိုက်မိသည်မှာ....

'အစ်ကိုကြီး ဒီမိန်းကလေးဟာ ဘာလို့ဆုံးပါးသွားရတာလဲ ခင်ဗျာ'

လှမ်းမေးလိုက်တော့ ထိုလူကြီးက အံ့သြတုန်လှုပ်ဟန်ဖြင့်....

'အေးကွာ....ငါ့တစ်သက် ဒီတစ်ခါ တအံ့တသြကြုံတွေ့ဖူးတယ်....ဒီမိန်းကလေးဟာ ကျားကိုက်ခံရပြီး သေဆုံးသွားရတာပဲ၊ ဘယ့်နှယ်ကွာ....ဒီလိုမြို့လယ်ခေါင်ကြီးမှာ ကျားကိုက်ခံရတယ်လို့... တချို့ကျတော့လဲ လူကနေ ပြောင်းလဲသွားတဲ့ သမန်းကျား အကိုက်ခံရတာတဲ့....တောင်ပြော မြောက်ပြောနဲ့ကွာ'

မမျှော်လင့်သော ထိုလူကြီး၏စကားကို ကြားလိုက်ရသည့် မုဆိုးကြီး ဟုမ်ကျင်းမှာ မနေ့ညက ကြေးစား မိန်းကလေး နှင့် တွဲသွားသော ကျားမျက်လုံးအစုံပမာ စူးစူးရဲရဲရှိနေသည့် တုယင်း၏မျက်နှာကို မြင်ယောင်မိလိုက်သည်။

ဒါကြောင့် သူသည် စုပြုံဝိုင်းရံနေကြသောလူများကြားအတင်းတိုးဝှေ့၍ အတွင်းသို့ဝင်ရောက်လိုက်သည်။



ဝိုင်းအတွင်းရောက်သောအခါ မုဆိုးကြီးဟုမ်ကျင်းသည် အေးစက်တောင့်တင်းလျက်ရှိသည့် မိန်းကလေးရုပ်အလောင်း၏မျက်နှာကို လှမ်းအကဲခတ်ကြည့်ရှုလိုက်၏။

'ဟင်....ဒါ ဒါ မနေ့ညက ဟိုလူငယ်နဲ့ တွဲထွက်သွားတဲ့ ကြေးစားမယ်မိန်းကလေးပါလား'

သေဆုံးနေသူမှာ မနေ့ညက သူ့စိတ်ဝင်တစားကြည့်မြင်ခဲ့သော ကြေးစားမယ်မိန်းကလေး ဖြစ်ကြောင်း တွေ့လိုက်ရ၍ အံ့သြတုန်လှုပ်သွားရသည်။

သည်နောက် ဟုမ်ကျင်းသည် အသက်ဝိညာဉ်ကင်းမဲ့နေသော မိန်းကလေး၏လည်ပင်းတွင် ခွေးနီကွက်များ စို့ထွက်နေသော ကျားလက်သည်းပေါက်နှစ်ပေါက်တို့ကို တအံ့တသြမြင်လိုက်ရလေ၏။

'ဟာ.... ဒီမိန်းကလေးဟာ မရှက ကျားလက်ပါးချက်နဲ့ သေဆုံးသွားရတာပဲ....၊ သူ့မျက်နှာအမူအရာမှာလဲ အလွန်အမင်းအံ့အားသင့်နေတဲ့ပုံစံပဲ၊ ကျားလက်ဝါးသိုင်းသမား ဒီကိုရောက်နေပြီလား'

ထိုသို့ ဟုမ်ကျင်းမှာ တုန်လှုပ်ချောက်ချားစွာနှင့် ရေရွတ်

တွေးတောမိပြီး သူ၏အာရုံဝယ် မနေ့ညက သေဆုံးသွားခဲ့သော ကြေးစားမယ်မိန်းကလေးနှင့်တွဲသွားသည့် ကျားမျက်လုံးနှင့် တုံ့ယင်း၏ရုပ်သွင်ကို မြင်ယောင်လာမိ၏။

'ဟုတ်မြို့၊ လူငယ်အခြေအနေကို လိုက်လံစုံစမ်းရမယ်၊ နို့မို့ဆိုရင် သူ့ရဲ့ဖောက်ပြန်တဲ့စိတ်ရိုင်းကြောင့် ဒီမြို့တစ်မြို့လုံး လပြည့်ညတိုင်း တုန်လှုပ်ချောက်ချားမှုဘေးဝေဒနာဆိုးခံစားကြရတော့မယ်'

ယင်းသို့ ဟုမ်ကျင်း တွေးတောမိပြီး တုံ့ယင်းနောက်သို့ ခြေရာခံလိုက်ရန်အတွက် တိတိပြတ်ပြတ်တွေးတောဆုံးဖြတ်ချက်ချလိုက်၏။

ထိုအချိန်တွင် မြို့နယ်တပ်မှူးကြီးတို့အဖွဲ့ မြင်းကိုယ်စီစီးနှင့်လျက် အခင်းဖြစ်ပွားရာသို့ ဒုန်းစိုင်းနှင့်လျက် ရောက်ရှိလာလေသည်၊ ဒါကြောင့်မို့ ဟုမ်ကျင်းမှာ ထိုနေရာမှဖဲ့ကြဉ်ထွက်လာခဲ့သည်။

သည်နောက် ဟုမ်ကျင်းသည် ရေမိုးချိုးပြီး တုံ့ယင်းနောက်သို့ခြေရာခံရှာဖွေရန်အတွက် တည်းခိုခန်းမှထွက်ခဲ့လေသည်။



သို့ဖြင့် ဟုမ်ကျင်းမှာ သူ့ရထားလုံးဖြင့် တစ်မြို့လုံးအနှံ့ တုံ့ယင်းကို လိုက်လံရှာဖွေကြည့်မိ၏။

သို့သော် တုံ့ယင်းအား အရိပ်အယောင်ပင်ရှာမတွေ့ရတဲ့ လက်လျှော့ကာ မြို့လယ်ခေါင်ဆီသို့ သူ၏ရထားလုံးကို ပြန်လည်မောင်းနှင်လာလေသည်။

သူမြို့လယ်ခေါင်ရောက်တော့ နေမွန်းတည့်ပြီဖြစ်၏၊ ဒါကြောင့် တကြုတ်ကြုတ်မြည်သံပေးနေသော သူ့ဝမ်းဗိုက်ကို ဖြည့်ဆည်းရန်အတွက် နာမည်ကြီး ပျားရည်မြစ်စားသောက်ဆိုင်ဆီသို့ ဦးတည်မောင်းနှင်လာခဲ့သည်။

စားသောက်ချိန်မို့ထင့်၊ နာမည်ကြီး ပျားရည်မြစ်စားသောက်ဆိုင်သို့ရောက်ရှိသောအခါ စားသောက်သူများနှင့် စည်ကားလျက်ရှိနေပေ၏။

တော်သေးသည်၊ သူ ဆိုင်အတွင်းသို့ရောက်သောအခါ ထောင့်ကျကျစားပွဲမှစားသောက်နေကြသည့်လူတစ်စုက စားသောက်ပြီးထသွားသဖြင့် သူထိုင်စရာနေရာ ရရှိလိုက်ခြင်းဖြစ်သည်။

သည်နောက် ဟုမ်ကျင်းသည် ပါ့ချွက်စိမ်းအရက်တစ်အိုးနှင့် အမြည်းတစ်ပွဲတို့ကို စားပွဲထိုးကိုလှမ်းမှာလိုက်၏။

သိပ်မကြာပါချေ၊ စားပွဲထိုးသူငယ်လေးတစ်ယောက် လင်ဗန်းတစ်ချပ်ဖြင့် သူမှာကြားထားသော အရက်အိုးနှင့်အမြည်းပန်းကန်များ လာရောက်ပို့ဆောင်သွားသည်။

သို့ဖြင့် ဟုမ်ကျင်း စားသောက်နေစဥ်မှာပင် လူငယ်တစ်ယောက် အပြုံးတဝေဝေဖြင့် သူ့စားပွဲနား ရောက်ရှိလာ၏။

မိန်းကလေးအကြောင်း စိတ်မကောင်းစွာဖြင့်တွေးတောနေမှုကြောင့် သူ့စားပွဲနားသို့ ယင်းလူငယ်ရောက်ရှိလာသည်ကို လုံးဝဂရုမပြုမိချေ။

ထိုစဉ် လူငယ်က ခေါင်းငုံ့ကာ အတွေးနယ်ချဲ့နေသော ဟုမ်ကျင်းကို တရင်းတနှီးလေသံဖြင့်လှမ်းခေါ်လိုက်၏။

'ဦးလေးဟုမ်ကျင်း'

လှမ်းခေါ်လာမှုကြောင့် အတွေးနှင့်လွန်နေရသော ဟုမ်ကျင်းမှာ ရုတ်တရက်လန့်ဖျပ်ကာ ခေါ်သူကို ခေါင်းမော့ကြည့်မိရာ...

'ဟာ...မင်း မင်း ကျန်ဆင်ဝေရဲ့သားမဟုတ်လား'



ဟု သူ၏ အခင်မင်ဆုံးမိတ်ဆွေတစ်ယောက်ဖြစ်သော သူငယ်ချင်း ကျန်ဆင်ဝေ၏ ရုပ်အသွင်အပြင်နှင့် ဆင်တူနေသောကြောင့် ထိုသို့ပြောဆိုယှမ်းမေးလိုက်ခြင်း ဖြစ်၏။

ဟုတ်ပါသည်၊ ဟုမ်ကျင်းကို တရင်းတနှီးလာရောက်နှုတ်ဆက်လာမှာ တစ်ခြားသူ မဟုတ်ပါချေ။

ပျားရည်မြစ်စားသောက်ဆိုင်၏ လက်စတောက်သုံခြိုရေးသိုင်းတာဝန်ခံ ကျန်ရင်ကျူးပင်ဖြစ်၏။

ကျန်ရင်ကျူးက ပြုံး၍ ခေါင်းဆတ်ခနဲညိတ်လိုက်ပြီး....

'ဟုတ်ပါတယ်....ဦး၊ ကျွန်တော် ကျန်ဆင်ဝေရဲ့သား ကျန်ရင်ကျူးပါ ဦးလေး၊ ကျွန်တော့်ကိုမြင်တာနဲ့ မှတ်မိသားပဲ'

သည်တွင် ဟုမ်ကျင်းက မတ်တပ်ရပ်လျက်ရှိသော ကျန်ရင်ကျူးထံ အကြည့်ရောက်ရင်း....

'ထိုင်ပါ ကျန်ရင်ကျူး'

'ဟုတ်ကဲ့'

ဟုဆိုကာ ကျန်ရင်ကျူး ရပ်နေရာမှ ဟုမ်ကျင်း၏မျက်နှာချင်းဆိုင် ထိုင်ခုံတစ်လုံးတွင် ဝင်ရောက်ထိုင်၏၊ ထိုအခါ ဟုမ်ကျင်းမှာ အပြုံးယှဲ့ယှဲ့ပြုံးလိုက်ကာ....

'ငါ မင်းကိုမြင်ယုံနဲ့မှတ်မိတာက ငါမှတ်ဉာဏ်ကောင်းလို့မဟုတ်ပါဘူးကွာ၊ မင်းရုပ်ရည်က မင်းအဖေမျက်နှာနဲ့ချွတ်စွတ်တူနေတော့ ငါချက်ချင်းမှတ်မိတာပါကွာ'

'ဦးလေး.... တောထွက်မစွန်းတော့ လာရောင်းတာလား'

'အေး....ဟုတ်တယ်၊ မင်းတို့ ဒီမြို့မှာနေကြမှန်းသိပေမယ့် တယ်မှာနေမှန်းမသိရတော့ ဝင်မရောက်လာနိုင်တာပဲ၊ ဒါနဲ့ မင်းအဖေအမေရော နေထိုင်ကောင်းကြရဲ့လား'

'ကောင်းပါတယ် ဦးလေး....၊ ဒါပေမယ့် ဦးလေးကျန်ပြောင်းတော့ တလောက သူ့ရောဂါနဲ့ဆုံးသွားပြီ'

'အော်....ကျန်ပြောင်းတောင် ဆုံးပါးသွားပြီကိုး'

ခင်မင်ရင်းနှီးကျွမ်းဝင်လျက်ရှိသော မိတ်ဆွေ ကျန်ပြောင်း ဆုံးပါးသွားသည်ကို ကြားသိလိုက်ရသောကြောင့် ဟုမ်ကျင်း စိတ်မကောင်းဖြစ်စွာဖြင့် သက်ပြင်းလေးကြီးတစ်ချက် ချမိလိုက်သည်။

ထိုအချိန်တွင် ပျားရည်မြစ်စားသောက်ဆိုင်သို့ လူငယ် ဇနီးမောင်နှံ နှစ်ယောက် ရွှေလက်တွဲ၍ ပြုံးရွှင်သောမျက်နှာများနှင့် လှမ်းဝင်လာကြ၏။

ယင်းသို့ လူငနီးမောင်နှံ လူငယ်နှစ်ယောက် စားသောက်ဆိုင် လှမ်းဝင်လာသည်ကို ကျောခိုင်းထိုင်နေသော ကျန်ရဲင်ကျူး မမြင်တွေ့သော်လည်း ဆိုင်ဝင်ပေါက်ဆီသို့ မျက်နှာမူကာ ထိုင်နေသော ဟုမ်ကျင်းမှာ လှမ်းမြင်တွေ့လိုက်ရလေသည်။



'ဟုင် ဟို....ဟို သူ ...သူငယ်ပဲလား'

သည်နေ့ တစ်မနက်လုံး ရထားလုံးတစ်စင်းနှင့် မြို့အနှံ့ လိုက်လံရှာဖွေနေသော သူ့ကို အခုမှ မထင်မှတ်ဘဲ ပျားရည် မြစ်စားသောက်ဆိုင်တွင် တွေ့ကြုံလိုက်ရသဖြင့် တအံ့တသြဖြစ် ကာ သူ့နှုတ်မှ အထက်ပါအတိုင်း တုန်ယင်ထစ်ငေါ့စွာဖြင့် ရေရွတ်ပြောဆိုမိလိုက်သည်။

ယင်းသို့ ရုတ်တရက် မုဆိုးကြီးဟုမ်ကျင်းက တအံ့တသြ ရေရွတ်ပြောဆိုရင်း ဆိုင်ပေါက်ဝဆီသို့ လှမ်းကြည့်နေသည်ကို ကျန်ရဲင်ကျူး တွေ့မြင်ရ၍နောက်ဘက်သို့ ကပျာကရာခေါင်း လှည့်ကြည့်မိလိုက်၏။ ထိုအခါ သူ့ပါးစပ်မှလည်း တအံ့တသြ ရေရွတ်ပြောဆိုလိုက်မိသည်မှာ....

'ဟွင်....တုံယင်းနဲ့ ရှိဝေဆောင်းတို့ပါလား'

သည်တွင် မုဆိုးကြီးဟုမ်ကျင်းက ပျားရည်မြစ်စားသောက် ဆိုင်ထဲသို့ ရွှေလက်တွဲကာ ရယ်ရယ်မောမော လှမ်းဝင်လာကြ သည့် လူငယ်တစ်ဦးနှင့် ဇနီးနာမည်ကို ကျန်ရဲင်ကျူး ရေရွတ် ပြောဆိုသံ ကြားလိုက်ရသောကြောင့် လှုပ်လှုပ်ရှားရှား ဖြစ် သွားရဲ့ပြီ ....

'ကျန်ရဲင်ကျူး မင်း....မင်း အခုဝင်လာတဲ့ ဇနီးမောင်နှံ နှစ်ယောက်ကိုသိသလား'

လှမ်းမေးလာသဖြင့် ကျန်ရင်ကျူးမှာ မုဆိုးကြီးဟုမ်ကျင်း ဘက်ဆီသို့ မျက်နှာမူလာရပြီး ခေါင်းဆတ်ကာနဲ့ ညိတ်လိုက်ကာ....

'ယူ့ကို သိပ်သိတာပေါ့ ဦးလေးရာ'

'ဟုတ်လား ဒါဆို သူတို့ဟာ ဘယ်သူတွေတုန်း'

'ယောကျာ်းလေးက ပန်ကူးမြို့က သူကြွယ်ကြီး တုံထိုက်ချီရဲ့ တစ်ဦးတည်းသောသား မိန်းကလေးက တစ်ချိန်တုန်းက ကျွန်တော်အသည်းနစ်အောင် ချစ်ခဲ့ရကဲ့ ချစ်သူရီဝေဆောင်း ဒီမြို့က ရတနာကုန်သည်ကြီး ရီဝေကျောင်းရဲ့ တစ်ဦးတည်းသောသမီးဆိုပါတော့ အခုတော့ ရွှေရွှေချင်းထပ်၊ ငွေငွေချင်းထပ်ဟော့ မြတ်တာပေါ့လေ။ ကျွန်တော့်တဂကလူငမွဲ ဆင်းရဲသားဆိုတော့ ရီဝေဆောင်းသာ ကျွန်တော်ခိုးပြေးရာနောက် လိုက်ပါခဲ့ရင် အခုဆို ဆင်းရဲနွမ်းပါးမှုဒဏ်ကြောင့် မနေတတ်မထိုင်တတ် အတော်လေး စိတ်ဆင်းရဲရမယ် ထင်ပါတယ်'

ထိုစကားကြားမှ ပိုက်ရဲပြီးနောက် အသည်းကွဲနေသော ကျန်ရင်ကျူး ထံ မုဆိုးကြီးဟုမ်ကျင်း အကြည့်ရောက်ပြီး....

'နေစပ်းပါဦး မင်းခိုးပြေးရာနောက် ကို အဲဒီမိန်းကလေး လိုက်မပါတာ မင်းချိန်းတဲ့ဆီကို သူမလာလို့လား'

စိတ်ဝင်တစားလှမ်းမေးလာတော့ ကျန်ရင်ကျူးမှာ ကြေ



ကွဲရိုက်ရစ်သမ်းနေသော အပြုံးဖြင့် ခေါင်းတစ်ချက် ခါယမ်းလိုက်ရင်း....

'သူက လာပါတယ် ကျွန်တော်သာ သူချိန်းတဲ့ဆီမရောက်နိုင်ခဲ့တာပါဦးလေး'

'ဟော... နေစမ်းပါဦး မင်းကသူ့ကိုချိန်းပြီး ချိန်းတဲ့ဆီမရောက်ရတာလဲ'

'ကံကြမ္မာဆိုးချင်တော့ အဲဒီအချိန်မှာ ချိန်းဆိုထားတဲ့မနက်မှာပဲ သူ့ဆီခိုးပြေးမယ်လို့ကြံရွယ်ထားတဲ့ ဦးလေးကျန်ပြောင်းဆုံးသွားပြီဆိုတဲ့ သတင်း ပန်ကူးလူကြုံဆီကရောက်လာတယ်လေ၊ ဒီတော့ သာရေးထက်နာရေးကိုဦးစားပေးပြီး ကျွန်တော်ပန်ကူးမြို့ကို ဒုန်းစိုင်းပြေးရတာပေါ့၊ အဲဒါကြောင့် ကျွန်တော်ချိန်းပြီးမရောက်လို့ ချစ်သူရီဝေဆောင်းဟာ ကျွန်တော့်အပေါ် မုန်းတီးစိတ်နာပြီး သူ့မိဘတွေသဘောတူတဲ့ သူကြွယ်သား တုံယင်းနဲ့ အလောသုံးဆယ်လက်ထပ် လိုက်တော့တာပါပဲ'

ထိုအချိန်တွင် တုံယင်းနှင့် ရီဝေဆောင်းတို့မှာ ခပ်လှမ်းလှမ်းစားပွဲထိုးဝိုင်း၌ ထိုင်ကာရယ်မောပျော်ရွှင်စွာစားသောက်နေကြ၏။

ယင်းအခြေအနေကို လှမ်းမြင် တွေ့လိုက်ရသော ကျန်ရင်ကျူးမှာ ဆို့နစ်ကြေကွဲစွာ ခံစားနေရသည်။

တင်ပင် သူ့အားထိုသူနှစ်ယောက်တို့သည် ပျားရည်မြစ်စားသောက်ဆိုင်လာရောက်၍ အရွဲ့တိုက်နေခြင်းမှာ ကျန်ရင်ကျူးတစ်ယောက်အလိုလိုသဘောပေါက်နားလည်မိပါသည်။

တကယ်တော့တည်း နာကြည်းခံပြင်းစိတ်ဖြင့် ရီဝေဆောင်တစ်ယောက် သူ့အားအရွဲ့တိုက် ရယ်မောပျော်ရွှင်ပြနေသည်ကို ကျန်ရင်ကျူးအပြစ်မကာင်လိုပါ၊ အမှန်တော့သူဆိုးခြားလှသည့်ကံကြမ္မာတို့သာ အပြစ်ပုံတင်မိနေတော့သည်။



'ရီဝေဆောင်းတော့ ကံကောင်းသွားပါပြီဦးလေး'

ကျန်ရင်ကျူး ထိုသို့ကြေကွဲသံဖြင့် ရေရွတ်ပြောဆိုမိလိုက်လေသည်၊ ထိုစဉ် တုံယင်းသအကြည့်စူးစိုက် ရောက်လျက်ရှိသော ဟုမ်ကျင်းက သက်ပြင်းမောကြီးတစ်ချက် ချလိုက်ပြီးနောက်....

'ကျန်ရင်ကျူး မင်းချစ်သူဟောင်း ရီဝေဆောင်းဟာ ကံကောင်းတာမဟုတ်ဘူးကွ၊ အကြီးအကျယ် ကံဆိုးမိုးမှောင်ကျနေပြီကွ အဲဒါမင်းသိရဲ့လား'

လုံးဝမထင်မှတ်သောစကားကို ကျန်ရင်ကျူး ကြားလိုက်ရသဖြင့် မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်သွားရပြီး....

'ဦး ဦးလေး ဘာကြောင့် ရီဝေဆောင်းကံဆိုးမိုးမှောင်ကျရမှာလဲ'

'အေး မင်းသိအောင် ငါပြောပြမယ်....အခု ရီဝေဆောင်းလက်ထပ်ယူကားတဲ့လူဟာ သိုင်းဝိဇ္ဇာ ပညာထူး တစ်မျိုးကို တတ်မြောက်ထားလို့ပါပဲ'

ထပ်ဆင့်စကား ကြားလိုက်ရသောကြောင့် ကျန်ရင်ကျူးမှာ မျက်မှောင်တွန့်သွားရပြီး နားမလည်နိုင်စွာဖြင့် ဟုမ်ကျင်းကိုစိုက်ကြည့်ရင်း....

'သူ....သူ ဘယ်လိုသိုင်းဝိဇ္ဇာပညာထူးမျိုးကို တတ်မြောက်ထားတာလဲ ခင်ဗျာ'

'မင်း....မင်းကို ဒီအကြောင်းပြောပြလို့ရှိရင် လက်တွေ့မပြနိုင်တော့ ငါ့စကားကို ယုံကြည်ဆန်ဆန် ဒဏ္ဍာရီဆန်ဆန် ယုံမှာမဟုတ်ဘူး၊ ဒါနဲ့ ဒီနေ့ သီရိဇေယျာတည်းခိုခန်းမှာ ကြေးစား

မယ်တစ်ယောက် အသတ်ခံလိုက်ရတဲ့သတင်း မင်းကြားလိုက်ရမှာပေါ့'

'အာ....ဟုတ်တယ် ကြားလိုက်ပါတယ်၊ ဒါပေမယ့် ဦးလေးရယ်....ဒီလောက် လူထူထပ်တဲ့ မြို့လည်ခေါင်မှာ ကျားကိုက်ခံရပြီး သေဆုံးရတယ်ဆိုတာ မဖြစ်နိုင်တာပဲ၊ ကျွန်တော့်အထင်ပြောရရင် ကြေးစားမယ်တွေက လိုင်ကာစ္စရုပ်ထွေးလုန်းတော့ သိုင်းသမား တစ်ယောက်ယောက်က ကျားလက်ဝါးလက်နက်နဲ့ လုပ်ကြံသတ်ဖြတ်ပြီး ပစ်ထားခဲ့တာပဲ နေမှာပေါ့'

'အေး....အဲဒီကြေးစားမယ်လေး အသတ်မခံရခင် ညပိုင်းက ငါ ညဥ့်ငှက်ပျော်ပွဲစားရုံမှာ ရှိနေတယ်....အဲဒီကြေးစားမယ်လေးက ညကဘယ်သူနဲ့တွဲနေတယ် ထင်သလဲ'

လှမ်းမေးလိုက်တော့ ကျွန်ရင့်ကျူးက မသိမသာ ခေါင်းတစ်ချက်ခါယမ်းပြီး

'ကျွန်တော် မသိပါဘူး'

'ဘယ်သူမှမဟုတ်ဘူးဟေ့ အခု မင်းချစ်သူဟောင်း လက်ထပ်ယူထားတဲ့ တုယင်းနဲ့ တွဲနေတာ ငါမျက်စိနဲ့ တပ်အပ်မြင်ခဲ့ရတယ်၊ ပြီးတော့ သူတို့နှစ်ယောက် ညဥ့်ငှက်စားသောက်ဆိုင်ထဲက တွဲထွက်သွားတာပဲ'

'ဟင်....ဒီကောင် ခြေရှုပ်နေတာကို ရီဂေဆောင်းမသိဘူးနဲ့တူတယ်'

'မသိလို့ပေါ့ကွာ၊ ဒီည လသာညမှာလဲ အဲ့ဒီလို ကျားစွယ်ဒဏ်ရာနဲ့ လူတစ်ဦး သေရဦးမယ်'



'ဗျာ....ဒီညလဲ လူတစ်ဦး သေဦးမယ်ဟုတ်လား'

'ဟုတ်တယ်၊ လပြည့်ညတွေမှာ သူ့အန္တမပြည့်ဝရင် လူတစ်ယောက်ကို ဒုက္ခရှာရဦးမှာပဲ'

'ဦးစကားတွေကို ကျွန်တော် နားမလည်နိုင်အောင်ဖြစ်နေရပြီ'

'အေး....နားလည်သွားအောင်၊ ပြီးတော့ တုယင်းဟာ ဘာခေါ်ဝိဇ္ဇာအသတ်ပညာသိုင်းတစ်ခုကို တတ်မြောက်သွားတယ်ဆိုတာ သိရအောင် မင်းကို လျှို့ဝှက်နက်နဲသော ပညာရပ်များ၏ သော့တံကျမ်းလို့ အမည်ရတဲ့စာအုပ်ပေးဖတ်မယ်၊ အရင်ဆုံး ငါစာရွက်သေးသေးလေးနဲ့ ကြားညှပ်ထားတဲ့ လပြည့်ညဝိညာဉ်ပြောင်း မိစ္ဆာကျားအသွင်ရောက်နည်းဆိုတဲ့ သိုင်းဝိဇ္ဇာပညာရပ်အကြောင်းကို ဖတ်ကြည့်ပါ၊ မနက်ဖြန် ကျရင် ဒီနေရာမှာပဲ မင်းနဲ့ငါ ဆုံကြတာပေါ့'

ယင်းသို့ မုဆိုးကြီးဟုမ်ကျင်းက ပြောဆိုပြီးနောက် သူ့အိတ်တွင်းမှ ကျမ်းစာအုပ်တစ်အုပ်ကိုနှိုက်ယူ၍ ကျွန်ရင့်ကျူးထံ ပေးလိုက်၏၊ ဒီနောက် ကျွန်ရင့်ကျူးမှာ မုဆိုးကြီးဟုမ်ကျင်းထံမှ လျှို့ဝှက်နက်နဲသော ပညာရပ်များ၏ သော့တံကျမ်းစာအုပ်ကို လှမ်းယူလိုက်၏၊ ပြီးလျှင် ကျွန်ရင့်ကျူးမှာ ထိုင်ရာမှ ထလိုက်ပြီး

'ဦးလေး ကျွန်တော့်မှာ လုပ်ဆောင်စရာကိစ္စလေးတွေရှိလို့ သွားခွင့်ပြုပါဦး'

သည်တွင် မုဆိုးကြီးဟုမ်ကျင်းက ခေါင်းဆတ်ကနဲညိတ်လိုက်ပြီးနောက်....

'အေး....အေး မနက်ဖြန် ငါနဲ့မင်း ဒီမှာဆုံကြမယ်နော်'

'ဟုတ်ကဲ့ ဦးလေး'

ဟု ဆိုကာ ဦးတစ်ချက်ညွတ်ပြီးနောက် ကျန်ရင်ကျူးတစ်ယောက် မုဆိုးကြီးဟုမ်ကျင်းစားပွဲမှ ကျောခိုင်းထွက်ခွာသွားလေ၏၊

ထိုအခါ မုဆိုးကြီးဟုမ်ကျင်းသည် တုံယင်းတို့စားပွဲထံလှမ်း အကဲခတ်ကြည့်ရှုလိုက်လေ၏။

ထိုစဉ် သူ့စားပွဲမှ ကျောခိုင်းထွက်ခွာသွားသော ကျန်ရင်ကျူးမှာ တုံယင်းလှမ်းခေါ်သဖြင့် တုံယင်းတို့စားပွဲထံ ရောက်ရှိသွားသည်ကို မုဆိုးကြီးဟုမ်ကျင်း လှမ်းမြင်တွေ့လိုက်ရ၏။

'အင်း....ကျန်ရင်ကျူး တကယ့်မိစ္ဆာကျားဆိုးကြီးက မင်းတို့နားမှာ ရောက်နေတာကို မသိကြပဲကိုး၊ မနက်ဖြန်ဆိုရင် ငါ့စကားကို လက်ခံနားလည် သဘောပေါက်လာမှာပါ'

ယင်းသို့ သူ့ရေရွတ်ပြောဆိုပြီးနောက် နံနက်စာ စားသောက်ပြီး အနားယူရန်အတွက် သီရိဇေယျာ တည်းခိုခန်းဆီသို့ ပြန်လာခဲ့၏။

နောက်တစ်နေ့တွင် မုဆိုးကြီးဟုမ်ကျင်းနှင့် ကျန်ရင်ကျူးတို့ ပျားရည်မြစ်စားသောက်ဆိုင်အတွင်းရှိစားပွဲဝိုင်းတစ်ဝိုင်းမှာ ပြန်လည်ဆုံမိကြလေ၏။

ယည်ကနေ့ကတော့ ကျန်ရင်ကျူးမှာ အနားရသည့်နေ့မို့ အလုပ်မဝင်ရဘဲ အားလပ်လျက် ရှိနေပေသည်၊

သည့်တွင် မုဆိုးကြီးဟုမ်ကျင်းက ကျန်ရင်ကျူးထံအကြည့်



ရောက်ရင်း....

'ကျန်ရင်ကျူး ငါပေးတဲ့ကျမ်းစာအုပ်ကို မနေ့ကဖတ်ပြီးပြီလား'

လှမ်းမေးလိုက်တော့ ကျန်ရင်ကျူးက ခေါင်းဖြတ်ကနဲ့ ညိတ်လိုက်ပြီး....

'ဖတ်ရှုပြီးပါပြီ၊ ဒါဆို တုံယင်းဟာ မရဏသိုင်းကျင့်စဉ်ကို ကျွမ်းကျင်တတ်မြောက်ထားတာပေါ့'

စိတ်ဝင်တစား လှမ်းမေးလာသဖြင့် မုဆိုးကြီးဟုမ်ကျင်းက အပြုံးယဲ့ယဲ့ပြုံးလိုက်ရင်း....

'ဒါမှမဟုတ် တတ်မြောက်ကျွမ်းကျင်တဲ့လူ တစ်ဦးဦး စီမံထားတဲ့ဆေးကို သောက်မိတဲ့ အစမ်းသပ်ခံလူလဲဖြစ်နိုင်တယ်၊ မင်း ဟိုနေ့က သူ့ရဲ့မျက်လုံးအစုံကို အကဲမခတ်ကြည့်မိဘူးလား'

ယင်းစကားကြောင့် ကျန်ရင်ကျူးမှာ ကျားမျက်လုံးအစုံကဲ့သို့ စူးရဲလက်နေသည့်ကို ဂရုထားမိလိုက်သဖြင့် ခေါင်းဆတ်ကနဲ ညိတ်လိုက်မိပြီး....

'အာ....ဟုတ်တယ်ဦးလေး၊ သူ့ရဲ့မျက်လုံးဟာ ကျားတစ်ကောင်မျက်လုံးလို စူးရဲတောက်လက်နေတယ်၊ ပထမကျွန်တော့်အထင်က အဲဒီလူရဲ့အတွင်းအား အတော်မြင့်မားတယ်လို့ထင်မိတာ၊ ဦးလေးရဲ့ ကျမ်းစာဖတ်လိုက်ရတော့မှ ကျားမာန်အတွင်းအား စိတ်ကြွဆေးသောက်ထားတဲ့လူတွေရဲ့ လက္ခဏာဖြစ်ရှုမိမှ သူ့မျက်လုံးထူးခြားနေရတဲ့အကြောင်း သိရှိလိုက်ရတာပဲ'

'အေး....ဟုတ်တယ် ကဲ....ဒီနေ့တော့ ဘယ်သူဒုက္ခရောက်သွားသလဲဆိုတဲ့ သတင်း ကြားလိုက်ရသလဲ'

သူ ကြားသိလာခဲ့ပြီဖြစ်သော်လည်း ကျွန်ရင်ကျူး ကြားကြားသိလို၍ တမင်လှမ်းမေးလိုက်ခြင်းဖြစ်လေ၏။ ဒီတွင် ကျွန်ရင်ကျူးမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားရပြီး....

'ဟာ....ဦးလေး၊ ဒီနေ့ကြေးစားမယ်တစ်ယောက် ကျားကိုက်ခံရပြီး သေဆုံးသွားရပြီ၊ ဒါ....ဒါဆို ရိပ်ဝေဆောင်းအတွက် တစ်နေ့ဒုက္ခရောက်တော့မှာပဲ'

စိုးရိမ်တကြီးလေသံဖြင့် ပြောဆိုသာသော ကျွန်ရင်ကျူး၏ စကားသံကို မုဆိုးကြီးဟုမ်ကျင်း ကြားသိလိုက်ရပြီး အပြုံးယဲ့ယဲ့ ပြုံးလိုက်ကာ....

'မင်း ရိပ်ဝေဆောင်းအပေါ် သံယောဇဉ်မကုန်နိုင်သေးဘူးကိုး၊ ကဲ....ဒီလိုလုပ်ပါ ကျွန် ရိပ်ဝေဆောင်းကို သူ့ယောကျ်ားမသိအောင် တစ်နေရာမှာ ဆုံတွေ့ဖို့ ဖန်တီးနိုင်မလား'

ပြောလိုက်တော့ ကျွန်ရင်ကျူးမှာ မျက်မှောင်ကြုတ်၍ တစ်ချက်တွေးတောစဉ်းစားလိုက်ပြီးနော....

'ဟာ....ဦးလေး ဒီလိုလုပ် ဒီအတိုင်းဆိုရင် သူ့ယောကျ်ားဟာ လသာညမှာ အပြင်ထွက်လေ့ရှိတယ်ဆိုတော့ ဒီညလဲ လသာဦးမယ်ဆိုတော့ တုံယင်းအပြင်ထွက်ဦးမှာပဲ'

'အေး....ဟုတ်တယ်'

'ဒီတော့ ဒီညပိုင်းပဲ ဦးလေးနဲ့ကျွန်တော်တို့ရိပ်ဝေဆောင်းဆီသွားကြပြီး၊ ဒီကိစ္စဖွင့်ဟပြောပြလိုက်မယ်၊ ဟုတ်မဟုတ်ဆိုကာတော့ သူ့ယောကျ်ား အခြေအနေ သူလေ့လာကြည့်မှာပေါ့'



'အေး....မင်းအကြံကောင်းတယ်'

မုဆိုးကြီးဟုမ် ကျင်းမှာ ကျွန်ရင်ကျူးပေးလာမည့်အကြံကို ခေါင်းညိတ်ထောက်ခံလိုက်လေ၏။

ထိုစဉ် ကျွန်ရင်ကျူးမှာ လျှို့ဝှက်နက်နဲသော ပညာရပ်များ၏ သော့တံ ကျမ်းစာအုပ်ကို မုဆိုးကြီးဟုမ်ကျင်းထံလှမ်းပေးရင်း....

'ဦးလေး ကျမ်းစာအုပ်ပြန်သိမ်းထားပါဦး ဒီကျမ်းစာအုပ်ဟာ အင်မတန် အဖိုးတန်တဲ့စာအုပ်ပဲ၊ ဒါပေမယ့် ဒီပညာရပ်တွေ ဒုစရိုက်သမားလက်ထဲရောက်သွားရင် အတော်ကြောက်စရာကောင်းမှာပဲ'

ထိုအခါ မုဆိုးကြီးဟုမ်ကျင်းက ခေါင်းညိတ်လိုက်ပြီး....

'ဟုတ်တယ်၊ ကျွန်ရင်ကျူး ဒါကြောင့် ဒီကျမ်းစာအုပ်ကို တော်ရုံလူ မပေးတာပေါ့ကွ၊ ကဲ....ငါတို့ညီ ရိပ်ဝေဆောင်းအိမ်သွားကြဖို့ ဘယ်မှာဆုံကြမလဲ'

လှမ်းမေးလိုက်တော့ ကျွန်ရင်ကျူးက မုဆိုးကြီးဟုမ်ကျင်း၏ထံ အကြည့်ရောက်ရင်း....

'ဒီပျားရည်မြစ်စားသောက်ဆိုင်မှာပဲ ညနေစောင်းဆုံတွေ့ကြတာပေါ့၊ ညနေ စားသောက်ပြီး ကျွန်တော်တို့ ရိပ်ဝေဆောင်းတို့အိမ်ဂေဟာကို ယွန်းကြတာပေါ့'

'အေး....အေး ကောင်းပါတယ်'

'ကဲ.... ဒါဆို ကျွန်တော် တာဝန်အနားရဲတုန်း အိမ်ပြန်လိုက်ဦးမယ်'

'အေးကွာ....ငါတို့ ဒီကိစ္စ ပြီးပြတ်မှဘဲ မင်းအဖေဆီ ဦး လာခဲ့မယ်လို့ ပြောလိုက်ပါကွာ'

'ဟုတ်ကဲ့....ဦးလေ'

သည်နောက် သူတို့နှစ်ဦး ပျားရည်မြစ်စားသောက်ဆိုင်မှ လမ်းခွဲလိုက်ကြလေတော့သတည်း။

* *

အခန်း (၂၀)

## လူ၀ကြီးရဲ့ စေတနာ

---

ရီ၀ေဆောင်းသည် မနက်မိုးလင်းမှအိမ်သို့ ပြန်ရောက်လာပြီး ခုတင်ထက်ပေါ်၀ယ် မှောက်ခုံကြီး နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသော လင်တော်မောင်ဖြစ်သူ တုံယင်း၏ စိတ်မသက်သာစွာ စိုက်ကြည့်ရင်း သက်ပြင်းလေးကြီးတစ်ချက်ချမိသည်။

အမှန်သော့ ရီ၀ေဆောင်းမှာ မနေ့ညက မမျှော်လင့်ဘဲ သူမချစ်သူဟော်ဘင်း ကျွန်ရင်ကျူးနှင့် မုဆိုးကြီးဟုမ်ကျင်းတို့ လာရောက်၍ သူ့ခင်ပွန်းတုံယင်းနှင့်ပတ်သက်သည့် အံ့ဩတုန်

လှုပ်ကြောက်ရွံ့ဖွယ်ကောင်းသည့်အကြောင်းကို ထုတ်ဖော်ပြောလာသဖြင့် ကြား၍သိခဲ့ရပြီး လပြည့်သည့်တိုင်း အပြင်ထွက်ကာ မနက်မိုးလင်းတိုင်မှ ပြန်လာလေ့ရှိသော လင်ယောကျ်ားအပေါ် သံသယဝင်လာမိ၏။

ကျန်ရင်ကျူးတို့ လာရောက်ပြောဆိုကြသည့်စကားကို သူမယုံကြည်လက်ခံခြင်းမရှိသော်လည်း အခု လပြည့်သည့်တိုင်း သူမခင်ပွန်း တိုယင်းမှာ ထူးထူးခြားခြား တစ်ညလုံးထွက်လည်နေပြီး နံနက်မိုးလင်းတိုင်မှ ပြန်ရောက်လာသည်ကို ကိုယ်တွေ့ကြုံနေရသဖြင့် သူ့ခင်ပွန်းအပေါ် သံသယအနည်းငယ်ဝင်လာမိ၏။

အခုလဲကြည့်လေ၊ သူမခင်ပွန်းမှာ မနေ့ညတစ်နေလုံး ဘယ်လျှောက်သွားနေသည်မသိ၊ မနက်မိုးလင်းကိုင်မှ အိမ်သို့ပြန်ရောက်လာပြီး ခုတင်ထက်ဝယ် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေချေပြီ။

အခုတလော ညတိုင်းညတိုင်း ဘာထွက်လုပ်ရသလဲဟု သူမမှာ သူမလင်တော်မောင်ယံမေးကြည့်တော့ မယ်မယ်ရရအဖြေပေါ်မလာချေ၊ သူ့သူငယ်ချင်းအိမ်မှာ သွားအိပ်သည်ဟူ၍သာ အဖြေပေးလာ၏။

ဒါကြောင့်မို့ သူမမှာ သည်ညတွင်လည်း လပြည့်ဝန်းစွာသာဦးမည်ဖြစ်၍ သူမခင်ပွန်းမှာ ညထွက်လည်မည်မှာသေချာ၏၊ သို့သော် မနေ့ညက ကျန်ရင်ကျူးနှင့် မုဆိုးကြီးဟုမ်ကျင်းတို့ ပြောဆိုသွားကြသည့် ထူးဆန်းသောကျားသိုင်းပညာတတ်မြောက်ထားသည်ဟု စွပ်စွဲပြောဆိုသွားသည်ကို ဟုတ်မဟုတ်



သူ့ယောကျ်ား၏ခြေအနေအား လေ့လာချောင်းမြောင်းကြည့်ရှုရန် တွေးတောဆုံးဖြတ်ပြီးဖြစ်၏။

သို့ဖြစ်၍ ညနေစောင်းသည်နှင့် သူမတို့၏ အိပ်ခန်းပြတင်းပေါက် တံခါးများကို သော့ခတ်ကာ ပိတ်ထားလိုက်လေသည်။

သူမတို့၏ အိပ်ခန်းမှာ ပေါက် တံခါးမကြီးတစ်ခုသာ ဖွင့်ဟထား၏၊ အခုထက်ထိ သူမ၏ခင်ပွန်းမှာ အိပ်မောကျနေရာမှ နိုးလာခြင်းမရှိသေးချေ။

သူမကလည်း ကမင်မနိုးဘဲထားလိုက်၏။

ထို့နှင့် တစ်နေ့တာကုန်ဆုံးသွားပြီး ညအမှောင်သို့ရောက်ရှိလာလေသည်၊ သည်ကနေ့လည်း ညမဟူရာကောင်းကင်ပြင်၌ သော်တာလမင်းကြီးမှာ ထိန်ထိန်သာသွန်းလျက်ရှိနေသည်။

သို့ဖြင့် ညဉ့်နာရီပေါင်း ဆယ့်တစ်ချက်တီးအချိန်သို့ရောက်သောအခါ တစ်နေ့ကုန် အိပ်ပျော်နေသော တိုယင်းမှာ အိပ်ရာမှ နိုးထလာပြီး ရေမိုးချိုး အဝတ်လဲလှယ်လိုက်လေသည်။

ပြီးနောက် တိုယင်းမှာ သူ့အခြေအနေသူသိ၍ အိပ်ခန်းထဲမှ လှမ်းထွက်မည်အပြု ရှီပေဆောင်းက သူမခင်ပွန်း ညာလက်တစ်ဖက်ကို ဖမ်းဆွဲလိုက်ပြီး....

'အစ်ကို...ဒီညလဲ ဘယ်သွားဦးမှာလဲ'

လှမ်းမေးလာတော့ တိုယင်းမှာ အပြုံးတစ်ချက်ပြုံးလိုက်ကာ...

'အစ်ကို့ သူငယ်ချင်းတစ်ယောက်နဲ့ အလုပ်ကိစ္စဆွေးနွေးဖို့ ချိန်းထားတယ် ညီမရဲ့'

'အို....အစ်ကိုရယ်၊ နောက်နေ့မနက်မှသွားပါလား၊ အချိန်လဲမရှိတော့ဘူးလေ၊ အခုတလော အစ်ကို ညဘက်အိမ်ကပ်တယ်မရှိဘူး၊ တစ်ညတစ်လေ ညီမနဲ့နေပါဦး အစ်ကိုရယ်'

ပြောလိုက်တော့ တုံယင်းသည် လှမ်းလက်စခြေလှမ်းများ ရပ်လိုက်ပြီး....

'ညီမ....အခုသုံးလေးရက်သော့ ညဘက်ထွက်တာ ခွင့်ပြုပါကွာ၊ နောက်ပိုင်း အစ်ကို ဘယ်မှမထွက်တော့ပါဘူး'

'ထိုင်ပါဦး အစ်ကိုရယ်'

ဟုဆိုကာ သူမမှာ တုံယင်းကို ခုတင်ပေါ်သို့အတင်းဆွဲခေါ်သွားလေသည်၊ တုံယင်းမှာ ရီဝေဆောင်း အဘင်းဆွဲခေါ်မှုကြောင့် ခုတင်ပေါ်သို့ တွန့်ဆုတ်တွန့်ဆုတ် ပါသွားရသည်။

ဤသို့ ရီဝေဆောင်း အချိန်ဆွဲ ပိုက်မှုကြောင့် အချိန်မှာ နာရီမောင်း ဆယ့်နှစ်ချက်တီးထိုးကာနီး အချိန်ရောက်လာသည်၊

ထိုအခါ တုံယင်း၏တစ်ကိုယ်လုံး၌မှာ မခံမရပ်နိုင်အောင် အသွေးအသားများ ဆူပွက်လှုပ်ရှားလာ၏။

ယင်းအခြေအနေကို လှမ်းရိပ်စားမိသောသူမမှာ တုံယင်းကို ခုတင်ပေါ်ထားရစ်ပြီးနောက်....

'အစ်ကို.... ညီမ အစ်ကိုအတွက်ခုခုစားဖို့ သွားယူလိုက်ဦးမယ်'



ဟုဆိုကာ အိပ်ခန်းထဲမှ ခပ်သုတ်သုတ်လှမ်းထွက်လာခဲ့လေသည်၊ တံကယ်တော့ ရီဝေဆောင်းမှာ အကြံနှင့်လှမ်းထွက်လာသည်မို့ အိပ်ခန်းအပြင်သို့ရောက်သောအခါ အိပ်ခန်းတံခါးကို ဝုန်းခနဲပိတ်လိုက်၏၊

ထိုအချိန်မှာပင် ညဉ့်ယံလွန်ကိုထိုးဖောက်လျက် နာရီမောင်း ခေါက်သံ ဆယ့်နှစ်ချက်တိတိကို ပီပီပြင်ပြင်ထွက်ပေါ်လာသည်၊

'တုံ ... တုံ တုံ....'

ထိုအခိုက် တုံယင်းမှာ မခံမရပ်နိုင်အောင် ဝေဒနာဆိုးများခံစားလာရပြီး ခုတင်ပေါ်တွင် လူးလိမ့်လျက်ရှိနေပေ၏၊ ယင်းအခြေအနေကို ရီဝေဆောင်းမှာ အခန်းတံခါးပေါက်ဝမှနေ၍ ချောင်းမြောင်းကြည့်ရှုကာ တုံယင်းအခြေအနေအား လှမ်းအကဲခတ်နေမိ၏။

တုံယင်းမှာ ခုတင်ပေါ်မှ ကပျာကရာထ၍ အခန်းတံခါးကို တွန်းဖွင့်သည်၊

'တင်....ငါ့ငါ့ကို အပြင်ကနေတံခါးပိတ်သွားပါလား၊ ဒုက္ခပဲ့....ဒုက္ခပဲ၊ ပြတင်းပေါက်တံခါးကနေထွက်မှပဲ'

ယင်းသို့ တုံယင်း ရေရွတ်ပြောဆိုပြီးနောက် ပိတ်ထားသော ပြတင်းပေါက်များဆီ လိုက်လံ၍ တံခါးတွန်းဖွင့်လသည်၊

ထိုအခါ ပြတင်းပေါက်တံခါးအားလုံး သူ ဖွင့်၍မရဖြစ်နေရသဖြင့် သူ အံ့သြတုန်လှုပ်သွားရ၏။

သို့နှင့် မပြည့်ည သန်းခေါင်ကျော်လာသည်မို့ သူသောက်

ထားသော ကျူးမာန်အတွင်းအားစိတ်ကြွသေး ဘန်ခိုးအာနိသင်က ပြလာပေသည်။

'အူး အီး အီး အား'

'ဝေါင်း'

တစ်ချက်အော်သိုက်ပြီးနောက် ဝိုက်ဝါးခဲသော ပြာင်းပေါက်တခါးကို သူ၏ညာလက်ကြီးဖြင့် ပုတ်ရိုက်ချပိုက်သောသည်။

ထိုနောက် ဖွင့်ဟသွားသောပြာင်းပေါက်မှ ခုန်ပျံထွက်သွားလေတော့သည်။



နံနက်မိုးလင်းလင်းချင်းပင် ရီဝေဆောင်းမှာ ထိတ်ထိတ်ပျာပျာဖြင့် ပျားရည်မြစ်စားသောက်ဆိုင်သို့ ရောက်ရှိလာ၏။ ဒါပေါကြောင့်မို့ ထိုဆိုင်၏ လက်ဖက်သောက်သုံးခြုံရေးဝိုင်းတခုဝန်းခံ ကျန်ရင်ကျူး တအံ့တသြဖြစ်စွာဖြင့် ရီဝေဆောင်းထံ အကြည့်ရောက်ချင်း....

'ညီမ.... အစ်ကိုသိ စောစော စီးစီးရောက်လာတာ ဘာကိစ္စလဲ'

မေးလာတော့ သူမမှာ မနေ့ညသန်းခေါင်ကျော်ခန့်က တင်းတောင်း၏အခြေအနေကို တုန်လှုပ်ချောက်ချားစွာဖြင့် ရင်ဖွင့်ပြောပြလိုက်လေသည်။

'ဒီနေ့နက်လဲ မိန်းမတစ်ယောက် ကျားပုတ်ခံရပြီး သေသွားရပြန်ပြီလေ'

'သူပဲ အဲဒီမိန်းကလေးဟာ သူ့ကျားဆိုင်းလက်ပါးဓာတ်ခံလိုက်ရတာပဲ ဖြစ်ရမယ်၊ တော်ကြာ ညီမတို့ဒုပါ ရန်ရှာလာဦးမယ်'

'လာ ဒါဆို ဦးဓားဟုမ်ကျင်းရှိတဲ့ သီရိဇေယျာဘည်းခိုခန်းကို သွားပြီး ဒီကိစ္စကိုဖွင့်ပြောပြမှ ဖြစ်မယ်'

'ဟုတ်တယ် အစ်ကို'

ထည့်နောက် ကျန်ရင်ကျူးနှင့် ရီဝေဆောင်တို့သည် ပျားရည်မြစ် စားတော်ဆက်မှ ထွက်ခွာလာခဲ့ကြပြီးနောက် သီရိဇေယျာ တည်းခိုခန်းဆီသို့ ဦးတည်လျှောက်လှမ်းလာခဲ့ကြသည်။

သီရိဇေယျာတည်းခိုခန်းရောက်တော့ ဟုမ်ကျင်းကို သူတို့

အခန့်သင့်ပွင့်တွေ့လိုက်ကြ၏။

သူတို့သုံးဦး သီရိဇေယျာတည်းခိုခန်း အပေါ်ထပ်လသာဆောင်ရှိ စားပွဲတစ်လုံး၌ ဝိုင်းဖွဲ့ထိုင်မိကြ၏။

သည်တွင် ရီဝေဆောင်းက မုဆိုးကြီး ဟုမ်ကျင်းအား တုံယင်း၏အဖြစ်အပျက် အခြေအနေတို့ကို အိတ်သွန်ဖာမှောက်ပြောပြလိုက်၏။

ထိုအခါ မုဆိုးကြီးဟုမ်ကျင်းမှာ ရီဝေဆောင်း၏စကားကို နဖူးကြောရှုံ့မျှ လေးလေးနက်နက် တွေးတောစဉ်းစားလိုက်သည်။

ပြီးမှ ဟုမ်ကျင်းက သက်ပြင်းလေးကြီးတစ်ချက် ချလိုက်ပြီးနောက်....

'ဒီအတိုင်းဆိုရင် တုံယင်းဟာ ညီမတို့ကို ရန်ရှာတော့မှာကြိမ်းသေတယ်၊ ဒီတော့ သူ့ကို ဒီလူပြည့်ကြီး မကွယ်ပျောက်ခင်မှာ တစ်ခါတည်း သုတ်သင်ရှင်းလင်းနိုင်မှ ဖြစ်မယ်၊ နို့မို့ဆိုရင် လပြည့်ညတိုင်း ဒီမြို့သူမြို့သားတွေအတွက် ကြမ္မာဆိုးကြီးငင်နေရမှာပဲ၊ အခုကိစ္စကိုလဲ မြို့နယ်တပ်မှူး အဲ့...စည်းကိုပြောပြရင်လဲ လက်ခံမှာမဟုတ်ဘူး'

သည်တွင် ရီဝေဆောင်းက တုန်လှုပ်ချောက်ချားသောလေသံဖြင့်

'ညီမတော့ အိမ်မပြန်ရဲတော့ဘူး၊ ဦးလေး ဒီကိစ္စဘယ်လိုလုပ်ရင်ကောင်းမလဲ'

ဟုစဉ်၍ ဟုမ်ကျင်းက ကြောက်ရွံ့ တုန်လှုပ်နေသော ရီဝေဆောင်းလံ အကြည့်ရောက်ရင်း....



'အင်း--ဟောဒီ လျှိုဝှက်နက်နဲသော ပညာရပ်များ၏ သာတံ ကျမ်းစာအရ အဲဒီလိုလူမျိုးကို သုတ်သင်နှိမ်နင်းနိုင်မယ့်လက်နက်က သီတဂူလရောင်ခေါးပဲ'

ထိုစကားကြားလိုက်ရသောအခါ ကျန်ရင်ကျူးရော ရီဝေဆောင်းပါ လှုပ်လှုပ်ရှားရှားဖြစ်သွားကြပြီး....

'ဦးလေး အဲဒီသီတဂူလရောင်ခေါးကို ဘယ်မှာရယူနိုင်သလဲခင်ဗျာ'

သိချင်ဇောဖြင့် မေးလာတော့ မုဆိုးကြီး ဟုမ်ကျင်းက စားပွဲပေါ်တွင်တင်ထားသော ကျမ်းစာအုပ်ကို သူ့ညာလက်ဖြင့် တစ်ချက်ဝှေ့ယမ်းဆုပ်ကိုင်လိုက်ပြီး....

'ဘုန်း'

'ဟောဒီ ကျမ်းစာအုပ်အရ အဲဒီ သီတဂူလရောင်ခေါးကိုကျောက်မျက်ရည်တောင်နဲ့ တစ်လ^ီလောက် ဝေးကွာတဲ့ကျောက်ဂူဟောင်းကြီးထဲမှာ ရနိုင်တယ်၊ ခရေ့....ဒီစာအုပ်ကိုမင်းယူဖတ်၊ ကဲ....အချိန်မရှိဘူး ငါတို့ ဒီကနေ့ပဲ ရှစ်မျက်နှာရှာကို ခရီးထွက်ကြမယ်၊ တော်ကြာ တုံယင်းအိပ်ရာကနိုးပြီး ငါတို့ကိုရန်ရှာဦးမယ်'

ယင်းသို့ မုဆိုးကြီး ဟုမ်ကျင်းက အကြံပြုပြောဆိုလာအခါ ကျန်ရင်ကျူးနှင့်ရီဝေဆောင်းတို့ ခေါင်းငြိမ့်ကာညီတိမိကြ၏။

သည်နောက် သူတို့သုံးဦး ရထားလုံးတစ်စင်းဖြင့် တည်းခိုခန်းရှေ့မှ စိုင်းနှင်ထွက်ခဲ့ကြ၏။

သို့ဖြင့် သူတို့သုံးဦး ခရီးနှင်လာခဲ့ကြရာ လမ်းတွင် ခရီး

တစ်ညနေ ဂိုက်နားပြီးနောက် ခရီးဆက်လာရာ မွန်းမတည့်မီ အချိန်ရောက်မှ ရှစ်မျက်နှာရွာအဝင် လူဝကြီးစားသောက်ဆိုင်သို့ ရောက်ရှိခဲ့ကြ၏။

ဟုမ်ကျင်းက လူဝကြီးစားသောက်ဆိုင်ရှေ့၌ ရထားလုံးကို ထိုးရပ်လိုက်၏။

သည်နောက် သူတို့သုံးဦး နံနက်စာစားသောက်ရန်အတွက် လူဝကြီးစားသောက်ဆိုင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။

ဆိုင်အပြင်ဘက်တွင် ခုံခင်းထားသော်လည်း နေပူသဖြင့် ဆိုင်အတွင်းသို့ သူတို့ဝင်လာခဲ့ခြင်းဖြစ်၏။

ဆိုင်ထဲရောက်တော့ ဆိုင်ရှင် လူဝကြီးမှာ မုဆိုးကြီး ဟုမ်ကျင်းကို လှမ်းမြင်လိုက်ရသည်နှင့် တပ်မိပြုံးရွှင်သော မျက်နှာဖြင့် သူတို့ထိုင်သည့် စားပွဲဆီသို့ ကမျာကယာလျှောက်လာသည်။

'ဟာ...မုဆိုးကြီးဘို ကျွန်တော်တို့ရွာကို အလည်လာတာလား'

ရင်းနှီးဖော်ရွေစွာဖြင့် ဆိုင်ရှင်လူဝကြီးက မေးလာသဖြင့် ဟုမ်ကျင်းက ပြုံး၍....

'အေးဗျာ လာလည်တယ်ပဲဆိုပါတော့ ဘယ်နှယ် ခင်ဗျားတို့ရှစ်မျက်နှာရွာရော အခုလပြည့်ညတွေ အေးချမ်းသွားပြီမဟုတ်လား'

လှမ်းမေးလိုက်တော့ ဆိုင်ရှင်လူဝကြီးမှာ ပြုံးရွှင်စွာဖြင့် ခေါင်းဆတ်ခနဲညိတ်လိုက်ပြီး....



'မုဆိုးကြီးကျေးဇူးကြောင့် မိစ္ဆာကျားဆိုးရန်က ကင်းရှင်းပြီး အခုတော့လပြည့်ညရဲ့ အေးချမ်းသာယာမှုကို အပြည့်အဝ ခံစားနေရပါပြီ၊ ကဲ....မုဆိုးကြီးတို့ကြိုက်တာ အားမနာတမ်း သုံးဆောင်ကြပါ ကျွန်တော်ဧည့်ဝတ်ပြုပါရစေ'

'ရပါတယ်ဗျာ'

သည်နောက် သူတို့သည် ဆိုင်ရှင်လူဝကြီး၏ ဧည့်ခံမှုကို ငြင်းမရသဖြင့် လက်ခံစားသောက်ပြီးနောက် ရထားလုံးဖြင့် ကျောက်မျက်ရည်တောင်ဆီသို့ ဦးတည် စိုင်းနှင်လာခဲ့သေးသည်။

သည်လမ်းခရီးလာမိတော့ ဟုမ်ကျင်းမှာ တစ်ချိန်တုန်းက သည်လမ်းခရီးကို အတူလာခဲ့မိကြသော မရှုမလှသေပွဲဝင်ခဲ့ရသော သူငယ်ချင်းမဟူရာလင်းယုန် ကျင်ယောင်ကို သတိရလှမ်းဆွတ်ပြီး စိတ်မကောင်းဖြစ်မိရလေသည်။

သို့ဖြင့် ဟုမ်ကျင်းသည် ခရီးနှင်လာခဲ့ရာ ညနေစောင်း ရောက်သောအခါ ကျောက်မျက်ရည်တောင်နှင့် တစ်လီမျှသာ ကွာလျက်ရှိသော ရှေးဟောင်းကျောက်ဂူစေတီကြီးရှေ့သို့ ရောက်ရှိလာလေသည်၊ ထိုအခါ ဟုမ်ကျင်းက ကျွန်ရင်ကျူးနှင့် ရှီဆောင်းတို့ထံ အကြည့်ရောက်ရင်း....

'ကဲ....ကျွန်ရင်ကျူးတို့ အဲဒီဂူကြီးအတွင်းထဲမှာ သိတ္တဂူလ ရောင်ခြားရှိတယ် မင်းလမ်းခရီးတစ်လျှောက်လုံး ကျမ်းစာ အုပ်ဖတ်ရှုလာတယ်မဟုတ်လား'

လှမ်းမေးလိုက်တော့ ကျွန်ရင်ကျူးက ခေါင်းဆတ်ခနဲ ညိတ်လိုက်ပြီးနောက်....

'ဖတ်ရှုလာပါတယ်ဦးခလေး'

'ငါဒီအပြင်ကနေစောင့်နေမယ်၊ မင်းတို့နှစ်ယောက်သာ ကျောက်ဂူကြီးထဲ တိုးဝင်သွားကြပေတော့'

'ဟုတ်ကဲ့'

ဟုဆိုကာ ကျန်ရင်ကျူးနှင့်ရီစေဆောင်းတို့ကျောက်ဂူကြီး အတွင်းသို့ လှမ်းဝင်ခဲ့ကြလေသည်။

ထိုအခါ ဟုမ်ကျင်းမှာ ကျောက်ဂူအပြင်တွင်တစ်ယောက် တည်းစောင့်ကျန်နေလေတော့သည်။

* * *

## အခန်း (၂၀)

## မြူမှောင်ကင်း၍လမင်းသာ

ရွှေးဟောင်း ကျောက်ဂူကြီး အတွင်းသို့ ကျန်ရင်ကျူးနှင့် ရီဝေဆောင်းတို့ ဝင်ရောက်သွားကြသည်မှာ ခြေနှေးအိုးတစ် အိုးကျက်မျှကြာသောအခါ မှိုမှိုင်စုန်းစုန်း ချုပ်ပြီး ရှေ့အရပ် ဆီက ဝိုင်းစက်ပြည့်ဝန်းသည့် လမင်းကြီး ထိန်ထိန်သာလျက် တရွေ့ရွေ့ထွက်ပေါ်လာလေ၏။

ထိုအချိန်တွင် လူရိပ်တစ်ရိပ် ရှေးဟောင်းကျောက်ဂူကြီး အဝတွင်ရပ်ထားသော ရထားလုံးဆီသို့ ဦးတည်လျက်တရွေ့ ရွေ့လျှောက်လှမ်းလာလေ၏။

ကြယ်ညင်ကို တောလုံးခေါင်မိုးတွင် လဲလျောင်းနေသော ဟုမ်ကျင်းမှာ လုံးဝမရိပ်စားမိပါချေ။

သို့နှင့် ယင်းလှူရိပ်မှာ ကိုယ်ဖော့၍ရထားလုံး အနားသို့ ချဉ်းကပ်ရောက်ရှိလာ၏။

အနားရောက်သည်နှင့် ယင်းလူရိပ်သည် ရထားလုံးအမိုး ပေါ်သို့ ခုန်ပျံတိုက်ခိုက်ရန် ရောက်ရှိလာပြီးနောက် ပက် လက်လှန်အနားယူနေသော ဟုမ်ကျင်း၏ရင်ဝတည့်တည့်ဆီသို့ ဓားလက်ဝါးပြင့်ရိုက်ချလိုက်၏။

'ယား'

'ဝိုး....'

'ဘုန်း....'

'အွန့်'

'ဘုတ်....'

ရုတ်တရက် ရန်သူ၏လျင်မြန်သွက်လက်စွာဖြင့် ပြင်းပြင်းထန် ထန်တိုက်ခိုက်လာသော လက်ဝါးရိုက်ချက်ကို ဟုမ်ကျင်းမှာ ခုခံကာကွယ်နိုင်ခြင်းမရှိတဲ့ ထိမှန်ကာ နာကျင်ရှေ့တွင်ရင်း ရထားလုံးအမိုးပေါ်မှ လွင့်စဉ်ကျရောက်သွားလေ၏။

ထိုခိုက်လရိုင်သည် ထောလုံးအမိုးပေါ်မှ ညဉ့်ငှက် တစ်ကောင်ပမာအလား ဟူးခနဲပျံဝဲလာပြီး မြေပြင်ပေါ် ပက်လက်လှန်ကျနေသော ဟုမ်ကျင်းအနားသို့ ရောက်လာ လေ၏။

ထိုစဉ်ဟုမ်ကျင်းမှာ လရောင်ဖြန့်ကျက်လွှမ်းခြုံထားသော ရန်သူ့ထံလှမ်းအကဲခတ် ကြည့်ရှုမိလိုက်၏။



ထိုအခါ....

'ဟင်....မင်း....မင်း....တုံ....တုံယင်း'

'ဟတ်....ဟား....ဟား....ဟား ကျုပ်တုံယင်းပါပဲ၊ ပိုးရုံ အတွက် ကလဲ့စားချေရသည့်လူက ဟုမ်ကျင်းဆိုတာခင်ဗျား ပဲဆိုတာ ကျုပ်ပူဘကြီးစကားသာ ဆိုင်ဝင်ရောက်စုံစမ်း ခဲ့လို့ ကျုပ်သိရပါပြီ'

'ပိုးရုံဆိုတာဘယ်သူလဲ ငါ....ငါမသိဘူး'

'ဟာ....ခင်ဗျားမသိရင် ကျုပ်ရှင်းပြရတာပေါ့ ပိုးရုံဆိုတာ ခင်ဗျားမြားနဲ့ပစ်ခွင်း ပိုက်လို့ သေဆုံးသွားရတဲ့ မိတ္တာကျားမ ကြီးလေ'

'ဟင်....ငါ့မြားချက်နဲ့ သေသွားတာ နတ်ဆိုးဆံဖြူမယ် တော်ကြီး ကွေ့ရှုလျှ သေ ကျောက်မျက်ရည်တောင်ပေါ်က မြေပုံကို ငါကိုယ်တိုင်ဖော်ကြည့်ခဲ့တာပဲ'

'ဟား ဟား ဟား နတ်ဆိုးဆံဖြူမယ်တော်ကြီးကိုခင်ဗျား လွယ်လင့်တကူသတ်လို့ရမယ်ထင်လား၊ အဲဒါ ပိုးရုံရဲ့မျက်နှာ ပေါ်ကို ခင်ဗျားတို့ အထင်လွဲသွားအောင် ကျင်ဆရာ မယ် တော်ကြီးက သူ့ရဲ့ပုံတူမျက်နှာဖုံးကို စွပ်ထားခဲ့တာဗျ'

'ဟင်....ဒါဆို ကွေ့ရှုလျှ မသေဘူးပေါ့'

'သူသေသွားတာကြာပါပြီ'

'ဘယ်သူ သူ့ကိုသတ်လိုက်တာလဲ'

ယင်းအမေးကြောင့် တုံယင်းမှာ အေးခဲသော အငိုးရိပ် တစ်ရိပ်ကို ပြုံးရယ်လိုက်ပြီးနောက်....

'ကျုပ်ဆရာကို ကျုပ်ကိုယ်တိုင်ပဲသတ်လိုက်တာပဲ ကျုပ်ကို

အယုံသွင်းပြီး အခုလိုဘဝဆိုးရောက်အောင် လှည့်ဖန်တီးခဲ့တာ လေ၊ အခုတော့ ကျုပ်မသေမချင်း ဒီဘဝမျိုးကို လျှောက် နေရဦးမယ် ဒီတော့ ခင်ဗျားအရင်တမလွန်ခရီးကနေ ကျုပ် ကိုစောင့်နေပေါ့ဟုတ်လား'

'တုံ....တုယင်း....မင်းစိတ်ကိုထိန်းပါကွာ'

'ဟား....ဟား....ဟား'

'ဝှီး'

'စွပ်'

'အား'

ပြောပြောဆိုဆိုနှင့်ပင် တုံယင်း၏ညာလက်က ဟုမ်ကျင်း ရင်ဝအတွင်းသို့ လျှပ်တပြက်ထိုးစိုက်ဝင်သွားလေ၏။

သူ့လက်ပြန် အရုပ်တွင် သူ့ညာလက်ဝါးထဲ၌ တဆတ် ဆတ်တုန်ခုန်သော နှလုံးသားအပိုင်းအစ်ခု သွေးသံရဲရဲဖြင့်ပါ လာလေ၏။

ထိုအခါ ဟုမ်ကျင်း၏ရင်ဝမှ သွေးနီများတသွင်သွင်စီးကျ လာ၏၊ ပြီးဟုမ်ကျင်းမှာ အကြောတစ်ချက်ငင်ပြီး သေပွဲသို့ မရှုမလှဝင်သွားရလေ၏။

သည်နောက် တုံယင်းသည် ရှေးဟောင်းကျောက်ဂူထဲသို့ လှမ်းဝင်လာခဲ့၏။ ထိုအချိန်တွင် ကျန်ရင်ကျူးနှင့် ရီဝေ ဆောင်းတို့ တင်ပျဉ်ခွေထိုင်လျက်ရှိသော နတ်ဘုရားရုပ်တု ကြီးရှေ့သို့ရောက်ရှိလာကြသည်၊ ယင်းကျောက်ဂူကြီးအတွင်း မှာ လရောင်ပင်ပေါ်ယှရှိသဖြင့် လင်းလင်းချင်းချင်းရှိနေ၏၊

ထုလုပ်ထားသည့်နတ်ဘုရားရုပ်ဘုကြီးမှာ အစွယ်ပြူးပြူး



နှင့်ဖြစ်၍ မြင်ရသူအဖို့ လိပ်ပြာလွင့်မတတ် ကြောက်မက်ဖွယ် ရာဖြစ်နေတော့သည်၊ ယင်းနတ်ဘုရားရုပ်တုကြီး၏ရှေ့တွင် တသွင်သွင်စီးဆင်းလျက်ရှိသော ရေစီးချောင်းတစ်ခုရှိနေ၏။

သူတို့နှစ်ယောက်သည် ရေစီးချောင်း၏လမ်းနံဘေးတွင် ရောက်ရှိနေကြသည်၊ ထိုအခိုက်မှာပင် ရေစီးချောင်း၏တစ် ဖက်ရှိကျောက်နံရံပေါ်တွင် ပုံစံတူခါးမြောင်ရှည်ကြီးများ စိုက်ထားသည်ကို ရီဝေဆောင်းက အရင်လှမ်းမြင်တွေ့လိုက် ရသည်။

ဒါကြောင့် သူမက ဝမ်းသာအားရအလေသံဖြင့်....

'အစ် ဟိုမှာခါးမြောင်တွေ'

သူမညွှန်ရာဆီသို့ ကျန်ရင်ကျူး၏အကြည့် ရောက်ရှိသွား ရပြီး....

'ဟုာ... ဟုတ်တယ်၊ ဒါဆို ဒီရေစီးချောင်းထဲကဖြတ်သွား ရမှာပဲ'

ထိုသို့ ကျန်ရင်ကျူး ပြောဆိုပြီးနောက် တစ်သွင်သွင်စီး ဆင်းလျက်ရသော ရေစီးချောင်းထဲသို့ သူ့ခြေအစုံချ၍ ရေစီး ချောင်း၏အဟိမ်အနက်ကို စမ်းသပ်ကြည့်လိုက်၏၊

'ဟာ....ရေက ခါးအထိနက်တာပဲ'

သည်နောက် သူ စဉ်ဆက်မပြတ်စီးဆင်းလျက်ရှိသောရေ စီးချောင်းကို တရွေ့ရွေ့ဖြင့်သတိထားကာ ဖြတ်ကျော်လာခဲ့ ရာ တစ်ဖက်ကမ်းဆီသို့ ကောင်းမွန်စွာရောက်ရှိခဲ့သည်။

သို့ဖြင့် သူ ကျောက်နံရံပေါ်မှ အလက်သုံးဆယ်ကျော်မျှ ပုံစံတူ အရွယ်တူထိုးစိုက်ထားသဖြင့် မည်သည့်ခါးကို နှုတ်ယူ

ရမည်မှန်းမသိ ဖြစ်နေရလေသည်။

ထိုအချိန်တွင် သူ့ဦးနှောက်ထဲသို့ လျှို့ဝှက်နက်နဲသော ပညာရပ်များ၏ သေဒ့တံကျမ်းစာအုပ်ထဲမှ သီတဂူလမ်ရောင် ဓားရွေးရမည့်စာသား ပြေးသတိရမိသည်။

ဒါကြောင့် သူသည် တိဓားများပေါ်သို့ လရောင်ပက်ဖြန်းလာမည့်အချိန်ကို စောင့်ရပ်စောင့်လိုက်သည်။

ထိုအချိန်မှာပင် ကျောက်ဂူကြီး၏ အထက်တည့်တည့်သို့ သီတဂူလမင်းကြီးမှာ ရောက်ရှိလာသဖြင့် ယင်းကျောက်ဂူကြီး အတွင်းသို့ လရောင်အလင်းတန်းထိုးဖောက်ဝင်ရောက်လာပြီး ဂူနံရံပေါ်တွင်ထိုးစိုက်ထားသော ဓားများအနက် ဓားတစ်ခု ပေါ်သို့သာရွေးချယ်၍ တန်းတန်းမတ်မတ်ကျရောက်လာလေသည်။

ထိုသို့လရောင်ထိုးကျလာသောဓားမှာလည်း မျက်စိကျိန်းမျှ ဝင်းခနဲလက်ထသွားလေ၏။

'ဟာ....တွေ့ပြီ.... တွေ့ပြီ....အဲဒီဝင်းလက်လာတဲ့ဓားဟာ သီတဂူလရောင်ဓားပဲ'

ယင်းသို့ ကျန်ရင်ကျူး ဝမ်းသာစွာ ရေရွတ်ပြောဆိုပြီးနောက် ထိုဝင်းလက်လျက်ရှိသော သီတဂူလရောင်ဓားကို ဆတ်ခနဲဆွဲနှုတ်ယူလိုက်သည်၊ သည်နောက် သူရေစီးချောင်းကိုဖြတ်လျက် တစ်ဖက်ကမ်းကိုရောက်သောအခါ....

'ဟင်....ရီဝေဆောင်းမရှိတော့ပါလား'

'ရီဝေဆောင်း....ရီဝေဆောင်း'

သူစိုးရိမ်ထိတ်လန့်စွာလှမ်းခေါ်လိုက်ရာ သူ၏ခေါ်သံမှာ



လိုဏ်ဂူထဲဝယ် ပဲ့တင်ထပ်မျှ ကျယ်လောင်စွာထွက်ပေါ်သွားလေ၏၊ ထိုအခိုက်....

'အ....အစ်ကိုရေ'

တုန်ယင်ထစ်ငေါ့စွာ အသံပြုလာသော ရီဝေဆောင်း၏ အသံကို သူကြားလိုက်ရသဖြင့်....

'ဟာ....ရီဝေဆောင်းကို တစ်ယောက်ယောက်က ဂူအပြင်ကိုဆွဲခေါ်ထုတ်သွားတာပဲ၊ ဒါဆို ဂူပေါက်ဝမှာစောင့်နေတဲ့ ဦးလေးဟုမ်ကျင်း ဘာလုပ်နေသလဲ'

ယင်းသို့ သူတွေးတောရေရွတ်ပြီး သီတဂူလရောင်ဓားကို ကိုင်ဆောင်လျက် ဂူအပြင်သို့ ပြေးထွက်လာခဲ့သတော့၏။

သို့ဖြင့် ကျန်ရင်ကျူး ဂူပေါက်ဝသို့ ရောက်သောအခါ ရထားလုံးနှင့်မလှမ်းမကမ်း၌ ရင်ဝတွင်သွေးသံရဲရဲလွှမ်းလျက် မရှူမလှသေဆုံးနေသော မုဆိုးကြီးဟုမ်ကျင်း၏ရုပ်အလောင်းကို ကြေကွဲခံပြင်းစွာ လှမ်းမြင်တွေ့လိုက်ရလေသည်။

'တောက်....ဦးလေးဟုမ်ကျင်းကို ဘယ်သူသတ်တာလဲ'

ကျန်ရင်ကျူး ထိုသို့မကျေမနပ်ဖြစ်ကာ ကြုံးဝါးပြောဆိုပြီး ဘေးဘီဝဲယာသို့ အကြည့် ဝေ့ဝဲကြည့်ရှုမိလိုက်သော အခါ....

'ဟင်....လူတစ်ယောက် သဲပုံဘက်ဆီ ရီဝေဆောင်းကိုဖမ်းခေါ်သွားပါလား'

ထိန်လင်းလျက်ရှိသော လရောင်အောက်ဝယ် လူတစ်ယောက် သူမကိုဖမ်းချုပ်၍ သဲပုံဆီသို့ အတင်းအဓမ္မဆွဲခေါ် နေသည်ကို ကျန်ရင်ကျူး လှမ်းမြင်တွေ့ရ၏။

ဒါကြောင့် ကျန်ရင်ကျူးသည် သဲပုံဆီသို့ အလျင်အမြန် ရောက်ရှိသွား၏။

အနားရောက်တော့ သူမကိုဖမ်းချုပ်ထားသူမှာ တစ်ခြား လူမဟုတ်ဘဲ သူမ၏ခင်ပွန်းဖြစ်သူ တုံယင်းဖြစ်နေကြောင်း လှမ်းမြင်တွေ့လိုက်ရသဖြင့် အံ့သြတုန်လှုပ်သွားရလေ၏။

ထိုအခါ စိတ်ဖောက်ပြန်စပြုနေပြီဖြစ်သော တုံယင်းက ကျန်ရင်ကျူးကို စူးစူးဝါးဝါးစိုက်ကြည့်ရင်း....

'ဟေ့ကောင်....ကျန်ရင်ကျူး၊ မင်းလက်ထဲကဓားကို ဟို ကျောက်တုံးပေါ်မှာ တင်လိုက်စမ်း....၊ ငါ့စကားကိုနား မထောင်ရင် မင်းရဲ့ချစ်သူရီဝေ့ဆောင်း အသက်ပျောက်သွား



ရလိမ့်မယ်'

ထိုအမိန့်စကားကြောင့် ကျန်ရင်ကျူးမှာ သူမ၏ အသက် အန္တရာယ်ကို စိုးရိမ်ကြောင့်ကြသွားရသဖြင့် သူ့လက်ထဲမှ သီတဂူလရောင်ဓားကို ခပ်လှမ်းလှမ်းရှိ ကျောက်တုံးပေါ်သို့ သွားရောက်တင်ပေးလိုက်၏။

ထိုအခါ တုံယင်းမှာ ရီဝေဆောင်းကို သဲပုံပေါ်သို့ တွန်းလှဲပစ်လိုက်ပြီး သီတဂူလရောင်ဓားတင်ဆောင်ထားသော ကျောက်တုံးကြီးဆီသို့ ခပ်သွက်သွက်လျှောက်လှမ်းသွားလေ သည်။

ထိုအခိုက် ကျန်ရင်ကျူးမှာ သဲပုံပေါ်တွင်လဲကျသွားသော ရီဝေဆောင်းထံ အပြေးအလွှားရောက်ရှိသွား၏။

ပြီး ကျန်ရင်ကျူးသည် ရီဝေဆောင်းကို လဲကျနေရာမှထူ လိုက်၏။

ထိုအချိန်တွင် တုံယင်းမှာ သီတဂူလရောင်ဓားကို ကိုင် ဆောင်လျက် သူတို့နှစ်ဦးထံသို့ ဦးတည်လျှောက်လှမ်းလာလေ သည်။

ထိုစဉ် ကျန်ရင်ကျူး ဆောင့်ကြောင့်ထိုင်နေရာမှ ရီဝေ ဆောင်းအား သူ့နောက်ဘက်သို့ ရွှေ့ကားလိုက်လေ၏။

'ဟတ် ဟား ဟား ဟား....သူရဲကောင်းကြီးဟာ ကိုယ့်ချစ် သူအတွက် အသက်စွန့်တော့မယ်ဆိုပါတော့'

ထိုသို့ တုံယင်း ဟားတိုက်လှောင်ပြောဆိုရင်း သူ့လက်ထဲ မှ သီတဂူလရောင်ဓားကို မြှောက်ပင့်လျက် ကျန်ရင်ကျူးကို ထိုးစိုက်ရန်အတွက် တရွေ့ရွေ့နီးကပ်စွာ ချဉ်းကပ်လာလေ၏

သည်။

သည်တွင် ကျန်ရင်ကျူးမှာ စိတ်ကိုတည်ငြိမ်စွာထားရင်းက တုံယင်းတိုက်ခိုက်လာမည့် အကွက်ကို စူးစိုက်ကြည့်နေမိ၏၊ ခက်သည်က သူ့နောက်တွင် ရိဒေဝဆောင်းရှိနေသဖြင့် မလွတ်မလပ်ဖြစ်နေခြင်း၏။

ဒါကြောင့် ကျန်ရင်ကျူးမှာ သူမထံသို့ အသံဖြင့် လှမ်းသတိပေးလိုက်သည်မှာ....

'ညီမ....ခပ်ဝေးဝေးသွားနေ'

'ဟုတ်ကဲ့'

ဆိုကာ သူမခပ်ဝေးဝေးသို့ ထပြေးသွား၏၊ ထိုအခိုက် တုံယင်းမှာ ခုန်ပျံ၍ ကျန်ရင်ကျူးထံ သီတဂူလရောင်ဓားဖြင့် မိုးခုတ်လာ၏။

'ယား'

'ဝှီး'

'ဟူး'

ထိုအခါ ကျန်ရင်ကျူးမှာ တစ်ဖက်သို့ မြေပေါ်လူးလိမ့်၍ ရှောင်တိမ်းလိုက်၏ ဒါကြောင့် တုံယင်း၏ဓားချက်မှာ မှန်းချက်မထိဘဲ သဲပေါ်သို့ခုတ်မိ၏။

ယင်းသို့ အရှိန်ပြင်းစွာ သီတဂူလရောင်ဓားချက်ကြောင့် သဲမှုန်များ ဝန်းကျင်တစ်ဝိုက် မှုန်မှုန်များသဖွယ် ပျံ့ဝဲလွင့်စင်လွင့်ပြုသွားရ၏၊ တုံယင်းမှာ သူ၏ဓားချက်မထိရောက်သည်ကို တွေ့ကြုံလိုက်ရသဖြင့် မြေပေါ်တွင် လူးလိမ့်နေသော ကျန်ရင်ကျူးဆီသို့ သီတဂူဓားဖြင့်ပြီးအငြိုးကြီးစွာဖြင့် မနားတမ်း



လိုက်ခုတ်၏။

'ဝှီး'

'ဒုတ်'

ကျန်ရင်ကျူးမှာ သဲကြီးမဲကြီးတိုက်ခိုက်လာသော တုံယင်း၏ဓားချက်ကို ရှောင်တိမ်းရင်းက ဝိညာဉ်ဖြူလက်ဝါးသိုင်းကွက်ကို အသုံးပြု၍ တုန့်ပြန်တိုက်ခိုက်လိုက်၏။

'ဟွင်း'

'ဝှိ'

'ဖြောင်း'

'အူး'

'ဘုတ်'

ကျန်ရင်ကျူး၏ ဝိညာဉ်ဖြူလက်ဝါးတိုက်ကွက်မှာ တုံယင်း၏ ညာလက်ကို ပြင်းပြင်းထန်ထန်ထိမှန်သွားမှုကြောင့် လက်ထိုးကိုင်ကာ သူ့လက်ထဲမှ သီတဂူလရောင်ဓား လွင့်စင်ကာ သဲပုံထဲသို့ နစ်ပျောက်ကွယ်သွား၏၊

ထိုအချိန်မှာပင် လပြည့်ညသန်းခေါင်ယံ ကျော်လာပြီမို့ တုံယင်းမှာ ကျန်ရင်ကျူးကို ဆက်လက်တိုက်ခိုက်ရင်း ကျားမာန် အတွင်းအားစိတ်ကြွဆေး ဆေးတန်ခိုးက အစွမ်းပြလာသည်။

'အီး အီး အူး အူး ဝူး ဝူး'

ထိုသို့ တုံယင်း ပြောင်းလဲနေသည့်အချိန်တွင် မည်သို့ဝင်ရောက်တိုက်ခိုက်၍ ရမည်မဟုတ်ကြောင်း ကျမ်းစာထဲတွင် ကျန်ရင်ကျူး ဖတ်ရှုထားသည်၊

ဒါကြောင့် ထိုအချိန်တွင် သဲပုံထဲတွင် လှင့်စင်နစ်မြုပ် ပျောက်ကွယ်သွားသည့် သီတဂူလရောင်ခြားကို သူတို့ အမြန်ဆုံး ရှာဖွေရမည်ဖြစ်၏။ သို့ဖြစ်၍ ကျွန်ရင်ကျူးမှာ သီတဂူလရောင်ခြား လွင့်စင်ကျသွားသော သဲပုံနေရာတွင် ဒူးထောက်ကုန်း၍ အသည်းအသန် ဒမ္ဗနှောက် ရှာနေရလေသည်။

ယင်းအခြေအနေကိုရိပ်စားမိသော ရီဒဝဆောင်းမှာလည်း ကျွန်ရင်ကျူးနှင့်အတူ သဲပုံထဲတွင် နစ်မြုပ်ပျောက်ကွယ်နေသော သီတဂူလရောင်ခြားကို စိုးရိမ်ထိတ်လန့်စွာဖြင့် ဝိုင်းဝန်းရှာဖွေပေးနေ၏။

ထိုသို့ သူတို့နှစ်ယောက် သဲပုံကြီးထဲတွင် အပူတပြင်းမွှေနှောက်ရှာဖွေနေစဉ်မှာပင် မမျှော်လင့်ဘဲ ပြောင်လက်ထနေသော သီတဂူလရောင်ခြား၏ လက်ကိုင်ရိုးကို ရီဒဝဆောင်း လှမ်းမြင်တွေ့ရသောကြောင့် ဖော်မပြနိုင်အောင်ဝမ်းသာသွားရပြီး....

'အစ် အစ်ကို....ဟို ဟိုမှာ သီတဂူလရောင်ခြား'

လက်ညှိုးညွှန်ရာဆီသို့ ကျွန်ရင်ကျူး အကြည့်ရောက်သွားရာ ...

'ဟာ....ဟုတ်တယ်'

ဟုဆိုကာ သဲပုံထဲမှ ခြားရိုးသာ မထင်မရှားပေါ်နေသော ခြားကို ကျွန်ရင်ကျူးက ကပျာကယာပြေးလွှားကောက်ယူလိုက်၏။

တုံယင်းသည် ညာကောင်းကင်ပြင်ပေါ်တွင် ဝိုင်းစက်ပြည့်



ဝန်းစွာ သာထွန်းလျက်ရှိသော သီတဂူလမင်းကြီးကို ခေါင်းမော့ကြည့်ရင်း တအားအား ဟဂူးဝူး အော်ဟစ်နေလေ၏။

သူ့လက်နှစ်ဖက်တို့မှာလည်း သီတဂူလမင်းကြီးထံ ဆန့်တန်းကာ နတ်ကျသလို တဆတ်ဆတ်ဘုန်ရီနေ၏။

ထိုစဉ်မှာပင် ကျွန်ရင်ကျူးမှာ သီတဂူလရောင်ခြားကို ကိုင်ဆောင်လျက် တုံယင်းအနားသို့ ရွေ့လျားရောက်ရှိသွားလေသည်။

အနားသို့ ရောက်သောအခါ ကျွန်ရင်ကျူးမှာ သူ့ညာလက်ထဲမှ သီတဂူလရောင်ခြားဖြင့် တုံယင်းရင်ဝတည့်တည့်ဆီသို့ ချိန်ရွယ်၍ တစ်အားကုန်ထိုးစိုက်လိုက်၏။

'ယား'

'ဝိုး'

'ရှပ်'

'အိတ်.... အား အား.... အီး အီး'

ထိုအခါ တုံယင်းမှာ စိုက်ဝင်နေလျက်ရှိသော သီတဂူလရောင်ခြားကို သူ့လက်အစုံတို့ဖြင့်ပိုက်လျက် နာကျင်ညည်းညူသံကြီးအား ကျယ်ကျယ်လောင်လောင် ဗူးဗူးဝါးဝါးအော်ဟစ်လိုက်၏။

ထိုသို့ တုံယင်း ခုန်စွခုန်စွဖြင့် နာကျင်စွာဖြင့် တခဏအော်ဟစ်ပြီးနောက် သဲပုံပေါ်သို့ အရုပ်ကြိုးပြတ်သည့်နှယ် တုန်းခနဲ ပြိုလဲကျသွား၏။

သည်နောက် တုံယင်းမှာ သဲပုံပေါ်တွင် အကြောတစ်ဆန့်ဆန့်ငင်ရင်း အသက်ထွက်သွားသည်။

ယင်းသို့ ဘ၀ဆိုးဖြင့် မရှုမလှအဆုံးသတ်သွားသော တုံ ယင်းအဖြစ်ကို ကျွန်ရင်ကျူးနှင့် ရီဂေဆောင်းတို့ အထိတ်တလန့် စူးစိုက်ကြည့်ရင်း သက်ပြင်းကိုယ်စီချမိလိုက်ကြလေသည်။

ပြီးနောက် သူတို့ လက်ချင်းယှက်လျက် အသက်ဝိညာဉ်ပျောက်ကင်းနေသော တုံယင်း၏ရုပ်အလောင်းကို ကျောခိုင်း၍ ကျောက်ဂူ၀ကြီးဆီသို့ ဦးတည်ကာ တရွေ့ရွေ့လျှောက်လှမ်းလာခဲ့ကြလေတော့သည်။

ခဲရန်အောင်

ပြီးပါပြီ။

လွင်စာပေ
အမှတ် ၁၅/၁၃၈၊ ဖြေလမ်း
တောင်ဥက္ကလာ
ဖုန်း ၂၁၀၅၄၄

မိမိငှါးရမ်းသွားသောစာအုပ်
စရိ-စုတ်ပြဲ-ပျက်စီး ပျောက်ဆုံးလျှင်
စာအုပ်တန်ဖိုးနှင့်တကွငှါးခကို
အတွက်ပေါ်ပေး လျော်ရမည်